
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နှင်းဘဝီး

ပန်းကလေးရေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၇၅၅၁၁၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၆၉၆၁၂၀၈ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၃၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၃၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |


## အခန်း (၁)

" မေမေ. . . သက်သာလား ဟင် "

ကျောင်းကပြန်လာတာနဲ့ အိပ်ခန်းထဲတန်းဝင်လာကာ စိုးရိမ်ကြီးမေးရှာတဲ့ သမီးလေးကို ဒေါ်ပန်းပွင့်သီ မွေ့ရာထက် လဲလျောင်းရာမှ ဦးခေါင်းဆတ်ဖြေလိုက်သည်။

" သက်သာတယ်သာ ဆိုတယ် မေမေ့မျက်နှာလေးက နွမ်းဖျော့လွန်းတာ "

ခုတင်ပေါ် တင်ပါးလွှဲထိုင်ကာ နဖူးပေါ် လက်တင်စမ်းတဲ့ သမီးသက်ဖဝါးနုနုလေးကို ဒေါ်ပန်းပွင့်သီ ဆုပ်တွေးကာ ရင်ဘတ်ပေါ်ဆွဲ၍ အသက်ဝအောင် ဖိရှူလိုက်ပြီး

"သက်သာပါတယ် သမီးရယ် "

" မေမေက သက်သာတယ်ပြောပေမယ့် ပန်းစိုးရိမ်တာ



www.burmeseclassic.com

www.burmeseclassic.com



မေမေရယ် ”

“ သမီးကလည်းကွယ် ”

“ ဟုတ်တယ်လေ၊ မေမေ့ကို စိုးရိမ်နေတော့ အတန်းတက်တာ စိတ်ကမပါဘူး ”

“ သမီးလေးရယ် ”

ဒေါ်ပန်းပွင့်သီ မျက်ဝန်းမှာ ကြည်နူးမျက်ရည် စို့ချင်ချင်ဖြစ်လာသည်။ ပန်းလေညှင်းဆိုတဲ့ ကလေးမလေးကို ကောက်ယူမွေးစားတာ ကံကောင်းတယ်လို့ ပြောရမလား။

ယယ်ယယ်ကတည်းက သူမကို အမေရင်းတမျှ အရိပ်တကြည့်ကြည့် ချစ်ခင်အားကိုး တွယ်တာရှာတာလေ၊ အခု တက္ကသိုလ်ကျောင်းသူဖြစ်လာတော့ ငယ်ငယ်ကထက် ပိုပြီး သိတတ်လိမ္မာလာသည်။

“ မေမေ နေ့လယ်စာ စားပြီးပြီလား ”

“ ခုလေးတင် မိပုဆန်ပြုတ်ကျွေးပြီးပြီ ”

“ ဆေး မသောက်ရသေးဘူး ထင်တယ် ”

“ မသောက်ရသေးဘူး သမီးကို စောင့်နေတာ ”

“ မေမေ့ကို ဆေးတိုက်အမီ ပန်းလာခဲ့တာပါ မေမေရယ် ”

သံယောဇဉ်ကြီးရှာတဲ့ သမီးလေးရဲ့သိတတ်မှုအတွက် ဒေါ်ပန်းပွင့်သီရင်မှာ စက္ကန့်နဲ့အမျှ ကြည်နူးချမ်းမြေ့ခဲ့ရသည်။





သူမကိုယ်ပေါ်မှ ချည်စောင်လေးအသာဆွဲ၍ သူမကိုယ်ကို ခုတင်ဘောင်မှာ မှေးထိုင်စေဖို့ ဖေးမပေးတဲ့ သမီးလေးရဲ့ ဂရုစိုက်မှုတွေကို သူမရင်မှာ ကျေနပ်စွာခံယူကာ ဆရာဝန်ညွှန်ကြားထားတဲ့ ဆေးတစ်ခွက်စာကို ဆေးပုလင်း တစ်ပုလင်းစီမှ တစ်လုံးစီယူနေတဲ့ သမီးရဲ့လှုပ်ရှားမှုတွေက သွက်လက်မြန်ဆန်လှသည်။

“ ဆေးသောက်ရအောင် မေမေရယ် ”

BURMESE CLASSIC .com

သူမ ဦးခေါင်းဆတ်လိုက်သည်။ လက်ဖဝါးပေါ်တင်ပေးတဲ့ ဆေးလေးလုံးကို ဒေါ်ပန်းပွင့်သီ ခံတွင်းထဲအသာပက်ထည့်၍ သမီးလေးကမ်းပေးတဲ့ ဖန်ခွက်ထဲမှ ရေနွေးအသင့်မြောချလိုက်သည်။

“ ဖေဖေနေ့လည်စာ ပြန်စားလား မေမေ ”

ရေသောက်ပြီးသွားတဲ့သူမလက်ထဲက ဖန်ခွက်ကို သမီးယူပြီး စားပွဲပေါ်တင်ကာမေးတော့ ဒေါ်ပန်းပွင့်သီ ဦးခေါင်းရမ်းလိုက်သည်။

“ ဟွန်း ဖေဖေနဲ့တော့ ခက်တာပဲ ”

“ ဒီနေ့ အလုပ်များနေလို့ ဖြစ်မှာပေါ့ကွယ် ”

“ ဖေဖေ အလုပ်မများတဲ့ရက် ရှိလို့လား မေမေရဲ့ ”

နှုတ်ခမ်းဖူးဖူးလေးစူပြီးမေးတဲ့ သမီးမျက်နှာပုံလေးက ချစ်စရာ။

“ သမီး ဖေဖေအကြောင်းလည်း သိသားနဲ့ ”

“ အဲဒါကြောင့် ပန်းကစိတ်ပူရတာ၊ အလုပ်များတယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်စာ စားချိန်မမှန်ဖြစ်လို့ ဟိုတလောက အစာအိမ်ပြန်ထတာလေ"

ဒေါ်ပန်းမွှင့်သီ သက်မလေးအသာချ၍ သမီးမျက်နှာဝိုင်းလေးကို ငေးကြည့်လိုက်သည်။

" နေကောင်းကာစပဲရှိသေးတယ် အခုတစ်ခါ၊ ထမင်းချိန်မမှန်တော့ဘူး၊ အဲ့ဒါကြောင့် ပန်းပြောတာပေါ့၊ ပန်း အဝေးသင်ပဲ "

" သမီးကလည်းကွယ် "

"ဟုတ်တယ်လေ၊ မေမေတို့က အတင်းပဲ ဒေးတက်ဆိုလို့ တက်ရတာ ပန်းစိတ်မချဘူး၊ မေမေနဲ့ဖေဖေ ကျန်းမာရေးကို ပန်းအရမ်းစိုးရိမ်တယ် "

" ဩော် သမီးရယ်၊ မေမေနဲ့ ဖေဖေက ဒီလောက်ကြီးလည်း စိုးရိမ်နေရတဲ့ ရောဂါရနေတာမှ မဟုတ်တာ "

" ဘာပဲဖြစ်ဖြစ် ပန်းကတော့ မေမေနဲ့ဖေဖေကျန်းမာနေတာပဲ မြင်ချင်တယ်၊ ဖေဖေနဲ့မေမေကို အချိန်ပြည့် ဂရုတစိုက် ကြည့်ပေးချင်တာပဲ သိတယ်လေ "

ပခုံးပေါ်ဖြာကျနေတဲ့ ပျော့အိတုန်ခါနေတဲ့ သမီးဆံနွယ်လေးကို ဒေါ်ပန်းမွှင့်သီ တယုတယပွတ်သပ် ပေးလိုက်သည်။

ဝမ်းမနာဘဲ မွေးရတဲ့ သမီးလေးက မိဘအပေါ် ထိုမျှ





သိတတ်နေသလို ဝမ်းနာပြီးမွေးထားတဲ့သားက သမီးလေးထက် သိတတ်အားလည်ဖို့မကောင်းဘူးလား။

ခုတော့ ဒီလိုမဟုတ်ဘူး။

သားက အချိန်ပြည့်အပြင်မှာ။ သားပြန်လာရင် မှန်တိုင်းပါလာသလားအောက်မေ့ရသည်။ အရာရာကို အလိုမကျ ဟုန်းဒိုင်းကြဲနေတတ်သော။

သားကြောင့် သူမတို့လင်မယား အစဉ်အမြဲစိတ်မချမ်းမသာခံစားရတာလေ။ ကံကောင်းလို့သာပေါ့။ သမီးလေး လိမ္မာလို့။

" မေမေဆေးသောက်ပြီးပြီဆိုတော့ ခဏအမေ့းလိုက်နော် "

" အင်းပါ သမီးရယ် "

သမီးနဲ့တွေ့ရင် ဒေါ်ပန်းမွှင့်သီ ဖယောင်းလို နူးညံ့သွားသည်သာ၊ သမီးပြုစုသလို ငြိမ်သက်စွာခံယူရင်း မွေ့ရာပေါ် အသာလှဲလျောင်းလိုက်သည်။ သမီးက စောင်ပါးလေးကို သူမရင်ဘတ်ပေါ် ရောက်အောင် အသာလွှားတင်ပေးရင်း

" ဖေဖေ့ကို နေ့လည်စာ စားဖို့ သွားခေါ်လိုက်မယ် မေမေ"

" သမီးလေး ပင်ပန်းပါတယ်ကွယ် "

" မပင်ပန်းပါဘူး မေမေရယ်၊ သမီး သွားမခေါ်ရင် ဖေဖေ စားဖို့တောင် သတိရမှာမဟုတ်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" အင်း အဲဒါလည်း ဟုတ်တာပါပဲ၊ သမီး ဖေဖေကြောင့်လည်း ခက်တယ် "

" ဘာတွေခက်နေတာလဲ သီသီရယ် "

ခင်ပွန်းသည်အသံ စီးဝင်လာတော့ သူမမျက်ဝန်းက ကြည်လဲ့လန်းဖြာသွားသည်။

" ဖေဖေ နေ့လည်စာ စားဖို့မေ့နေလို့ပေါ့ "

သမီးလေး နှုတ်ခမ်းလေး စုချွန်မြော်တော့ ဦးအောင်မြင့်နိုင် သမီးဆံပင်လေးကို ချစ်စနိုးဖွပြီး

" မမေ့ပါဘူး သမီးရယ် "

" မမေ့ဘူးတဲ့၊ ခုပဲ နေ့လည်တစ်နာခွဲနေပြီ ဖေဖေရဲ့ "

" သမီးကတော့ အချိန်ကြည့်ပြီး ပူညံပူညံလုပ်နေတာ၊ တကယ့်အမေအိုကြီးလိုပဲ "

" ဟုတ်တယ် ကိုနိုင်၊ သမီးကတော့ သီသီတို့ကို စိုးရိမ်လွန်းကဲနေတာလေ "

လက်ကိုင်သားရေအိတ်ကို စားပွဲပေါ်ပစ်တင်ရင်း ဦးအောင်မြင့်နိုင် ဖနီးသည်အပါး တင်ပါးလွှဲထိုင်နေရာမှ သမီးကို လှမ်းကြည့်လိုက်သည်။ သမီးမျက်နှာ ဖူးကြွကြွလေးက မိဘရင်ကို စမ်းရေလို့ အေးမြစေသည်။





" ဟုတ်လား သမီးရယ် "

" ဖေဖေ အစာအိမ်ပြန်ဖြစ်လာရင်ကော "

" အင်းပါ သမီးရယ်၊ အခု ဖေဖေပြန်လာပြီပဲ"

" ပြန်မလာရင် ပန်းအခု လိုက်ခေါ်မလို့ "

ဦးအောင်မြင့်နိုင် မျက်ခုံးနှစ်ဖက်မြင့်တက်သွားသည်။ ဇေါ်မန်းပွင့်သီက ခင်ပွန်းသည်ဆုပ်ကိုင်ထားတဲ့ သူ့မလက်ကို အသာဆွဲထုတ်ရင်း

" အဲဒါ ပြောနေတာပေါ့ ကိုနိုင်ရယ်၊ သမီးက ရောဂါဟောင်း ပြန်ထလာမှာကို ပြောနေတာ "

" ပြောရမှာပေါ့ မေမေရဲ့၊ ဖေဖေက ဖော့ဆတယ်လေ၊

" အင်းပါ သမီးလေးရယ်၊ ဖေဖေ သတိထားပါ့မယ်ကွယ် "

" အဲဒါဆို ပြီးရော၊ ပန်း ထမင်းပွဲပြင်လိုက်မယ် "

" သမီးသဘော "

ဦးအောင်မြင့်နိုင် ကြည်နူးစွာဆိုတော့ သမီးလေးမျက်နှာက ကျေနပ်မှုကြောင့်ပိုပြီး လှလာသလိုပင်။

" ခဏနေ့ာ် ပန်းထမင်းပွဲပြင်ပြီး လာခေါ်မယ် ဖေဖေ "

" အင်း "

ဦးခေါင်းဆတ်လိုက်တဲ့ ခင်ပွန်းမျက်ဝန်းက ကြည်နူးရွှန်းလဲ့ကာ သမီးလေးကို ချစ်မဝနိုင်အောင် ငေးကြည့်လိုက်သည်။ သမီးလေး အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



က ထွက်သွားမှ ခင်ပွန်းသည်သက်မလေးချကာ ဇနီးသည်မျက်နှာချောင်ချောင်လေးကို ကြင်နာစွာ ကြည့်သည်။

" သမီးလေးက သိပ်လိမ္မာတယ် သီသီရယ် "

" အဲ့ဒါကြောင့်ပြောတာပေါ့၊ သမီးလေးကို မွေးစားရကျိုးနပ်တယ်လေ "

" ဟုတ်တယ် သီသီ၊ သမီးလေးက ကိုနိုင်တို့ကိုယ်ပွားအစစ်လိုပဲ၊ ကိုနိုင်တော့ ကံကြမ္မာကို သိပ်ကျေးဇူးတင်တယ် "

" သီသီလည်း ကိုနိုင့်လိုပါပဲ၊ ခုလို နေထိုင်မကောင်းဖြစ်တဲ့အချိန်မှာ သမီးလေးက တယုတယနဲ့ ဂရုတစိုက် ပြုစုပေးတာတွေ ခံစားရတော့ ကံကြမ္မာကို ပိုပြီးတောင် ကျေးဇူးတင်ပါတယ်ကွယ် "

ဦးအောင်မြင့်နိုင် ဦးခေါင်းလေးငဲ့ဆတ်ညိတ်၍ ဇနီးသည်ရဲ့ ဆံနွယ်ပွပွတွေကို တယုတယသသပေးရင်း

" ဘာပဲဖြစ်ဖြစ် သမီးလေးက ကိုနိုင်တို့ရဲ့ သမီးအရင်းနဲ့ မခြားပါဘူးကွာ "

" ဟုတ်တယ်နော်၊ သမီးလေး လေးနှစ်အရွယ်ကတည်းက သီသီတို့မွေးစားခဲ့တာ သမီးအရင်းလိုပါပဲ "

" ဒါကြောင့်လဲ သမီးလေးက ကိုနိုင်တို့အပေါ် မိဘရင်းလို ချစ်ခင်ရှာတာ "





" သီသီကလည်း သမီးလေးကို ဘယ်တုန်းကမှ မွေးစားသမီးပဲဆိုတဲ့ စိတ်ဓါတ်နဲ့ဖော့ပြီး မခံစားခဲ့ဘူး။ သားကို ချစ်သလို သမီးကိုလည်း ထပ်တူချစ်တယ် "

' အင်း. . . သား "

ဦးအောင်မြင့်နိုင် လေးလံစွာ ရွတ်လိုက်သည်။

" ဘာဖြစ်လို့လဲ ကိုနိုင်"

" သားကလည်း သမီးလေးလို လိမ္မာရင် ကိုနိုင်တို့မိသားစု ဘယ်လောက်ပျော်ရွှင်စရာကောင်းမလဲ ကွာ၊ ခုတော့ "

" ဟုတ်တယ် ကိုနိုင်ရယ်၊ သီသီလည်း အဲဒါပဲတွေးနေမိတာ"

သားကြောင့် လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ နွမ်းဖျော့သလို ဖြစ်သွားရှာသည်။

" ဖေဖေရေ ထမင်းပွဲပြင်ပြီးပြီ "

သမီးအသံ စူးစူးလေးကြောင့် လင်မယားနှစ်ယောက်မျက်နှာ အရောင်ပြောင်းသွားသည်။

" လာပြီ သမီး "

ဦးအောင်မြင့်နိုင် အသံမြှင့်ပြောကာ ဇနီးသည်မှာ ခွင့်ပြုချက်တောင်းသယောင် ဦးခေါင်းလေးညိတ်ပြသည်။ ဇနီးသည်က ဦးခေါင်းဆတ် ခွင့်ပြုတော့ အသာပြုံး၍ အခန်းထဲက ပြန်ထွက်သည့် ခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



သည်ကို အမြင်တဆုံး' ဒေါ်ပန်းပွင့်သီ ငေးကြည့်ရင်း

အင်း သားအတွက် ရတတ်မအေးနိုင်တဲ့ ခင်ပွန်းသည်စိတ်ကို ထပ်တူခံစားချေပြီ။

✿ ✿ ✿ ✿ ✿



## အခန်း (၂)

" သမီး "

" လာပါပြီ မေမေ "

န်း တိုက်ရှေ့လှေ့ခါးပုခက်ပေါ် ထိုင်နေရာမှ ဆတ်ခနဲထကာ တိုက်ထဲပြေး ဝင်ခဲ့သည်။ သက်သာခါစ မေမေ့အသွင်က ဖျော့ဖျော့လေးလန်းလို့။ န်းဖျော့ရောင် သိုးမွေးအနွေးထည်လေး ဝတ်ထားတဲ့မေမေက ငေးကြည့် ချင်လောက်အောင် နုပျိုလှပဆဲ။

" မေမေ ဘာလိုချင်လို့လဲ ဟင် "

ည့်ခန်းတွင်းမှ ထထွက်ခဲ့တဲ့ ဒေါ်ပန်းပွင့်သီက သမီးမေးသံ ကြောင့် ရင်ထဲပို့ပြီး ကြည်လင်လာသည်။

" ညစာ စားကြစို့လေ "

" အင်း "

" သား ပြန်လာပလားလို့ "



www.burmeseclassic.com

www.burmeseclassic.com



" ဟင့်အင်း "

သမီး ဦးခေါင်းရမ်းခါတော့ ဒေါ်ပန်းပွင့်သီ စိတ်မသက်မသ ဖြစ်ကာ ညှော်ခန်းနံရံမှ တယောပုံနာရီကို တစ်ချက်မော့လိုက်သည် နာရီလက်တံက ညခုနစ်နာရီကိုပြနေပြီ။

" သားနဲ့တော့ ခက်တယ်ကွယ် "

" ဘာဖြစ်လို့လဲ မေမေ "

" သားက အရင်နဲ့မတူတော့ဘူးလေ "

" မေမေကလည်း အစောချည်းရှိသေးတယ် "

" စောသလားသမီးရယ်၊ ခုနစ်နာရီ ထိုးနေပြီ "

" စိတ်မပူပါနဲ့ မေမေရယ် "

သားအတွက် စိုးရိမ်လွန်းတော့ မေမေ့မျက်နှာက ပို၍ဖျော့တေ သွားသည်။

" စိတ်ပူရတာပေါ့ သမီးရယ် ညဘက်ဆိုတော့ "

" ကိုကိုက တစ်ယောက်တည်းမှ မဟုတ်တာ၊ သူ့သူငယ်ချ တွေနဲ့ပါ မေမေရယ် "

" သမီးကတော့ ကိုကို့ဘက်က အမြဲကာကွယ်နေ "

ပန်း ပခုံးလေးကျုံ့ကာ မေမေ့ကိုမကြည့်ရဲသလို ဦးခေါ လေး ဝပ်နေလိုက်သည်။





" အခုဆို ဘယ်နှစ်ရက်ရှိပြီလဲကွယ်၊ ညစာထမင်းဝိုင်းမှာ သားကို မမြင်ရတာ "

" ပန်း ပြောထားပါ့မယ် မေမေ၊ အပြင်မှာအေးတယ်လေ"

တိုက်ပြင်ထွက်ဖို့ ခြေလှမ်းနေတဲ့ မေမေ့လက်တစ်ဖက်ကို ပန်း အသာဆွဲကာ ကျန်လက်တစ်ဖက်နဲ့ မေမေ့ကို ပွေ့ဖက်လိုက်သည်။

" သားကို စောင့်မလို့ "

" ပန်းစောင့်နေတာ မေမေရယ်၊ လာပါ လေစိမ်းမိလို့ မေမေ့ ရောဂါပြန်ကြွနေလိမ့်မယ်၊ အအေးမခံရဘူးလို့ ဒေါက်တာ သေချာမှာ ထားတယ်လေ။ ကိုကို့ကို စောင့်မနေပါနဲ့၊ မေမေတို့ အရင်စားနှင့်လိုက် ပါ "

ပန်းက မိခင်ကို ထမင်းစားခန်းထဲ တတွတ်တွတ်ပြောရင်း သွင်းလာသည်။ မိပု အသင့်ပြင်ထားတဲ့ ထမင်းဝိုင်းမှာ မေမေ့ကို ထိုင်စေသည်။

" မေမေ အစပ်ဟင်း စားလို့မရသေးဘူး၊ မေမေ့အတွက် ရဲ့ဟင်းဝါရောင် ချက်ထားတယ်၊ လုံးဝအစပ်မပါဘူး "

သားအပေါ် စိုးရိမ်စိတ်ဖြစ်နေတဲ့ မိခင်အာရုံပြောင်းသွားစေဖို့ န်းက ငါးဟင်းခွက်မေမေ့ရှေ့ချပေးရင် ဆိုသည်။

" ပြီးတော့ ထမင်းလည်း ပျော့ပျော့ပဲ စားဦးတဲ့လေ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အတွက် ထမင်းပျော့ပျော့ သီးသန့်ချက်ထားတယ် ဒီမှာ
[illegible]ဖေ့အတွက် ထမင်း ''

ပန်းရဲ့လှုပ်ရှားမှုတွေက သွက်လက်လှသည်။ ပေါင်းအိုးငယ်ထဲ
က သီးသန့်ချက်ထားတဲ့ ထမင်းကို ခူးခပ်ကာ သူမရှေ့ချပေးရင်း ပြောနေ
ရှာတဲ့သမီးကို ဒေါ်ပန်းပွင့်သီ တစ်ခွန်းမှ မပြောရှာတော့။

သမီးက သားနဲ့ပတ်သက်ရင်အစဉ်အမြဲ ပေါ့ပေါ့ပါးပါး ပြောဆို
ဖျောင်းဖျခြင်းနဲ့ သူမစိတ်ပြေအောင် စွမ်းဆောင်နေတတ်တာ အခု
မဟုတ်ခဲ့။ ငယ်ငယ်ကအကျင့် ခုချိန်ထိ စွဲနေပြီထင့်။

'' ဖေဖေကော ရေချိုးခန်းထဲက မထွက်နိုင်သေးဘူးထင်တယ်

'' ထွက်ပါပြီ သမီးရယ် ''

ရေချိုးပြီးစ ကြည်သန့်နေတဲ့ ဖေဖေက စွပ်ကျယ်အဖြူရောင်
လက်တိုနဲ့ ကြည်စင်လန်းဆန်းနေသည်။

'' ထိုင် ဖေဖေ ''

''အင်း ''

ဦးအောင်မြင့်နိုင် ဖနီးသည်အပါးမှ ထိုင်ခုံမှာ ဝင်ထိုင်၍ ဟင်း
တွေကို ငေးကြည့်သည်။

ဖနီးအတွက် သူ့အကြိုက်၊ သားအကြိုက်၊ ဟင်းအမယ်
ပြင်ဆင်ချက်ပြုတ်တတ်တဲ့ သမီးလက်ရာက စားပွဲတစ်ခုလုံး အပြည့်





[illegible]င်းခွက်တွေချည်း။

'' ဖေဖေ့အတွက် ငါးဟင်းချိုချက်ထားတယ်၊ ငါးကင်နဲ့လေ၊
[illegible]ာက်ကြည့်ပါဦး ကောင်းလားလို့ ''

ငါးဟင်းချို ပန်းကန်လုံးကို ဖေဖေ့ရှေ့ ရွှေ့ပေးလိုက်သည်။
ဒေါ်ပန်းပွင့်သီက သမီးရဲ့ ပါးနပ်လိမ္မာမှုကို မျက်တောင်မခတ်တမ်းငေး
ကြည့်နေဆဲ။

ခင်ပွန်းသည်က ငါးကင်နှံ့သင်းနေတဲ့ ငါးဟင်းချိုကို တစ်
[illegible]မြည်းရင်း ဦးခေါင်းလေးဆတ်ကာ ကောင်းကြောင်းထောက်ခံလိုက်
[illegible]သည်။

''သားကိုခေါ်လေ၊ မိသားစုလက်စုံစားရင်း စကားပြောရတာ
[illegible]ခင်းပိုမြိန်တယ် သမီးရယ် ''

ဟင်းရည်သောက် ဇွန်းချရင်း ခင်ပွန်းသည်ဆိုတော့ ဒေါ်ပန်းပွင့်
သီ မျက်လွှာချလိုက်သည်။ သမီးက ဒီလိုနေရာမှာ ပါးနပ်သူပီပီ။

'' ဟိုလေ ဖေဖေ ကိုကိုက သူငယ်ချင်းတွေနဲ့ အပြင်မှာ
[illegible]းမလို့တဲ့ အဲဒါ ''

'' ဟွန်း သားကတော့ကွာ ''

ခင်ပွန်းသည် ဘဝင်မကျရှုတ်ကာ သူမနဲ့အကြည့်ချင်းဆုံသည်။

'' ကိုနိုင်ပဲ သားကိုနည်းနည်းပါးပါး ဖျောင်းဖျပါကွယ်၊ သီသိ



www.burmeseclassic.com

www.burmeseclassic.com



လည်း အဲဒီအတွက် သားကိုဘဝင်မကျဖြစ်နေတာ ”

“ ဟုတ်တယ် သားက ခုတလော ညဘက်ပါ အိမ်မကပ်ချင် တော့ဘူး ”

ပန်း နှုတ်ခမ်းလွှာလေး စေ့ပိတ်ငြိမ်သက်လျက် အုပ်ဆောင်း ထဲက ထမင်းခပ်ရင်း ဖေဖေ့ရှေ့က ပန်းပွင့်ပုံကြွေပန်းကန်ထဲ ဖွဖွထည့် လိုက်သည်။

“ သိသိလဲ ဒါပဲ စိတ်ပူရတာ ”

“ ညဘက်အပြင်ထွက်တာ ကောင်းတဲ့အလုပ်မှ မဟုတ်တာ ပြဿနာတက်ရင် ”

“ ဖေဖေရယ် ”

ထမင်းပန်းကန်ထဲ အသားဟင်း ဦးချထည့်ပေးရင်း ပန်း ခ တိုးတိုးလေး စကားဖြတ်ဆိုတော့

“ ဘာလဲ သမီး ”

“ ကိုကိုက ကလေးမှ မဟုတ်တာ ”

“ ဟေး ”

လင်မယားနှစ်ယောက် မျက်လုံးအပြူးသားနဲ့ သမီးမျက်နှာဝိုင်း ကို အကဲခတ်ကြည့်သည်။

“ ဟုတ်တယ်လေ ဖေဖေရဲ့၊ ကိုကိုက လူငယ်လေ၊ လူငယ်





တော့ သူငယ်ချင်းတွေနဲ့ သွားသွားလာလာရှိမှာပေါ့၊ ပြီးတော့ ကိုကို ာ သူများတွေလို ရန်ဖြစ်တာ ဘာညာမှ မလုပ်ဘဲ ”

“ ဘာပဲဖြစ်ဖြစ်လေ ဖေဖေတို့ စိတ်ပူရတာပေါ့ ”

“ ပန်းနားလည်ပါတယ် ဖေဖေရဲ့၊ ကိုကို ညဘက်အပြင်ထွက် တာက ကိုကိုကြိုက်နေတဲ့ ကောင်မလေးကို လိုက်နေတာ ”

“ ဟင် ”

“ အလို ”

ဒေါ်ပန်းပွင့်သီနဲ့ ဦးအောင်မြင့်နိုင်တို့ထံမှ အံ့သြတဲ့အာမေဋိတ်သံ း ပြိုင်တူထွက်လာသည်။

“ ဟုတ်တယ် မေမေတို့ချွေးမချောချောလေးရအောင် ကိုကို ားနေတာပါ စိတ်မပူပါနဲ့ ”

ပန်းက လှလှပပပြုံး၍ ပြောနေပေမယ့် ဒေါ်ပန်းပွင့်သီတို့ င်နှံမပြုံးနိုင်ရှာ ဦးခေါင်းပြိုင်တူရမ်းကာ သက်မချလိုက်သည်။

သမီးက ကလေးစိတ်ပဲလား။

ဘာကိုမှ မခံစားတတ်တာလား။

ဝေခွဲမရတဲ့ မျက်နှာနုနုပြုံးပြုံးလေးက အပြစ်ကင်းသန့်နေတဲ့ ကလေးလို။

“ စားလေ ဖေဖေ ”



www.burmeseclassic.com

www.burmeseclassic.com



ထပ်မယားနှစ်ယောက် သက်မကိုယ်စီချကာ သမီးလေးကို ပြုံးတုံ့ကြည့်မိသည်။ သမီးက ဖခင်ကြိုက်တဲ့ဟင်းခွက်တွေကို ဖခင် ထမင်းပန်းကန်ရှေ့ မျက်လွှာချကာ တိုးရွှေ့ပေးသည်။

" မေမေ စားလေ၊ စားပြီးရင် ဆေးသောက်ရဦးမှာ "

မိခင်ပန်းကန်ထဲ ငါးဟင်းအဝါရောင်ကို ထည့်ပေးရင်း ထပ်ဆင့် ဆိုမှ သမီးထံမှ အကြည့်လွှဲကာ ထမင်းတို့ကနန်း၊ ဆိတ်ကနန်း စားကြ ကြသည်။

ဦးအောင်မြင့်နိုင်တို့စိတ်က ရည်ရွယ်ရင်း တစ်မျိုး။

သား စိတ်ဝင်စားတာက တစ်ဖုံ။

သမီးလေးက ဘာကိုမှ မခံစားတတ်သေးတာလား။

" ကိုကိုကြိုက်နေတဲ့ မမက အရမ်းလှတာပဲ မေမေရဲ့၊ အိကို ကွင်းနဲ့လေ ကိုကိုနဲ့ တွဲရင် အရမ်းလိုက်ဖက်မှာ ပန်းကတော့ သဘော တူတယ် မေမေ ၊ ဖေဖေကော သဘောကျလား ဟင် "

ကလေးတစ်ယောက်လို ပေါ့ပေါ့ပါးပါးမေးနေတဲ့ သမီးစိတ် နားလည်မှုပေးရမှာလေ။

" အင်းလေ သမီးကိုကိုကြိုက်ရင် ဖေဖေတို့လက်ခံပေး ပေါ့ "





ခင်ပွန်းသည်အပြောက သူမရင်ကို နင့်ခနဲဖြစ်သွားကာ သီးသွားစေသည်။

" အဟွတ် အဟွတ် "

" ဟင် မေမေဘာဖြစ်တာလဲ "

စိုးရိမ်သံလေးနဲ့ အပါးရောက်လာတဲ့သမီးကို လက်ကာဟန့်ရင်း

"ထမင်းနင်ပြီး သီးသွားတာပါ သမီး ရတယ် "

" အဲဒါဆို ရေသောက်လိုက်လေ မေမေ "

" အင်း "

သမီး ကမ်းပေးတဲ့ ရေတစ်ဖန်ခွက်သောက်ရင်း ခင်ပွန်းသည် ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်မိသည်။ ခင်ပွန်းသည်က နားလည်သယောင် ဦးခေါင်းလေး ဆတ်ကာ တိတ်ဆိတ်စွာ စားသောက်တော့သည်။

သမီးက ကလေးဆန်လွန်းတယ်ကွယ်။

သားကို အစ်ကိုရင်း တစ်ယောက်ထက် ပိုခံစားမှုမျိုးမရှိတာ လား။ ဒါမှမဟုတ် ခန့်မှန်းအကဲခတ်လို့မရအောင် သမီးက ပိပိရိရိ ဟန်ဆောင်နေတာလား။

ဒေါ်ပန်းပွင့်သီ အတွေးမဆုံးနိုင်တော့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

" ပန်းကော မိပု "

"ဟို မီးဖိုခန်းထဲမှာ "

"ဘာလုပ်နေလဲ မြန်မြန်ခေါ် "

" ဟုတ် ဟုတ်ကဲ့ ကိုလေး "

ကိုကို အသံနောက်မှာ မိပုရဲ့ မရဲတရဲ အသံလေးပျံ့ဝင်လာသည်နှင့် အစိမ်းကြော်ကြော်ဖို့ ပဲသီးစိမ်းလှီးနေဟန် ပန်း ချက်ချင်းရပ်တန့်ကာ လက်သုပ်ပဝါကောက်ကိုင် လက်သုတ်ရင်း ညှဲ့ခန်းဆီ ခပ်သွက်သွက်ထွက်သည်။ မိပုက ပန်းကို မျက်ရိပ်ပြရင်း မီးဖိုခန်းထဲ ဝင်သွားသည်။

မိပုမျက်ရိပ်ကို ပန်းနားလည်တာပေါ့။

ကိုကိုက အပြင်ကဝင်လာတာနဲ့ ပန်းကိုမမြင်ရင် မေးမယ်။ ပန်းကို တွေ့ရင်လည်း မျက်ခုံးချည်း တွန့်ကျုံ့ကာ ခပ်နှိမ်နှိမ်ကြည့်မယ်။ ကြည့်ပြီးမှ ခိုင်းချင်ရာခိုင်းမယ်၊ အဲဒါ ကိုကိုအကျင့်။





ခုလည်း

မျက်ဝန်းထောင့်ကပ်ကြည့်ကာ မျက်နှာထားရှုတင်းတင်းနဲ့ အပေါ်ထပ်တက်ဟန်ပြင်ပြီးမှ မတက်ဘဲ

" အထဲမှာ ဘာလုပ်နေတာလဲ "

" ဘာမှ မလုပ်ပါဘူး ကိုကို "

ဖေဖေနဲ့မေမေရှေ့မှာ ပန်း ကလေးတစ်ယောက်လို ဆိုးနွဲ့လို့ ရပေမယ့် ကိုကို့ကို ဆိုးနွဲ့ဖို့နေနေသာသာ ကိုကိုဟောက်သမျှ ကိုကိုပြောသမျှ ဦးခေါင်းလေးငုံ့နေရတဲ့ ကျေးကျွန်သဖွယ်။

ပန်း ကိုကို့မျက်နှာထား ကို မော့မကြည့်ရဲပါ။ မော့ကြည့်ရင် ကိုကိုမကြိုက်ဘူးဆိုတော့ မျက်လွှာ ချခေါင်းငုံ့နေရတာ အကျင့်ပါနေပြီ။

" ဘာမှ မလုပ်ရင် အထဲမှာ ဘာတရားကျင့်နေလဲ "

ကိုကိုက ဒီလိုပါပဲ။ ပြောသမျှ ငြိမ်ခံနေလိုက်ရင် စကားကြောရှည်တော့။

" မေမေကော "

" ဖေဖေနဲ့ ဆေးခန်းသွားတယ် "

" ငါရေချိုးမယ် ရေနွေးစပ်ပေး "

" ဟုတ်ကဲ့ ကိုကို "

ပန်းကို ရှုံ့တွတွကြည့်ပြီး အပေါ်ထပ်တက်သွားတဲ့ ကိုကို့နောက်မှ ပန်း



www.burmeseclassic.com

www.burmeseclassic.com



ညှင်းသာသာခြေလှမ်းနဲ့ အပေါ်ထပ်တက်ခဲ့ရသည်။

ကိုကိုက တစ်မျိုး ရေချိုးတာတောင်ရေနွေးကို ကိုယ်တိုင်စပ်ပြီး ချိုးချင်လောက်အောင် ဆိုရှယ်ကျကျနေချင်တဲ့သူ။

အင်းလေ ကိုကိုက သိန်းထောင်ပေါင်းများစွာ ကြွယ်ဝချမ်းသာတဲ့ ဖေဖေမေမေတို့ရဲ့ တစ်ဦးတည်းသောသား။

ပန်းက မွေးစားခံရတဲ့သမီး။

အခြေအနေချင်း မတူဘူးဆိုတာ ပန်း သိပါတယ်။

" ရေပူပူ မစပ်နဲ့ "

" ဟုတ်ကဲ့ ကိုကို "

ကိုကို အဝတ်လဲခန်းထဲ ဝင်သွားတော့၊ ပန်းရေချိုးခန်းထဲ ဝင်ခဲ့ရသည်။ ကိုကိုအခန်းမှာ ရေချိုးခန်းအိမ်သာ စာဖတ်ခန်း၊ အိပ်ခန်း အပြည့်အစုံရှိတာလေ၊ ကိုကို့အခန်းက ဖေဖေတို့နေတဲ့အခန်းထက် အစစ အရာရာ ပြည့်စုံသည်။

ကိုကို့အခန်းကို ဘယ်အိမ်စေမှ ဝင်ခွင့်မရ။ ကိုကိုအလုပ်မှန် သမျှကို ဘယ်သူလုပ်ပေးပေး စိတ်တိုင်းမကျတာ ငယ် ငယ်ကတည်းက ကိုကို့အကျင့်။

ဒါကြောင့် ကိုကိုစိတ်ကျေနပ်အောင် ပန်းခေါင်းငုံ့ခံလုပ်ပေးခဲ့ တာ ပန်းသိတတ်စ လုပ်ကိုင်တတ်စကတည်းက။





အဲဒါကြောင့် ထင်သည်။ ကိုကိုအလုပ်မှန်သမျှကို ပန်း ဒိုင်ခံ လုပ်ပေးလာတာ ခုချိန်ထိ။ နောင်လည်း ဒီလိုပဲ လုပ်ပေးရမယ် ထင်၏။ ရေချိုးကြွေခွက်ထဲ ရေပူရေအေးမျှအောင် ပိုက်ခေါင်းနှစ်ခုကို ပြိုင်တူ ဖွင့်ထားလိုက်သည်။

ရေချိုးကြွေခွက် ရေပြည့်လုနီးမှ ပိုက်ခေါင်းနှစ်ခုပိတ်ပြီး ရေထဲ သို့ လက်ချောင်းလေးနှစ်စမ်းကြည့်တော့ ရေပူများတာကြောင့် ရေအေးပိုက် ပြန်ဖွင့်ပြီး အနေတော်အောင် ရေအေးစပ်ရသည်။

ရေအေး ပိုက်ပြန်ပိတ်တဲ့အချိန်မှ ကိုကိုက ရေချိုးခန်းထဲ ရောက်လာသည်။

" ရပြီ ကိုကို "

အပြင်က ပြန်လာတဲ့အနီတဲ့ အဖြူစင်းလေးတွေပါတဲ့ စပို့ရှပ် ချွတ်ထားတဲ့ကိုကိုရင်ခွင်ဖြူဖြူပေါ်မှာ အမွှေးအမှင် စိမ်းစိမ်းစိုစိုတို့က အမြင်မရှိုင်းစေတဲ့အပြင် ကြည့်ရလှပနေသည်။

" ဘာကြည့်နေတာလဲ "

ကိုကို့ အသံစူးစူးကြောင့် ပန်း လန့်ဖြန့်သွားသည်။ ကိုကို့ ရင်ခွင်မှ အကြည့်ခွာပြီး

" ဘာမှမကြည့်ပါဘူး "

" သွားတော့ "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ကဲ့ ကိုကို ရေအချိန်ကြာကြီး စိမ်မနေနဲ့ဦးနော် "

" အောင်မာ ငါ ထုချလိုက်ရ "

ကိုကိုလက်သီးဆုပ် ချိန်ရွယ်လိုက်တော့ ပန်း ဖက်လေးပုကာ ဦးခေါင်းဝပ်ဆင်းသွားသည်။

" ငါ့ကို ဆရာလာ မလုပ်နဲ့ "

" မေမေ သတိပေး ပြောခိုင်းလို့ပါ "

" မပြောနဲ့ သွားတော့ "

" ဟုတ်ကဲ့ "

ပန်း ဦးခေါင်းဆတ်က ရေချိုးခန်း တံခါးဆွဲပိတ်ရင်း အခန်းပြင် ထွက်ခဲ့သည်။ ကိုကို ချွတ်ထားတဲ့ စပို့ရှပ်ကို ကိုကို့မွေ့ရာပေါ်မှ ကောက်ပြီး အောက်ထပ်ပြန်ဆင်းရသည်။ အဝတ်ကို ကိုကို အဝတ်အညစ်ထည့်တဲ့ခြင်းတောင်းထဲထည့်ပြီး ထွက်တော့

" မမပန်း "

မီးဖိုခန်းထဲက မိပုအသံကြောင့် ပန်းခြေလှမ်းက မီးဖိုခန်းဆီ ရွေ့ခဲ့ရပြန်သည်။

" ပြော မိပု "

" အစိမ်းကြော် လာကြည့်ဦး "

" အေး နေဦး ကြော်လိုက်ပြီလား "





" အင်း "

" နူးသွားရင် ကိုကို မစားတော့ဘူး မိပုရဲ့ "

" မနူးသေးဘူး မမပန်း ဒီမှာကြည့် "

မိပုက စတီးဇွန်းနဲ့မွှေ၍ ခပ်ပြသည်ကို ပန်း ကြည့်၍ ခေါင်းညိတ်လိုက်သည်။

" ကိုကိုက ခပ်စိမ်းစိမ်းမှ ကြိုက်တာမိပုရဲ့။ ဒီလောက်ဆို ပြီ သိလား "

" အင်းပါ။ မိပု မှတ်ထားပါ့မယ် "

မိပုက ပန်းတို့နဲ့ရွယ်တူလောက်ပဲ။ ပန်းလို အရပ်မြင့်သွယ်သွယ် မဟုတ်ဘဲ ပုပုလုံးလုံးချစ်စရာလေး။

ပန်း ကျောင်းတက်တော့ အချက် အပြုတ်ကိစ္စ အလျှင်မမှီမှာစိုးလို့ မေမေ ကိုယ်တိုင် ပွဲစားတွေက တစ်ဆင့် ခေါ်ယူထားတာ တစ်လပင် မပြည့်သေး။

ပန်း နိုင်းသမျှတွေ သေသေချာချာ လုပ်တတ်လို့ ပန်း စိတ်ချပြီး ကျောင်းသွားနိုင်တာဖြစ်သည်။

နောက်ဆို ချူချာလွန်းတဲ့ မေမေ့ ကို ပန်း စိတ်မချနိုင်ဘူးလေ။

" ကိုလေးအတွက် ဘာလုပ်ဦးမလဲ မမ "

"ကြက်ဥဟင်းတို့ကြော်မယ် ၊နေ နေ ပန်းပဲ ကြော်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



" မိပု ထမင်းပွဲပြင်လိုက်။ ခဏကြာရင် မေမေတို့ ရောက်လာတော့မှာ "

ဒီနေ့တော့ မိသားစု မျက်နှာချင်းဆိုင် ထမင်းလက်ဆုံစားရမှာလေ။ ကိုကို ဒီနေ့ စောစောပြန်လာတာကိုး။

" မေမေနဲ့ဖေဖေ စိတ်ပျော်သွားမှာပဲ မိပုရဲ့ "

ပန်းက ပန်းအတွေးကို တတွတ်တွတ်ပြောရင်း ကြည်နူးနေမိသည်။

" ဟုတ်တယ်နော် မမ။ ကိုလေး နေ့တိုင်း စောစောပြန်လာရင် သိပ်ကောင်းမယ်။ အပုတို့လဲ အလုပ်စောစော ပြီးတာပေါ့။ နောက်ဆုံး ကိုလေးကို စောင့်ရတာ အပုတော့ စောင့်ရတာချည်းကို စိတ်မရှည်ဘူး အလိုလို မောလာတယ် "

" ပန်းက မောတယ်လို့လဲ မဟုတ်ဘူး စောင့်ဆိုတော့လည်း စောင့်ပေါ့ မဟုတ်ဘူးလား "

ဒယ်အိုးထဲ ဆီလောင်းထည့်ရင်း ပန်း ပေါ့ပါ့စွာပြောတော့ မိပုက မျက်လုံးလေးဝင့်ကာ

" မမ မစောင့်ရင် ကော "

" ဆူခံရမှာပေါ့ "

" ဟွန်း အစ်ကိုလေးက တစ်မျိုးချည်းပဲနော်။ အိမ်မှာဘာအလုပ်မှ ဝိုင်းမကူပဲနဲ့ "





" အမလေး ရှုး တိုးတိုးပြော။ ကြားသွားရင် မိပုကို ခုချက်ချင်း မောင်းထုတ်လိုက်မှာ "

" ဘာဖြစ်လို့ "

" အဲလို ပြောတတ်တဲ့ အလုပ်သမားတွေကို ကိုကို မောင်းထုတ်နေကျ။ နောက် အဲလို မပြောနဲ့ မိပုရယ် "

မိပု နှာခေါင်းလေးတွန့်ကာ ကြွေပွင့်ပါတဲ့ထမင်းအုပ်ဆောင်းထဲ ပေါင်းအိုးထဲက ထမင်းတွေခပ်ထည့်ကာ ငြိမ်သက်နေလိုက်သည်။ ဒယ်အိုးထဲ ဖောက်ထည့်ထားတဲ့ ကြက်ဥဟာပ်ဘွိုင်ကို ပန်းကန်ပြားထဲ ပန်း ဆယ်၍ ထမင်းပွဲမှာ နေရာချလိုက်သည်။

" ဒီတိုက်မှာ မြဲချင်ရင် ကိုကို ဘာပြောပြော ပြန်မပြောပါနဲ့ ကွယ် နော် "

မိပု ဦးခေါင်းဆတ်မှ ပန်း စိတ်ထဲပေါ့ပါးသွားသည်။ ဘာကြောင့် မှန်းမသိ ပန်း စိတ်က ကိုကို့စိတ်ကို အစဉ်အမြဲ လိုက်လျော နေတတ်ခဲ့တာလေ။

" ပန်း "

" ရှင် ကိုကို "

ထမင်းစားဝိုင်းမှာ ပေါ်လာတဲ့ကိုကိုက ရေချိုးသန့်စင်ပြီးအဝတ်



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် ဝတ်စုံလေးနဲ့တောက်ပနေသည်က ပန်း ငေးခနဲ ဖြစ်သွား
စေသည်။

" မေမေတို့လာရင် ပြောလိုက် ငါ ဒီည အပြန်နောက်ကျ
မယ်လို့ "

" ဟင် "

" ဘာ ပြုံးကြည့်နေတာလဲ "

" ဟို ဟို မေမေတို့ကို စောင့်လိုက်ပါလား။ ဒီမှာ ညစာ
အသင့်ပြင်ထားပြီးပြီ။ မေမေ တို့လာရင် တစ်ခါတည်းစားပြီးမှ သွားပေ
ကိုကိုရယ် "

ပန်း စကားလုံးတွေနောက်မှာ ကိုကို မျက်နှာက ညှိုခနဲ မှော
ကျကာ ပန်းကို လျှာရှည်ရန်ကော ဆိုတဲ့အကြည့်စူးစူးနဲ့ စိုက်ကြည့်
" နင် ဒီတိုက်မှာ ဆက်မနေချင်ဘူးလား "

ပန်းက စေတနာနဲ့ပြောတာကို ကိုကိုက နားမလည်ဘူးထင်
" နေ နေ ချင်ပါတယ် ကိုကို "

" နေချင်ရင် လျှာရှည်တဲ့အကျင့်ဖျောက် "

ကိုကို့စကားသံနောက်မှာ ပန်းနှုတ်ခမ်းလျှာစေ့ပိတ်လိုက်ရသည်

" နေရာတကာ ဆရာမလုပ်ချင်နဲ့ ပန်းလေညှင်း "

" ဟုတ်ကဲ့ ကိုကို "





ပန်း မျက်လွှာချကာ တိုးတိုးပြောလိုက်မှ ကိုကိုလှည့်ထွက်သွား
သည်။ ကိုကို့ကိုယ်မှာ ဆွတ်ဖြန်းထားတဲ့ ရေမွှေးနံ့က ပန်းစိတ်ကို ချော့
နေတာလားကွယ်။

ကိုကို့ပုံရိပ်လေး ကွယ်ပျောက်သွားပေမယ့် ရေမွှေးနံ့က စက္ကန့်
ပေါင်းများစွာ ပန်းအာရုံမှာ မွှေးပျံ့နေဆဲ။

မိပုက ကြောက်ရွံ့ဟန်လေးနဲ့ ပန်းကိုကရုဏာသက်စွာ ငေး
ကြည့်ပြီး

" မမပန်းကိုတောင် မျက်နှာသာမပေးရင် မိပုတို့ဆိုရင်တော့
လေး မတွေးရဲစရာချည်းကွယ် "

မိပု ကြောပြင်လေး ကော့သွားသလို ကိုကို့ကို ကြောက်အား
လေး ဆိုရှာသည်။

" ဟုတ်တယ် မိပုရယ်၊ ပန်းက ကျင့်သားရနေပါပြီ၊ မိပုသာ
ထားပါကွယ် "

" စိတ်ချပါ မိပုက မမပန်းကိုလည်း ချစ်ခင်နေမိပြီလေ။
ကြောင့် ကိုလေးအပြစ်မမြင်အောင် ဆင်ခြင်ပါ့မယ် မမပန်းလည်း"

" နားလည်ပါတယ် မိပုရယ်၊ ပန်းလည်း သတိနဲ့နေရတာပါ
န်းဘဝက ကိုကိုလိုသွေးသားမှ မဟုတ်တာ "

နှစ်ယောက်သားတစ်ယောက်ကိုတစ်ယောက် မျှဝေခံစားနေမိ



www.burmeseclassic.com

www.burmeseclassic.com



[illegible] သောက်က ဘဝသမားပါ ကိုကိုရယ်။

ဘဝတစ်ခု လုံလုံခြုံခြုံရှိစေဖို့ ပန်းအစဉ်ခေါင်းငုံ့နေပါ့မယ်ကွယ်

✿ ✿ ✿ ✿ ✿



## အခန်း (၄)

" သမီး ကိုကိုမနိုးသေးဘူးလား "

နံနက်စား စားပွဲမှာဝင်ထိုင်သည်နှင့် ဖေဖေမေးတော့ ဖေဖေ [illegible]ကွက် ပန်းကော်ဖီ ငုံ့ထည့်မပျက်ဘဲ။

" နိုးလောက်ပြီထင်တယ် ဖေဖေ "

" နိုးရင်ခေါ်လိုက်ပါ သမီးရယ်၊ ခုတလော နေ့ရောညပါ [illegible]မျက်နှာကို မမြင်ရတာ ဘယ်နှစ်ရက်ရှိနေပြီလဲကွယ် "

မေမေက ဖေဖေ့ဘေးထိုင်ခုံမှာ ဝင်ထိုင်ရင်း ခပ်ဖျော့ဖျော့ [illegible]ရှာသည်။

" ဟုတ်တယ်၊ သိ ကျန်းမာရေးမကောင်းသေးလို့ ကိုနိုင် [illegible]ာင့်ထားတာ၊ သားပုံစံကို ဘဝင်မကျတော့ဘူးကွာ "

" ကိုနိုင်ရယ် သီသီလည်း ကျန်းမာရေးကောင်းနေပြီပဲ၊ သား [illegible] ဆုံးမစရာရှိရင် ဆုံးမပေါ့လို့ "



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားရေးကောင်းခါစ မေမေ့အသွင်က ပုံမှန်အတိုင်းကြည်

ကြည်သင်သင် ရှိရှာသည်။ မေမေ့အတွက် ပန်း ကော်ဖီငှဲ့ထည့်ပေး

" ကိုကိုက မေမေတို့ထင်သလောက် မဆိုးပါဘူး မေမေရယ်

" သမီး မေမေတစ်ယောက်လုံး နေမကောင်းတာ သိသိချည်

နဲ့ တစ်ချက်ကလေး ခေါင်းထိုးမကြည့်တာ ဖေဖေတို့ဘယ်လိုခံစား

မလဲ သမီး "

ဖေဖေ့မျက်နှာပြင်က ခံပြင်းမှုကြောင့် အနည်းငယ်တင်း

သည်။

" ညဆိုလည်း ဘယ်အချိန်ပြန်လို့ ပြန်မှန်းမသိ. မနက်ဆိုလည်း

ထချင်တဲ့အချိန်ထ၊ ဆိုးတာက မိဘနဲ့မျက်နှာချင်းမဆိုင်တာလေ သမီး

" သမီး ကိုကို့ကို မြန်မြန်သွားနှိုးချေ "

" သားနဲ့ ဒီမနက် တွေ့ရမှဖြစ်မယ်၊ သမီးကိုကိုကို

ဖေဖေတွေ့ချင်တယ်လို့ သွားခေါ်ခဲ့ "

ဖေဖေနဲ့မေမေရဲ့ အပြန်အလှန်ဘဝင်မကျဖြစ်နေတဲ့ စကား

တွေနောက်မှာ ပန်းစိတ်ညစ်ရပါ၏။

ကိုကိုနဲ့တော့ ခက်ပါဘိ။

ညကလည်း တစ်ချက်တီးမှ ပြန်ရောက်လာတယ်၊

တို့မသိအောင် ပန်းဖုံးဖိ၊ လိမ်ညာရပေါင်း များလှပြီ။





အခုလည်း အိပ်ကောင်းနေမှာ သေချာသည်။ ပန်းနှိုးတာနဲ့

ကိုပြဿနာရှာဦးမှာ၊ ပြဿနာရှာလည်း ရှာပေါ့၊ ဖေဖေနဲ့မေမေက

ခိုင်းတာဆိုတော့။

" ကိုကို "

အပြာရောင် ဇာပွင့်ခြင်ထောင်လေးတွင်းမှာ ကိုကိုက အိပ်မော

ကျနေဆဲ၊ ပန်းခေါ်လိုက်မှ ကိုကို့ကိုယ်က တစ်ဖက်စောင်းလှဲ့ကာ ဖက်လုံး

[illegible]ကြီးပေါ် ခြေခွတင်လိုက်တဲ့ ကိုကိုက ပန်းနဲ့ကျောခိုင်းအိပ်သလို

ဖြစ်သွားသည်။

ပန်း ဦးခေါင်းတစ်ချက်ကုတ်ရင်း စိတ်ညစ်စွာကြည့်သည်။

[illegible]ချင်ရာဖြစ်စေတော့၊ ဇာခြင်ထောင်ကို မ၍ ကိုကို့ပခုံးကို အကြိမ်

[illegible]လှုပ်နှိုးမိတော့သည်။

" ကိုကို ထတော့၊ ကိုကို ထတော့လေ၊ ကိုးနာရီ ထိုးနေပြီ "

တစ်ကိုယ်လုံး လှုပ်ခါခံရသလို အသံစူးစူးတရစပ် တိုးဝင်

[illegible]သည်။

သူ့ မျက်လုံးဖွင့်လို့မရအောင် အိပ်ချင်စိတ်က စေးပိတ်ထားဆဲ။

" ဘာလဲ ကွာ "

" ထတော့လို့ "

" မထဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဟာ ဖေဖေက ကိုကို့ကိုတွေ့ချင်လို့တဲ့ နံနက်စာ စားဝိုင်းမှာ စောင့်နေတာ မေမေရော "

" စောင့်ပစေကွာ "

" ကိုကိုနဲ့တော့ ခက်တယ်၊ ဖေဖေဆူလိမ့်မယ် "

အိပ်ချင်စိတ်လွှမ်းနေတဲ့ သူ့အာရုံမှာ တဂျီဂျီပြောသံက နား[…] သံမှုန်တွေထည့်ပြီး အကျုပ်ခံရသလို ခံရခက်လာသည်။

" ဆူပစေကွာ "

" ဟို ဟိုလေ "

" နင်ဘာဖြစ်နေတာလဲ ပန်းလေညှင်း "

သူ သည်းမခံချင်တော့၊ ဝုန်းခနဲထကာ ပန်းလေညှင်းကို ကြည့်[…] နေသော မျက်ဝန်းချင်းဆုံအဝေ့မှာ သူ့ရင်မှဖေါ်သလိုင်း ခတ်သွား[…] သည်။

" ဖေဖေကလေ "

ကြောက်ရွံ့သံလေးနဲ့ မျက်လွှာချလိုက်တဲ့ ပန်းကို သူစူးစိုက်[…] ကြည့်တော့ စကားသံထစ်အ ပြတ်တောက်သွားသည်။

ကြည်လင်တဲ့အသားအရေမှာ စပန့်သားဂါဝန်အနီရဲ[…] ဝတ်ထားတဲ့ ပန်းက သူ့မျက်ဝန်းမှာ ပြူထွက်စနေလုံးကို ကြည့်ရသ[…] လင်းဖြာသွားသည်။



" ဘာမှ မပြောနဲ့ သွားတော့ "

" ဟုတ်ကဲ့ ကိုကို "

မျက်နှာထားနဲ့ဖိပေါက်တာတောင် လေသံဖျော့ဖျော့လေးနဲ့ […]ရိုကျိုးကျိုး ခေါင်းငုံ့ထွက်သွားတဲ့ ပန်းလေညှင်းကြောင့် သူ့ဆက်အိပ်ချင်စိတ်မရှိတော့။

အပြာပွင့်ကြီးတွေပါတဲ့ ခြုံစောင်ကို ကိုယ်ပေါ်မှခွာ ပြီး ခုတင်ပေါ် […] စိတ်ရှုပ်စွာဆင်း၍ နာရီကိုမော့ကြည့်မိသည်။

ကိုးနာရီအတိ။

ဖေဖေနဲ့မေမေကြောင့် ခက်တယ်။ သူ့အိပ်ရေးဝအောင် မအိပ်[…]တဲ့အတွက် ဘာကိုမှအမြင်မကြည်နိုင်အောင် ပန်းလေညှင်းနောက်က ခြေသံပြင်းပြင်းနင်းထွက်ခဲ့သည်။

ပန်းက ကိုကို့ခြေသံကြားကတည်းက ခကျာထဲစိမ့်ခနဲအေးလာ[…]ည်။ ဖေဖေ၊ မေမေနဲ့ ကိုကိုကြားမှာ ပန်းက မြေစာပင်လား။

" သားကော နိုးခဲ့ပြီလား "

" ဘယ်မှာလဲ သမီးကိုကို "

ထမင်းစားခန်းထဲဝင်သည်နှင့် ဖေဖေနဲ့မေမေ ဆီးမေးတော့ […]နောက်ဘက် အသာစောင်းငဲ့ကြည့်ကာ ပါလာကြောင်း အသိပေး[…]သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းနောက်က ပါလာတဲ့သားကို မြင်သည်နှင့် ဦးအောင် မြင့်နိုင် ဒေါ်ဖန်နွင့်သီ နှာခေါင်းလေးမဲ့သီမသာ တွန့်ကာစိတ်ပျက်သလို မျက်နှာ အရောင်ပြောင်းသွားသည်။

အိပ်မှုံစုံမွှားသားက မျက်နှာပင်မသစ်ရသေး။ ညအိပ်ဝတ်စုံ အဖြူရောင်ဖားဖားနဲ့ အိပ်ချင်မပြယ်သလို မျက်ဝန်းကို လက်ဖမိုး ဖိပွတ်ရင်း ထိုင်နေကျခုံမှာ ဖခင်နဲ့မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။

ဦး အောင်မြင့်နိုင်ရဲ့ ခေါင်းကို ဘဝင်မကျရမ်းခါသွားစေသည်

" သားကို ဖေဖေအားမရဘူးကွာ "

" သား ဘာလုပ်နေလို့လဲ "

သူ့အသံ မာဆတ်ဆတ်ကြောင့် ဦးအောင်မြင့်နိုင် မျက်ခုံး ကျုံ့ကြည့်ကာ မျက်ဝန်းအရောင်ရင့်လာသည်။

" သား ဘာလုပ်နေလဲ ဟုတ်လား ဘာမှမလုပ်ရင် ညအချိန် ဘယ်မှာ သွားဖြုန်းနေလဲကွ "

" ဟာ ဖေဖေတို့ကြောင့် အဲဒါခက်တယ် "

" ဘယ်လို နေဖင်ယော် "

" ဟုတ်တယ်လေ၊ သား လူငယ်ပဲ လွတ်လွတ်လပ်လပ်နေခွင့် ရမှ "

" တော်စမ်း"





ဖေဖေ ပိတ်ပြောတော့ ကိုကိုက နှုတ်ခမ်းမဲ့ကာ မမှုသလိုမျက်နှာ လေးနှင့်။

" ဘာလဲ ဖေဖေ၊ သားက ဖေဖေ့သားအရင်းပါ "

" ဟေ "

သားက ဘာကိုရည်ရွယ်ပြီးပြောတာလဲ။ လင်မယားနှစ်ယောက် မျက်ဝန်းချင်းဆုံကာ မျက်ခုံးတွေမြင့်တက်သွားကုန်သည်။

" ဘယ်လို သား "

" သား ဘယ်လိုပြောတာလဲ "

ခက်ရင်းကိုကိုင်ကာ ပူတင်းဖေါင်းဖေါင်းထဲ သူ့ဆတ်ခနဲ ထိုးစိုက် လိုက်သည်။ ပူတင်းက သူ့ခက်ရင်းမှာ သီလျက် ထိုပူတင်းကို သူလှည့် တ်ကြည့်ကာ မျက်နှာအရောင်က ပူတင်းအရောင်လို ဖြူဝါဝါ ပြောင်း သွားပြီး

" ဟုတ်တယ် ဖေဖေ၊ သားက လူငယ်၊ ဖေဖေတို့ရဲ့သားအရင်း။ လောက်တော့ အခွင့်အရေးပေးရမှာပေါ့ "

" ဟာ သားအယူအဆ မှားနေပြီ ကွ "

" သား မမှားဘူး၊ သား ဘာလုပ်လုပ် ဖေဖေတို့အပြစ်ချည်း ပြင်နေတာက မှားနေတာ "

ဟင်း ပြောနေတဲ့စကားလုံးက မိဘနှစ်ပါးရင်ကို ခပ်ပြင်းပြင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဆောင့်သလို ခံရခက်သွားစေသည်။ ကျွန်းမာခါစ ဒေါ်ပန်းပွင့်သီက နလုံးရောဂါ ပြန်ကြွလာချင်သလိုလို။ ရင်မှာ အောင့်တက်လာသည်။ မိသားစုကြားမှာ ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ပျာယာခတ်နေသည့် ပန်းလေညှင်း ရင်ဘတ်ကို လက်နဲ့ဖိကာ မျက်နှာရှုံ့မဲ့နေတဲ့ မေမေ့ကိုကြည့်ပြီး ပန်း သနားလာသည်။

" ကိုကိုကလည်း ဖေဖေပြောတာက "

" နင့်ပါးစပ်ပိတ်ထား ပန်းလေညှင်း "

အခြေအနေကို ဝင်ထိန်းဖို့ ပန်းကြိုးစားပေမယ့် ကိုကို့ဒေါသမျက်ဝန်းက ပန်းမျက်နှာပေါ် ဖြာကျလာပြီး

" ငါတို့ မိသားစုကြားမှာ နင်ဘာမှ ဝင်စွက်ဖက်စရာ မလိုဘူး"

" သား "

မေမေ့အသံ အတော့ကို ပျော့က ယူကြုံးမရ ဖြစ်လျက်။

" သား ညီမလေးကို ဒီလို စိမ်းစိမ်းချည်း မပြောရဘူးလေ"

" ဘာ ညီမလေးလဲ၊ မေမေတို့တာသာ မေမေတို့ ကောက်ယူမွေးစားတာ၊ သားမှာ ဘာညီမမှမရှိဘူး "

" တောက် "

ဦးအောင်မြင့်နိုင် သည်းမခံနိုင်တော့။ သမီးအပေါ် အစဉ်အမြဲ စိမ်းကားရင့်သီးကာ ခွဲခြားခွဲခြား ဆက်ဆံတဲ့ အတ္တစိတ်က တစ်နေ့တခြား





အညွန့်တလူလူ ဖြစ်လာတာမြင်ရတော့ ခံပြင်းဒေါသက ထောင်းခနဲ သားကို လက်သီးနဲ့ ဆုံးမလိုက်ချင်တော့၏။

" ဖေဖေကလည်း "

ဖေဖေ့ဒေါသကို ဆွဲတားကာ ပန်းရင်ခွင်မှာ ပွေ့ပိုက်ထားမိသည်။

" လွှတ်စမ်း သမီးရယ်၊ ဒီလောက် မိုက်ရိုင်းတဲ့ သားကို ဖေဖေဆုံးမရမယ်လေ "

" ဟင့်အင်း ဖေဖေရယ် ကိုကိုပြောတာ မှန်ပါတယ်၊ ပန်းက ဖေဖေတို့ မွေးစားတာလေ၊ မေမေက ကိုကိုတစ်ယောက်တည်းကို မွေးထားတာ၊ ကိုကို့မှာ ညီမမှ မရှိတာ၊ ကိုကိုက ပန်းကိုညီမရင်းလို မချစ်နိုင်တာ ကိုကိုမမှားပါဘူးဖေဖေရယ်၊ ကိုကို့ကို မဆူပါနဲ့နော် "

" နင်အခုမှ ဟိုဘက်ဖား၊ ဒီဘက်ဖားလုပ်မနေနဲ့၊ နင့်ကိုယ်နင် သိရင် ငါတို့မိသားစု ဒီလိုစိတ်ဝမ်းကွဲအောင် နင်မျက်နှာပြောင်နေနေဖို့ မသင့်ဘူး၊ နားလည်လား "

လက်ထဲက ခက်ရင်းကို လွှတ်ချပြီး ပြောကာ ဖေဖေတို့ရှေ့မှ မျက်နှာထားတင်း ပြောင်ပြောင်ချည်းနဲ့ ထထွက်သွားတဲ့ ကိုကို့ကို ဖေဖေ အံတကြိတ်ကြိတ် ဖြစ်နေရှာသည်။

မေမေ ခေါင်းလေးရမ်းကာ ပန်းကို သနားစဖွယ်မျက်နှာလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



[illegible]စွာ ကြည့်သည်။

" သားကို ချစ်လို့မရတော့ဘူး ကွာ "

ဖေဖေက လက်သီးကျစ်ကျစ်ဆုပ်ထွေးကာ ကျစ်ခဲခဲရွတ်၍ နံနက် စာမစားဘဲထထွက်သွားသည်။

" ဖေဖေ "

ပန်း ဖေဖေ့လက်ကိုဆွဲထား၍

" ဖေဖေ မနက်စာ စားပါဦး ဖေဖေရယ် "

" စားချင်တဲ့စိတ်မရှိတော့ဘူး သမီးရယ် "

ပန်းဆွဲထားတဲ့ကြားက ထွက်သွားတဲ့ဖေဖေ့ကို ပန်းစိတ်မချမ်းမြေ့စွာ ကြည့်မိသည်။

" သမီးရယ် သမီးက လိမ္မာသလောက် သားက သားက "

ပန်းကိုချစ်မြတ်နိုးစွာကြည့်ရင်း မေမေ စိတ်မချမ်းမြေ့စွာ အစ်စို့စို့ ပြောကာ ဖေဖေ့နောက် လိုက်ထွက်သွားပြန်သည်။

" မေမေရယ် "

ပန်းရင်မှာ မေမေတို့ချစ်ခြင်းကြောင့် အစဉ်ကြည်နူးခဲ့ရပေမယ့် ကိုကိုကြောင့်။

ဟင့်အင်း ပန်းထိခိုက် ခံစားနေစရာ မလိုပါဘူး။

ကိုကို ဘယ်လိုပဲ သတ်မှတ်ပါစေ၊ ပန်းကျေနပ်ပါတယ်လေ။

✿ ✿ ✿ ✿ ✿



## အခန်း (၅)

" နေ "

လက်မောင်းဆုပ်ကိုင် လှုပ်ခါခေါ်တဲ့ အသံချိုချိုကြောင့် သူအသိဝင်လာသည်နှင့်၊ လိမ္မော်ရောင် ဝါစွေသော ဖက်ရှင်နဲ့ အကြည့်မလွှဲချင်လောက်အောင် ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးထံမှ အကြည့်ခွာလိုက်သည်။

" နေ ဘယ်သူ့ကို ငေးနေတာလဲလို့ "

" မငေးပါဘူးကွာ "

" မငေးရင် နေ့မျက်လုံးက ဘာဖြစ်လို့ မှန့်မျက်နှာပေါ်မှာမရှိရတာလဲ လို့ "

မျက်လုံးကို အမိအရ စိုက်ကြည့်ရင်း သူ့လက်မောင်းကိုတွဲခိုမေးလာတဲ့ မှန့်ကို သူ့ရင်မှာ ဖြေဖို့အဖြေအဆင်သင့်မရှိပြီ။

" ပြောလေ နေရဲ့ "

ညှညှုတုတုလေးနဲ့ ပခုံးတိုက်မေးတဲ့ မှန့်အတွေ့က သူ့ရင်ကို



www.burmeseclassic.com

www.burmeseclassic.com



မခုန်စေတာ ဘာကြောင့်လဲ။

" မှုန် ကင်န်တင်းသွားမယ်ဆို "

" နေစကားလမ်းကြောင်း မပြောင်းနဲ့လေ "

" မှုန် ဆာနေမှာစိုးလို့ "

" ဟွန်း နေအနားမှာရှိနေရင် မှုန်ဘာမှ မဆာဘူး နေရဲ့"

ချွဲကျိကျိအသံက သူ့စိတ်ကို ရာနှုန်းပြည့် ဖမ်းစားနိုင်စွမ်း မရှိတာက သလင်းမှုန်အလှမှာ ဖျားယောင်းမှုများစွာ လွှမ်းကဲပျော်ဝင်နေလို့လား။

" ဒါနဲ့ နေ့ကိုမေးရဦးမယ် "

" မေးလေ "

" မှုန့်ကို နေ့နှလုံးသားမှာ ဘယ်လောက်တောင် ခံစားမိလဲ ဟင် "

သူမျက်ခုံး ပင့်ကာ မှုန်နှုတ်ခမ်းလွှာကို စိုက်ကြည့်လိုက်သည်။

" နေ မညာရဘူးနော် "

နီရောင်မြန်းသယောင် မိတ်ကပ်မျက်နှာပေါ်မှာ ငွေရောင်တောက်တောက် နှုတ်ခမ်းဆေးဆိုးထားတဲ့ သလင်းမှုန်ရဲ့ ချယ်သပုံက အမြင်မရိုင်း၊ ထူးထူးခြားခြားလှနေသလို ဖြစ်ပေမယ့် သူ့စိတ်က မပျော်ဝင်သလို။





" မှုန်ကတော့ နေ့ကို ပြစရာစကားလုံးမရှိအောင် ခံစားရတယ် သိလား "

" နေလည်း မှုန့်လိုပဲ ထင်တယ် "

" ဟွန်း နေပြောနေပုံချည်းက "

" ဟုတ်တယ် မှုန်ခံစားရသလိုပဲ ထင်တယ်၊ ဒါကြောင့် မှုန့်ကို ချစ်သူအဖြစ် ရွေးမိတာလေ "

" တကယ်လား "

" တကယ်ပေါ့ "

" အဲဒါဆို ဘာဖြစ်လို့မှုန်ကားပေါ်က ဆင်းလာတာကို မမြင်ဘဲနဲ့ တခြားကောင်မလေးတွေကို ငေးနေရတာလဲလို့ "

ကုံကော်ပင်အောက် ခုံတန်းမှာ ဝင်ထိုင်တော့ ငွေရောင်လက်တက်တက်ပါတဲ့ ကိုယ်ကြပ်ဖက်ရှင်ဝတ်ထားတဲ့ မှုန့်ကိုယ်လုံးအိအိလေးက သူ့ရင်ခွင်ဆီ မှီနွဲ့တိုးဝင်ကာ သူ့မျက်နှာကို မော့ကြည့်ရင်းမေးတော့ သူ မသိမသာ သက်ပြင်းမချလိုက်မိသည်။

မှုန့်ကိုရပ်စောင့်နေပေမယ့် သူ့မျက်ဝန်းမှာ မှုန့်ကိုမမြင်၊ လိမ္မော်ရောင် ဝါစွေတဲ့အလင်းရောင်ဟပ်သွားစဉ် သူ့မျက်ဝန်းက ထိုမိန်းကလေးဆီ ရောက်ရှိနစ်မျောသွားတာလေ။

ခြေလှမ်းလေး လှမ်းလိုက်တိုင်း ကြော့ကြွတဲ့ ဟန်အနေအထားနဲ့ရမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားကာ မြင်လိုက်တဲ့မျက်ဝန်းတိုင်း စွဲကပ်ငြိတွယ်နိုင်လောက်အောင် သံလိုက်အားပါလွန်းတဲ့ မိန်းကလေးရဲ့ လှိုက်ဖိုဆွဲငင်မှုက ဘာဖြစ်လို့ ဒီလိုမိန်းကလေးမှာ ရှိနေရတာလဲ။

ဖူးကြွအိစက်နေတဲ့ မျက်နှာဝိုင်းလေးပေါ်မှာ အချယ်အသ အပြင်အဆင်ကင်းလျက်။ ကကြိုး ဆံစပ်အောက်က နဖူးပြေပြေ။ စိမ်းစို ကာ အဖျားလေးကွေးနေတဲ့ မျက်ခုံးတန်းလေးအောက်က အရည်ကြည်လဲ့ နေတဲ့ မျက်ဝန်းညိုကို ရှည်လျားကော့စိပ်တဲ့ မျက်တောင်ဝိုင်းနေသည်က ပန်းချီဆရာ လက်စွမ်းပြ ခြယ်ထားတဲ့ ညို့မျက်ဝန်းလို။

ဖြောင့်စင်းကာ ကျစ်လျစ်တဲ့ နှာခေါင်းလုံးချွန်ချွန် ဆေးရောင် မတင်ထားတဲ့ နှုတ်ခမ်းလွှာ ပိပိပြည့်ပြည့်လေးက ပန်းဆီရောင်သမ်းကာ မေးဖျားပြေမို့နေပုံလေးက တစ်ချက်ကြည့်လိုက်သည်နှင့် အတန်ကြာ ငေးမောသွားစေလောက်အောင် ခံစားမှုဖြစ်စေသည်က ထူးခြားစင်ကြယ် တဲ့ အလှတစ်ပါးနှယ်။

ပခုံးတိုက်ဆံပင်ပျော့နွဲ့နွဲ့လေးကို ဒီအတိုင်းချကာ လိမ္မော် ရောင်ရှေ့ကွဲ လည်ပင်းဟာဟာဖက်ရှင်နဲ့ အချယ်အသကင်းလျက် ဆွဲအား ပါပါလှနေသည်က သူ့ရင်ကို တင်းခနဲဖြစ်ကာ မိန်းမူသွားစေသည်။

စာသင်ခန်းဆီ ဦးတည်သွားနေတဲ့ မိန်းကလေးကို ဘယ်အချိန် ထိ သူငေးနေသည်မသိ။ မှုန်က သူ့လက်မောင်းကို ဆုပ်ခါလှုပ်ကိုင်လာ





" ပြောလေ နေ မှုန့်ကို မမြင်တာ ဘယ်ကောင်မလေးကို ငေးနေလို့လဲလို့ "

" အိမ်က ကောင်မလေးပါ "

" ဘယ် ဘယ်အိမ်က ကောင်မလေးလဲ "

" မှုန် မသိပါဘူးကွာ "

" နေက မှုန်သိအောင် ပြောမှပေါ့ "

"မှုန် သိဖို့ မလိုပါဘူးကွာ "

" ဘာဖြစ်လို့ "

" အိမ်မှာနိုင်းဖို့ မေမေတို့မွေးစားထားတာ "

မှုန့်မျက်ဝန်းလေး အရောင်တစ်မျိုးပြောင်းသွားပြီး

" မွေးစားတာ "

" ဟုတ်တယ် ငယ်ငယ်ကတည်းက အခုဆို နေတို့လိုပဲ ဘွဲ့သို့လှမ်းတက်နေပြီ "

" ဟင် နိုင်းဖို့ခေါ်ထားတာ ကျောင်းနေခွင့်ပေးစရာလားလို့"

" မေမေတို့က သည်းနေတာလေ "

" ဟော နေ အဲဒါတော့ မှုန်မကြိုက်ဘူး နိုင်းတဲ့မိန်းကလေးကို အနှိုတန်းတူထားတာ ဟွန်း နေ့မိဘက ဘယ်လိုချည်းလဲ "



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းလေးတရှုံ့ရှုံ့နဲ့ နမျှောသလိုရှုတ်နေတဲ့ မှန့်ကို သ အပြစ်မြင်ချက်။ ဟုတ်တယ်လေ သည်းလွန်းတာ။

သည်းလွန်းတဲ့အတွက် မေမေတို့လမ်းပေါ်က ကောက်ယူမွေ ထားတဲ့ ကလေကချေမိန်းကလေးက သလင်းမှုန်လို အဆင့်အတန်းရှိ အရှိန်အဝါကြီးလွန်းတဲ့ သူဌေးသမီးထက် လှပကာ ဆွဲဆောင်မှုရှိနေတ က သူ့စိတ်မှာဘယ်လိုမှ ဘဝင်မကျနိုင်။

"နေလည်း အဲဒါပဲ မေမေနဲ့ဖေဖေကို မကျေနပ်တာ"

"ကြည့်လည်း ထားဦးနော်၊ တော်ကြာ နေ့ကိုညာကြဲလိုက် ဖြင့် မှန့်အသည်းကွဲနေရမယ်"

မသိမသိုင် သဝန်တိုနေတဲ့ မှန့်စိတ်ကို သိခွင့်ရတော့ သူ့ခပ်တင် တင်းလေးပြုံးပြီး

"မှန့်ရယ် စိုးရိမ်စရာမဟုတ်ဘဲနဲ့ကွာ"

"စိုးရိမ်တာပေါ့"

"ဘာဖြစ်လို့လဲ မှန့်"

"ဩော် နေ့ ဖေဖေနဲ့မေမေက အရေးပေးတယ်ဆိုတော လမ်းပေါ်က ကောက်မွေးထားလို့ လူဖြစ်လာတဲ့ မိန်းကလေးက ကာ တတ်လာပြီး"

စိုးရိမ်လွန်ကဲစိတ်နှင့် နှုတ်ခမ်းလေးတဆူဆူဖြစ်နေတဲ့ မှန့်





ငွေရောင်ဆေးချယ်နှုတ်ခမ်းသားလေးကို သူ့လက်ညှိုးလေးနဲ့ တော့ပိတ်ကြင် နာကာ

"ပန်းလေညှင်းက နေ့ကို မော့ပြီးတောင် မကြည့်ဝံ့ဘူး မှန့်ရဲ့"

"ဟုတ်လို့လား"

"မှန့်က နေပြောတာ မယုံတာလား"

"မယုံတာတော့ မဟုတ်ဘူးနေရယ်"

"ဒါဆို ဘာဖြစ်လို့လဲ"

"ပန်းလေညှင်းရဲ့စိတ်ကို နေဘယ်လောက်ထိ ခန့်မှန်းနိုင်မှာ သဲလို့"

"မှန့်ဆိုလိုတာက"

"ဟုတ်တယ်လေ နေ့ရှေ့မှာ ခေါင်းငုံ့နေပေမယ့် အတွင်းစိတ် တစ်ခုခုကို ကြိတ်ကြံနေမှုဖြင့်"

"မှန့်ရယ် ပန်းလေညှင်းကြံတိုင်း ရမယ်ထင်လို့လား"

"သိဘူးလေ"

"သတ္တိရှိရင် ကြံကြည့်ပါစေလေ"

သူ တီရှပ်ကော်လာအောက်မှ ကြည်သီးဖြူဖြူလေးကို မှန့် ဆီ ကစားရင်း



www.burmeseclassic.com

www.burmeseclassic.com



" နေက ဘယ်လိုလုပ်မှာလဲလို့ "

" ပန်းလေညှင်း နေတို့ဂေဟာထဲက ခြေထောက်နဲ့တင်မကဘူး လက်နှစ်ဖက်ထောက်ပြီး ခွေးလိုလေးဘက်ပြေးသွားရမှာပေါ့လို့ "

" တကယ် "

" အင်း "

မျက်ခုံးလေးပင့်ကာ မှုန့်နဖူးပေါ် လက်သီးဆုပ်ဖွဖွနဲ့ ညင်သာသာထုရင်း ကျီစယ်ကာ ခေါင်းဆတ်လိုက်တဲ့ နေ့အမူအရာက မှုန့်စိတ်ကို ယုံကြည်သွားစေသည်။

" ဒါဆို နေက ပန်းလေညှင်းကို လုံးဝ စိတ်မဝင်စားဘူးပေါ့ "

" စိတ်ဝင်စားဖို့တဲ့၊ မေးတတ်လိုက်တာ မှုန်ရယ် "

" သိဘူးလေ "

" သွားစမ်းပါ လမ်းပေါ်က ကောက်ထားတဲ့ ကလေးကလေး မိန်းကလေးကိုများ နေ စိတ်နဲ့နေဆို ခြိမ့်ပြင်ဆွဲပစ်လိုက်တာ ယယ်ယယ်တည်းက "

" အခုဆိုရင်ကော "

" အဝီစိတွင်းထဲ ပစ်ချလိုက်ချင်တာ "

" ဒီလောက်တောင်ပဲလား နေရယ် "

" ဒီ့ထက်ပိုတယ် မှုန် "





ချစ်သူစကားက မှုန့်ရင်ကို ကျေနပ်မှုဖြစ်စေသည်။

ဟုတ်တယ်လေ။ ကောက်ယူမွေးစားထားတဲ့ မိန်းကလေးက နေနဲ့တန်းတူ အခွင့်အရေးရဖို့ လုံးဝ မဖြစ်သင့်ဘူးလေ ။

ဖြစ်နိုင်ရင် နေနဲ့အတူ မှုန်ပါ ပန်းလေညှင်းကို အဝီစိတွင်းထဲ တွင်ပစ်လိုက်ချင်ရဲ့။

မှုန်အခွင့်အရေးရတဲ့အခါပေါ့ ပန်းလေညှင်းရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

" မေမေ "

မျက်နှာချိုချိုနဲ့ ဖက်လှဲတကင်းပြုတဲ့ သားအသံလွင်လွင်က တစ်ခုခု တောင်းဆိုတော့မယ်ဆိုတာ ဒေါ်ပန်းပွင့်သီ သဘောပေါက်နေပြီလေ။

" ပြောလေ သား ဘာလိုချင်လဲ "

နေဖင်ယော်၊ မျက်ခုံးလေးပင့်ကာ မေမေကိုယ်လုံးနွဲ့နွဲ့ကို တင်းကျပ်ကျပ်လေး ချစ်စနိုးဖက်ကာ မေမေပခုံးပေါ် ခေါင်းမှေးတင်လိုက်သည်။

" သား ဘာလိုချင်နေလဲဆိုတာ မေမေသိသားနဲ့ "

" သိတာပေါ့၊ မေမေ့ သားအကြောင်း မေမေသိတာပေါ့လို့ "

" မေမေပြောပုံချည်းက "

" ဟုတ်တယ်လေ။ သားတစ်ခုခု တောင်းတော့မယ်ဆိုရင်





မေမေနားမှာ ပက်ကျိတစ်ကောင်လို တွယ်နေတာလေ "

" ကျစ် "

သူ့ရင်မှာ မှုန်ကုတ်သွား၏။ အရောင်ပြောင်းသွားတဲ့ သားမျက်နှာကိုကြည့်ရင်း

ဒေါ်ပန်းပွင့်သီ ကြည်နူးစွာ ပြုံးပြီး

" မဟုတ်လို့လား သားရယ် "

" တော်ပြီ မေမေ့ပြောပုံချည်းက "

ထွေးပွေ့လာတဲ့ မေမေ့ရင်ခွင်မှာ ခံပြင်းစွာ သူရုန်းထွက်ကာ အခန်းထောက်တိုင်ဆီဖက်မှာ ပြောင်းထိုင်လိုက်သည်။ စိတ်ကောက်လွယ်တဲ့ သားကို ဒေါ်ပန်းပွင့်သီ အချစ်ပိုစမြဲ။

" ဩော် သားရယ် သားကနောက်ပိုင်း အိမ်မကပ်တာလည်း သတိထားပါဦး "

" မေမေသားကို အပြစ်တင်နေတာလား "

ဆူပုပ်အောင်လုပ်ထားတဲ့ သားမျက်နှာကို ငဲ့စောင်းကြည့်ပြီး

" အပြစ်တင်တာ မဟုတ်ပါဘူး သားရယ် "

" အပြစ်မတင်ချင်ရင် မပြောနဲ့ပေါ့လို့ "

" ပြောစရာရှိတာတော့ ပြောရမှာပေါ့သားရယ်၊ ကျောင်းဖွင့်ချိန်ကစည်းက သားမျက်နှာကို ဖေဖေနဲ့မေမေအချိန်မှန် မမြင်ရတာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ညစာလည်း ပြန်မစားဘူး၊ ညည့်နက်သန်းခေါင်မှ ပြန်လာတယ်၊ မနက်
ဆိုလည်း မိသားစု ကော်ဖီဝိုင်းမှာ သားကို မမြင်ရဘူးလေ ''

ခပ်အေးအေးလေး ပြောပြနေတဲ့ မေမေ့အသံက သူ့ရင်မှာ
ဆူးသေးသေးလေးနဲ့ ထိုးနေသလို မျက်ရှုရှုဖြစ်လာသည်။

'' အဲဒါ အပြစ်ဖြစ်နေလား မေမေ ''

'' သားရယ် သားကိုမမြင်ရတော့ ဖေဖေနဲ့မေမေ စိတ်ပူရတာ
လဲ ငဲ့ဦးမှပေါ့ လို့ ''

'' မေမေတို့ပြောလိုက်ရင် ဒါချည်းပဲ ''

အသံမာချည်းနဲ့ပြောပြီး ထရပ်လိုက်တဲ့သားကို ဒေါ်ပန်းပွင့်သ
ဖျောင်းဖျပြောဆိုလို့ ရပါ့မလား။ သားအပါး ကြင်နာစွာတိုးကပ်သွားက
သားပခုံးကို သိုင်းဖက်ပြန်ထိုင်လိုက်စေပြီး ၊

'' မေမေ့မှာ သားတစ်ယောက်တည်းရှိတာလေ ''

'' အဲဒါဆို ဘာဖြစ်လို့ သားကို ဖိပြောနေတာလဲ မေမေ
သားလိုချင်တာ တစ်ခါတည်းပေးလိုက်တော့ မေမေ၊ သား သူငယ်ချ
တွေနဲ့ ပဲခူးဆင်းဖို့ အချိန်ကပ်နေပြီ ''

ပလက်တီနမ်ကြိုးပြားလေးတပ်ထားတဲ့ နာရီဝိုင်းလေးကိုကြည့်
ရင်း သူ စိတ်မရှည်သလို ပြောလိုက်မိသည်။ ဒေါ်ပန်းပွင့်သီ သားဘေး
ထိုင်ချကာ သားလက်ဖဝါးနှစ်ဖက်ကို ဆုပ်ကိုင်ထားရင်း ၊





'' သား ခုတလော လည်တာချည်းပဲ ပြီးတော့ ငွေတွေလည်း
တအားသုံးတယ် ''

'' သား ဒီလောက်တော့ သုံးခွင့်ရှိရမယ် မေမေ ''

'' ဟင် သားဘာကိုဆိုလိုတာလဲ ''

'' မေမေမွေးထားတဲ့သားက သုံးပိုင်ခွင့်မရှိဘူးလား ''

မလိုအပ်ဘဲ ရန်လိုနေတဲ့ သားမျက်နှာပေးက ဒေါ်ပန်းပွင့်သီ
ရင်ကို မွန်းကြပ်စေတာ အမှန်ပင်။

'' သားကို မေမေစိတ်ကြိုက်သုံးခွင့်ပေးထားတာ၊ ဒါပေမဲ့
သားသုံးတဲ့ ပမာဏ သိပ်များလာပြီလေ။ တစ်ချို့ရက်တွေမှာ သားနှစ်သိန်း
ကို တစ်ထိုင်တည်း သုံးပစ်လိုက်တာလေ ''

'' လိုအပ်ရင် သားသုံးမှာပဲ မေမေ ''

'' ဟင် ''

ဒေါ်ပန်းပွင့်သီ ရင်ဘတ်ဖိကာ

'' သားမှာ ဘာလိုလို့လဲ မေမေအားလုံး ပြည့်စုံအောင်
ထားပေးတယ်လေ ''

'' မေမေက သားကိုစာရင်းတွက်နေတာပေါ့ ''

'' စာရင်းတွက်တာမဟုတ်ဘူး သား။ လူတစ်ယောက်အနေနဲ့
အဲသလောက်ငွေသုံးများနေတာ မရိုးသားတော့ဘူး ''



www.burmeseclassic.com

www.burmeseclassic.com



- တာ "

မယုံသင်္ကာမျက်ဝန်းနဲ့ ကြည့်လာတဲ့မေမေ့ကို သူနားမလည်သလို ပြန်ကြည့်မိပြီး

" မေမေသားကို သိပ်အထင်သေးလွန်းတယ်ဗျာ "

" သားကို မေမေအထင်သေးနေတာ မဟုတ်ဘူး၊ သား ပျက်စီးမှာကို မေမေစိုးရိမ်နေတာ သားရယ် "

" တော်ပြီ မေမေက သားကိုစိုးရိမ်တယ်ဆိုတဲ့စကားလုံးနဲ့ သားရဲ့လွတ်လပ်မှုကို ချုပ်ကိုင်ချင်နေတာ သားသိတယ် "

" မဟုတ်တာပဲ သားရယ် "

" ဘာလို့ မဟုတ်ရမှာလဲ မေမေ၊ ပန်းလေညှင်း ဘယ်လောက်သုံးသုံး မေမေတစ်ခွန်းမှ မပြောဘဲနဲ့ သားကိုကျတော့. . . "

" တော်စမ်း. . . သားရယ် "

တစ်ဖက်သတ် အမြင်ကျဉ်းမြောင်းလာတဲ့ သားစိတ်ကို ဒေါ်ပန်းပွင့်သီ ဒေါသဖြစ်ချင်လာသည်။

" မတော်နိုင်ဘူး မေမေ၊ ပန်းလေညှင်းထက် သုံးခွင့်ရှိတယ် လွတ်လပ်ခွင့်ရှိရမယ် မေမေ၊ သားကို မေမေ မွေးထားတာလေ၊ မေမေ မမွေးထားတဲ့ ပန်းနဲ့သားကို တန်းညှိမနေပါနဲ့မေမေရယ် "

" သား ဘယ်လိုဖြစ်လို့ သမီးအပေါ် အမြင်စောင်းနေတာ





သဲကွယ် "

" သား အမြင်စောင်းနေတာမဟုတ်ဘူး၊ မေမေနဲ့ဖေဖေကိုယ်တိုင် အမြင်စောင်းနေတာ "

" ဘုရား. . . ဘုရား "

ဒေါ်ပန်းပွင့်သီ သားရဲ့ တင်းတင်းမာမာစွပ်စွဲသံချည်းကို မခံဆန့်ခံရကာ ဘုရားတလိုက်မိသည်။

" ပြောရက်လိုက်တာ သားရယ်၊ မေမေနဲ့ဖေဖေက သားကို သမီးထက်ပိုပြီး ချစ်ရတာပါ ကွယ် "

" ဘာချစ်တာလဲ မေမေ၊ သားကို ချစ်တယ်ဆိုရင် ဘာဖြစ်လို့ အကြောင်းရှာပြီး ပြောနေတာလဲ၊ မေမေ့သမီးကို မေမေပြောပေါ့"

ဒေါ်ပန်းပွင့်သီ ဦးခေါင်းတရစ်ပ် ရမ်းကာ ဆိုဖာပေါ်မှာ မှေးမှိုင်လိုက်မိသည်။

ထိခိုက်လွယ်တဲ့စိတ်က ရှိရင်းစွဲနှလုံးရောဂါကြောင့် ပိုပြီး နာကျင်ချင်ချင်ဖြစ်လာသည်။

" မေမေ့သမီးက ကာဋ္ဌေရှစ်ဆယ် သူဌေးသမီးလား၊ ညစ်ပတ်ပေနေတဲ့ အင်္ကျီတစ်ထည်တည်းနဲ့ ဒီတိုက်ထဲ ခေါ်သွင်းလာတဲ့ လမ်းဘေးက ကလေးတစ်ယောက်က ဘယ်နည်းနဲ့မှ သားနဲ့တန်းတူ မဖြစ်သင့်ဘူး မေမေ ခုတော့ ဒီလိုမဟုတ်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဆောင်ဝါတော့သားရယ်၊ မမေ့ကို သနားပါကွယ် နော်

[illegible] သားထင်သလို မသုံးတတ်ပါဘူးကွယ်၊ သား အသုံးအဖြုန်

များနေလို့ မေမေသတိပေးရတာပါ သားရယ် "

" သားကတော့ ပန်းလေညှင်းထက် အဆပေါင်းများစွ

သုံးရမှာပဲ မေမေ "

" သားရယ် "

" ဟုတ်တယ် မေမေ သုံးရမယ်၊ လမ်းပေါ်က ပေါက်လွှတ်ပဲစာ

ကလေးက သူဌေးသမီးစစ်စစ်လို နေနိုင်သုံးနိုင်မှတော့ သားက သူဌေ

သားစစ်စစ်လေ၊ ဘာဖြစ်လို့ မသုံးနိုင်ရမှာလဲ၊ သားကတော့ ရသလ

သုံးမှာပဲ၊ သားကို မေမေ ပိုက်ဆံထုတ်မပေးရင် သားမှာရှိတာတွေ

ရောင်းပစ်ပြီး သုံးမှာပဲ မေမေ "

သမီးအပေါ် ငယ်ငယ်ကတည်းက မကျေနပ်ဖြစ်ခဲ့တဲ့ သားစိတ်

က အချိန်ကြာလာလေ ပိုပြီး ပြင်းထန်လေ ဖြစ်ရတာလား၊ သားကိုယ်

ပေါ်မှာ ဆင်ထားတဲ့ ပလက်တီနမ်ပစ္စည်းတွေကို မျက်ရိပ်ပြရင်း ပြေ

ထွက်သွားတဲ့သားကို ဒေါ်ပန်းပွင့်သီ အလျှော့ပေးရတော့မှာလား ဟင်

" သား "

" သားကို မေမေချစ်ရင် မတားပါနဲ့၊ သား စိတ်ကြိုက်သုံးပါ

စေ၊ သားစိတ်ကြိုက် လုပ်ပါရစေ၊ သားကို မသုံးစေချင်ရင်၊ မလည်





ချင်ရင် ပန်းလေညှင်းကို ဒီတိုက်မှာ မထားနဲ့ "

" သားရယ် "

ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်သွားတဲ့သားကို ဒေါ်ပန်း

ပွင့်သီ ဆုံးမခွင့်မရတော့။

သမီးလေးကို ဒီတိုက်ထဲမှာ မထားနဲ့တဲ့။

ပြောရက်လိုက်တဲ့ သားရယ်။

သမီးလေး သိပ်လိမ္မာတာကို သား ဘာဖြစ်လို့ မကျေမနပ်

ဖြစ်နေရတာလဲ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

" ပန်း နေဦးလေ "

အတန်းချိန်ပြီးတာနဲ့ စာသင်ခန်းထဲက ထွက်ခဲ့တဲ့ပန်းကို ယမင်း သာ အမီလိုက်ရင်း ဆိုသည်။

" ဘာဖြစ်လို့လဲ ယမင်း "

" ပြောစရာရှိလို့ပေါ့ "

ပန်း ခြေလှမ်းရပ်ကာ ယမင်းကို စောင့်ရတော့သည်။

" ဘာပြောမလို့လဲ ယမင်းရယ် "

ပန်း လက်ကောက်ဝတ်မှ ရွှေကြိုးပတ်နာရီဝိုင်းလေး တစ်ချက်ကြည့်လိုက်သည်။

" အမလေး နာရီချည်းကြည့်မနေနဲ့ ဒီနေ့ အတန်းတစ်ခု စောပြီး ဆင်းရပါတယ်ဟယ် "

အနားရောက်လာတဲ့ ယမင်း ဘဝင်မကျ ရေရွတ်သည်။





ပန်း ဂရုမစိုက်အား။

" စောဆင်းတော့ ကောင်းတာပေါ့လို့ "

" ဘာဖြစ်လို့ "

" အိမ်စောစော ပြန်ရတယ်လေ "

" ဟွန်း အိမ်ပြန်ဖို့ပဲ စိတ်က "

" ပြန်ရမှာပေါ့ ယမင်းရဲ့၊ မေမေတစ်ယောက်တည်းရယ် "

" အမလေး ကောက်ညှင်းက မစေး၊ ဆန်ကြမ်းက စေးနေ ပြီ ပန်းလေ့ညှင်းရယ် "

အကြောင်းသိ သူငယ်ချင်းတွေမို့ ယမင်းကို ပန်းအပြစ်မတင် တော့ ယမင်းက နေရာတကာ ဆိုးဆိုးဆတ်ဆတ်နဲ့ ဘွင်းဘွင်းရှင်းရှင်း ပြောတတ်ပေမယ့် စိတ်ရင်းကောင်းရှာတဲ့ သူငယ်ချင်းဆိုတော့ မပြော ာပေမယ့် ပန်းမျက်နှာလေး နွမ်းသွားကာ

" ယမင်းရယ် ပြောရက်လိုက်တာ "

" ပြောရက်တာ မဟုတ်ဘူး၊ ငပြောချင်တာ "

ပန်း ခြေလှမ်းရွေ့ခဲ့တော့ ယမင်းပခုံးလေး အသာတွန့်ကာ န်းလက်ကို ဆွဲထားပြီး

" စိတ်မဆိုးပါနဲ့ ပန်းရယ် "

" စိတ်မကောင်းဖြစ်ရတာပါ ကွယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဝန်းကာလည်း "

" ဟုတ်တယ်လေ ပန်းကို မေမေတို့မွေးစားလို့သာ ပန်းဘဝ ဆင့်တယ်တာလေ "

" ဟုတ်ပါတယ် ပန်းရယ် "

" သိသိချည်းနဲ့ ပန်းစိတ်မကောင်းဖြစ်အောင် မပြောပါနဲ့ ယမင်းရယ် "

ယမင်း လက်တစ်ဖက်က ပန်းပခုံးစွန်းပေါ် စာနာစွာ တင်လိုက် ပြီး

" နေဖင်ယော်ကို အမြင်ကတ်လို့ ပြောမိတာပါ ဟယ် "

" ကိုကိုက မေမေတို့ရဲ့သားရင်းလေ "

" သားရင်းက မိဘကို မချစ်သင့်ဘူးလား၊ ပိုပြီး ဂရုမစိုက် သင့်ဘူးလား ပန်းရယ် ဟင် "

" ကိုကိုက ပန်းကို အရွဲ့တိုက်နေတာလေ "

" အရွဲ့တိုက်တာက တခြား၊ ချစ်တာ ဂရုစိုက်တာက တခြား လေ၊ အမေရင်းတစ်ယောက်လုံး နေထိုင်မကောင်းဖြစ်တာ သိသိချည်း အမေကို ဂရုမစိုက်တာ ဘဝင်ကျစရာမကောင်းဘူး၊ အခုလည်း သဘောနဲ့သူ ကျောင်းမတက်ဘဲ သူငယ်ချင်းတွေနဲ့ တစ်မြို့ပြီးတစ် လျှောက်လည်နေတာ မိဘကို အလေးမထားတာ မဟုတ်ဘူးလား ပန်း

ကိုကိုစိတ်ကြောင့် ပန်းသက်မချရလေပြီ၊ ယမင်းပြောရင်လည်း ပြောချင်စရာ။

သားကို ဖေဖေခွင့်မပြုဘူး၊ သား မသွားရဘူးကွာလို့ ဖေဖေ ပ်ပင်တားမြစ်နေတဲ့ကြားထဲက သူငယ်ချင်းတွေနဲ့ တောင်ငူအလည် သွားကြတာ တစ်ပတ်ရှိပြီလေ။

" ပြီးတော့ မပြောလိုက်ချင်ဘူး၊ နေ့အိပ်ညအိပ် အလည်ထွက် ဘာ ရည်းစားကိုယ်စီ ခေါ်သွားကြတာ ဘာသဘောလဲ "

" ဟာ ကိုကိုတို့က ရိုးရိုးသားသားပါ၊ တမျိုးမမြင်ပါနဲ့ "

" တစ်မျိုးမြင်အောင် ပန်းကိုကိုတို့ အရွဲ့တိုက်တာလေ၊ ဘာပဲ ဖြစ်ဖြစ် အလည်သွားတာ၊ ရည်းစားကိုယ်စီပါတာ မသင့်တော်ဘူးလေ၊ ပြီးတော့ အဲဒီမိန်းကလေးတွေက သိက္ခာမရှိဘဲ လိုက်သွားရဲတယ်၊ မပြော ချင်ပါဘူး၊ ပန်းလေညင်းရယ် "

မပြောချင်ဘူးဆိုတဲ့ ယမင်းသာက ပြောချင်ရာ ပြောပြီးပြီလေ။

" ကိုကို သူငယ်ချင်းတွေက စုံတွဲတွေပေမယ့် သူငယ်ချင်းတွေ ဘာတွေလည်း ခွင့်ပြုတယ်လေ ကိုကိုပဲဖေဖေက တားထားရက်နဲ့ ဖွတ် သွားတာပါ "

" ဘာပဲဖြစ်ဖြစ် ပန်းယောက်မလောင်း သဝင်းမှုန်ပါသွား ယမဟုတ်လား "





www.burmeseclassic.com

www.burmeseclassic.com



ပန်း ငြင်းချင်ပေမယ့် ငြင်းလို့မရ၊ ယမင်းက အားလုံး သိနေတာဆိုတော့ ဦးခေါင်းညိတ်ရပြီပေါ့။

" အင်း "

" သလင်းမှုန်က ရဲရဲ သည်းသည်း၊ ဟွန်း မပြောလိုက်ဘူး "

" ကဲပါ အဲဒီအကြောင်းမပြောနဲ့၊ တော်ကြာ ကိုကိုကြားသွားရင် "

" အမလေး ခုနေခါ နေဖင်ယော်က တောင်ငူမှာ ရည်းစား လည်လို့ကောင်းနေမှာ ကြားဖို့က အဝေးကြီးမှာ ဥစ္စာ "

ပန်းဘာမှ မပြောသာတော့။

" ဝေးဝေးဖြစ်ဖြစ် နီးနီးဖြစ်ဖြစ် မပြောပါနဲ့ ယမင်းရယ် "

" မပြောဘူး မပြောတော့ဘူး "

" ဘာမှ မပြောနဲ့တော့ ပန်း ပြန်တော့မယ် "

" အို့ နေဦးလေ၊ ပြောစရာရှိတာတောင် မပြောရသေးဘူး "

ကားတံခါးဆီရောက်သွားတဲ့ ပန်းလက်ကို ယမင်းဆွဲထားသော ပန်းမျက်နှာပေးလေး ညှိုရောင်ပြောင်းသွားပြီး

" ဖနောက်နေ့မှ ပြောပါလား ယမင်းရယ် "

" ဒီတစ်ချိန်စောနေတာ ပန်းရဲ့ "





" ကိုကိုစိတ်နဲ့ မေမေရောဂါထချင်နေတာ ပန်းရှိနေတော့ ကောင်းတာပေါ့ "

" ဟုတ်ပါတယ်၊ ဒီနေ့အချိန်စောနေလို့ ပြောစရာရှိတာ ပြောလို့ပါ၊ ပုံမှန်အချိန်အတိုင်းဆို အိမ်ပြန်ရောက်မှာလေ၊ လာပါ မိပုရှိနေတာပဲ၊ နောက်ဆံမတင်းပါနဲ့ ပန်းရယ်၊ ပြောစရာက အရေးကြီးနေလို့ပါ "

ယမင်း တတွတ်တွတ်ပြောရင်းနဲ့ အတင်းဆွဲခေါ်တာကြောင့် ပန်းငြင်းရအားနာစွာ ယမင်းဆွဲခေါ်ရာ ကင်န်တင်းဆီ ပါသွားရ၏။

" တစ်ခါတလေ အတန်းချိန်လွတ်တုန်း သူငယ်ချင်းအချင်းချင်း အေးအေးဆေးဆေး စကားပြောချင်လို့ပါဟယ် တကတည်း "

" သိပ်အကြာချည်း မပြောနဲ့နော် "

" ငါးမိနစ်ဆယ်မိနစ် တည်းပါ "

မွေးစားမိဘအရေး အချိန်ပြည့်အလေးထား ဂရုစိုက်နေတဲ့ ပန်းဘဝမှာ စိတ်လွတ်လပ်မှု မရှိရသည်ကို ယမင်းစာနာစိတ်ဖြစ်မိတာကြောင့် မရအရ ကင်န်တင်းသို့ အတင်းဆွဲခေါ်ခဲ့သည်။

" ထိုင်လေ ပန်း "

ငြင်းမရတဲ့အဆုံး ပန်းထိုင်လိုက်ရသည်။ ကင်န်တင်းက သည်ကျောင်းဆင်းချိန်မဟုတ်သေးလို့ စားသောက်သူများနဲ့ ရှုပ်ယှက်



www.burmeseclassic.com

www.burmeseclassic.com



ခတ်မနေ၏။

" ဒီအချိန်က လူရှင်းတယ်လေ "

" ဟုတ်တယ် နော် "

" ပန်းက ကျောင်းစတတ်ကတည်းက ကင်န်တင်း တစ်ခါ[illegible]
မထိုင်ရသေးဘူး မဟုတ်လား "

" အင်း "

" ဒါကြောင့် ယမင်းခေါ်လာတာ၊ ပြောစရာလည်း ရှိတာ[illegible]
စားသောက်စရာ မှာပြီးတာနဲ့ ယမင်းတည်တည်ငြိမ်ငြိမ်ဆိုတော့ [illegible]
စိတ်ဝင်တစားဖြင့်

" ဘာပြောဖို့လဲ ပြောလေ "

" အင်း "

ယမင်း ဦးခေါင်းလေးဆတ်ကာ ပန်းကို မျက်ခုံးလေးပင့်[illegible]
ပြီး

" ပန်းကို မိတ်ဆက်ပေးချင်လို့ "

" ဟွန်း မိတ်ဆက်ပေးမလို့ "

" ဟုတ်တယ် "

" ဟင့်အင်း ပန်းသူငယ်ချင်းအသစ် မလိုချင်ဘူး ယမင်း[illegible]
ပန်းအရိုးခံအတိုင်း ငြင်းတော့ ယမင်းနှုတ်ခမ်းလေး[illegible]



[illegible]သည်။

" ဘာဖြစ်လို့ "

" ဩော် သူငယ်ချင်းတွေက ဟိုဟိုဒီဒီ သွားလာဖို့ခေါ်ရင်
[illegible]သွားလာဖို့ အချိန်ပေးနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ယမင်းကလွဲပြီး
[illegible]ဘယ်သူနဲ့မှ သူငယ်ချင်း မတော်တာပါ ယမင်းရယ်၊ ပန်းကို နားလည်
[illegible] ဘယ်သူနဲ့မှ မိတ်ဆက်မပေးပါနဲ့ကွယ် "

" ပန်းကလည်း ပန်းကိုပန်း အမယ်အိုကြီးလို ပူပင်သောက
[illegible]နဲ့ ဗျာများမနေပါနဲ့ဟယ် "

" ပန်းဘဝ ယမင်းသိသားနဲ့ "

" သိတာပေါ့ ပန်းရဲ့ အဲဒီလောက်ထိ စိတ်ကို ဘောင်ခတ်ထား
[illegible]ချဘူးလေ "

" ဘာဖြစ်လို့ "

" ပန်းက ငယ်ရွယ်ပျိုမျစ်တဲ့ ကျောင်းသူဆိုတာလည်း
[illegible]သိထားဦး "

ပန်း နှာခေါင်းရှုံ့လိုက်သည်။

" ဟုတ်တယ်လေ ကျောင်းသူတစ်ယောက်ရဲ့ လွတ်လပ်
[illegible]ပျော်ရွှင်ဖွယ်ဘဝကို ပန်းခံစားတတ်ရမယ်လေ "

" နေပါစေတော့ ယမင်းရယ် "



www.burmeseclassic.com

www.burmeseclassic.com



" ပန်းက နေပါစေတော့လို့ လျစ်လျူရှုနိုင်ပေမယ့် သူကပန်းက

လျှစ်လျူ မရှုရက်ဖြစ်နေတာလေ "

" သူ "

" ဟုတ်တယ် "

" သူဆိုတာက "

" သုတလေ "

" သုတ "

ပန်း တိုးတိုးလေးရွတ်ကာ ဦးခေါင်းရမ်းလျှက်သား ဖြစ်သွ

သည်။ ယမင်းက မြူးကြွကြွလေးပြုံးရင်း

" ဟုတ်တယ် ပန်းကို သုတနဲ့ မိတ်ဆက်ပေးမလို့ "

ပန်း ထပ်ဆင့်ဦးခေါင်းရမ်းခါခြင်းဖြင့် စိတ်လှုပ်ရှားသွား

ယမင်း သဘောကျသလို တဟင့်ဟင့်ရယ်လျက်

" ပန်းကလည်း မိတ်ဆက်ပေးမယ်ဆိုတာနဲ့ ဘာဖြစ်လို့ မျက်

ပျက်ရတာလဲကွယ် "

" ဟင့်အင်း ပန်း သုတကိုလည်း မသိဘူး၊ မိတ်ဆက်လ

မခံချင်ဘူး မိတ်ဆက်မခံပါရစေနဲ့ ယမင်းရယ် "

ရင်ခုန်တာလား၊ စိတ်လှုပ်ရှားတာလား။ ပန်း မခွဲခြား

တော့။ သုတဆိုတာ ဘယ်သူမှန်းမသိဘဲနဲ့ ပန်းစိတ်က ဘာဖြ





ကျက်နေရတာလဲကွယ်။

" ယမင်းမိတ်ဆက်ပေးတာ မခံရင် သုတက ပန်းကို ကိုယ်တိုင်

ပြီး မိတ်ဆက်မှာလေ "

" အို ပန်းလက်မခံပါရစေနဲ့ ယမင်းရယ် "

" နေပါဦး ပန်းကဘာ့ဖြစ်လို့ ခါးခါးသီးသီးဖြစ်နေရတာလဲ

ယ် "

" ကိုကို သိရင် ပန်းအဆူခံရမှာ "

" အမလေး ကိုကိုကတောင် ရည်းစားထားနေတဲ့ဥစ္စာ "

" ထားပါစေလေ ကိုကိုက မမမှုန်ကို ကြိုက်နေတာ "

ခါးခါးသီးသီးဖြစ်နေတဲ့ပန်းကို ယမင်းစိတ်မရှည်ချင်တော့။

" ပန်းကသာ ကိုကိုဆိုပြီး ဂရုတစိုက်နဲ့ တလေးတစား

နေတာ၊ နေဖင် ယော်က ပန်းကို မျက်စိတစ်ဖက်နဲ့တောင် ကြည့်မရ

သဲ သိသိချည်း နဲ့ ပန်းက အရေးလုပ်နေတာ အမြင်ကတ်ဖို့ကောင်း

တကယ်၊ အင်းလေ နေဖင်ယော်က သူကြိုက်တဲ့မိန်းကလေးနဲ့

စားထားလို့ရတာပဲ ပန်းလည်း ရည်းစားထားလို့ရတယ်လေ "

" အို မထားချင်ပေါင် "

" ဘယ်သူက ရည်းစားထားပါလို့ တိုက်တွန်းနေလို့လဲ ဟ

မေးဖျားလေးငေ့ါ်ခါ ပြောတဲ့ယမင်းကို ပန်းမကြည့်ဘဲ ဘောလှွယ်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကြီးကို ပခုံးပေါ်တင်၍ ပန်းထထွက်ဖို့ပြင်တော့

" နိုးရိုး သားသား မိတ်ဆွေထားဖို့ မိတ်ဆက်ပေးတာပါ "

" နေပါစေတော့ ယမင်းရယ် "

" အင်းလေ သူတက ကိုယ်တိုင်မိတ်ဆက်လာရင် ယမင်း မိတ်ဆက်ပေးမယ်ပြောတာကို ပန်းငြင်းသလို ငြင်းဖို့သတိထားပေါ့နော် "

ဘဝင်မကျ ဝေါ်တော့တော့ ရွတ်တဲ့ယမင်းကိုပန်းအခြေအတင် မပြောတော့၊ ယမင်းရှေ့က ခပ်သွက်သွက် ပြေးထွက်ခဲ့မိသည်။

ပန်း ဘယ်သူနဲ့မှ မိတ်ဆွေမဖြစ်ချင်ပါ။

အထူးသဖြင့် ရွယ်တူယောကျ်ားတစ်ယောက်နဲ့လေ။

တကယ်လို့

ယမင်းပြောသလို

သုတ ကိုယ်တိုင် မိတ်ဆက်လာရင်ကော

ဟင့်အင်း ပန်း ငြင်းရုံပေါ့။

✿ ✿ ✿ ✿ ✿



## အခန်း (၈)

" ကိုကိုတို့ မနက်ဖြန် ပြန်လာကြမယ် ထင်တယ် မေမေ "

" တုတ်ရဲ့လား သမီးရယ် "

" ဟုတ်ပါတယ် ကိုကိုသူငယ်ချင်း ကိုဆက်ပိုင် အိမ်ကို ပုန်း ဆက်မေးကြည့်လို့ သိရတာလေ "

ကိုကို တောင်ငူထွက်သွားကတည်းက မှိုင်တွေနေတဲ့မေမေ့စိတ် တာ ခုမှပဲ လန်းဆန်းလာသလို ထင်ရသည်။ ဖေဖေက ဒေါသတရှဲရှဲ ထွက်ကာ ဖတ်လက်စ ဂျာနယ်ကို စားပွဲပေါ်ပစ်တင်ပြီး

" မလာလေ ကောင်းလေပဲ၊ ပျော်သလို နေကြည့်စမ်းပါစေကွ "

" ကိုနိုင်ကလည်း သားက "

" တော်ပါတော့ သီသီ၊ သား တမင်သက်သက် မိဘစိတ်ဆင်း အောင် လုပ်နေတာကွ "

ကိုကို့ကို ဖိပြောနေတဲ့ ဖေဖေ့ကြောင့် မေမေ့မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ညိုသွားသည်။ မေမေ့အပါးမှာ ပန်းကပ်ထိုင်၍ မေမေ့လက်ဖဝါးလေးကို အားပေးနှစ်သိမ့်သလို ဆုပ်ကိုင်ထားမိသည်။

" လုပ်ပါစေလေ၊ မိဘစိတ်ဆင်းရဲအောင် လုပ်တဲ့သားက ဘယ်တော့မှ စိတ်ချမ်းသာရမှာ မဟုတ်ဘူး သီသီ "

" ဖေဖေကလည်း "

" ဟုတ်တယ် သမီး၊ မိဘက မသွားနဲ့ဆို သွားတယ်၊ မဖြုန်းနဲ့ဆိုဖြုန်းတယ်၊ မိဘက ဆင်ဆို သမီးကိုကိုက မြင်းလုပ်နေတယ်လေ"

ဖေဖေ့မျက်နှာပြင်မှာ ဒေါသက မီးတောက်လို ရဲလာပြီမို့ ပန်း မပြောလိုတော့။

" ဒါကြောင့် သားအကြောင်းကို သီသီနဲ့ သမီးခေါင်းထဲမထည့်နဲ့တော့ နေချင်သလိုနေပစေ "

" သား ပိုဆိုးသွားမှာပေါ့ ကိုခိုင်ရယ် "

" ဆိုးချင်သလောက် ဆိုးစမ်းပါစေကွာ၊ လွှတ်ထားလိုက် "

ကိုယ်လုံးလေးဖျော့ကာ ဆိုဖာပေါ်မှီရင်း သက်ပြင်းငွေ့ငွေ့ချတဲ့ မေမေ့စိတ်ကို ပန်းမျှဝေခံစားနိုင်ပါတယ်။ မေမေက ကိုကို့ကို သိပ်ချစ်တာလေ။

" ကဲ သမီး ဖေဖေစက်ရုံသွားမယ်၊ သမီး မေမေ့ကို ဂရုစိုက်လိုက် "





" ဟုတ်ကဲ့ ဖေဖေ "

စားပွဲပေါ်မှာ သားရေအိတ်အနက်ကို ကောက်၍ချိုင်းကြားမှာ ညှပ်ရင်း ထကာ ဖေဖေဆိုတော့ ပန်းခေါင်းညိတ်လိုက်ရသည်။ ဖေဖေက ထွက်သွားတော့ မေမေသက်မချကာ အကြည့်လွှဲပြီး

" သမီး ဖေဖေနဲ့လည်း ခက်တယ် "

" ဟုတ်သားပဲ မေမေရယ် "

" သမီးကိုကို့ကြောင့်လည်း ခက်တာပါပဲ "

ငြီးငွေ့သွားသလို ရွတ်တဲ့ မေမေ့စကားလုံးကို ဒီတစ်ကြိမ် ပန်း အလိုက်သင့်မပြောမိတော့။

" ကဲ သမီးလည်း ကျောင်းသွားဖို့ ပြင်ဆင်တော့လေ "

" မသွားတော့ဘူး မေမေ "

" ဟင် ဘာဖြစ်လို့လဲ သမီး "

" မေမေ့နားမှာပဲ အဖော်နေပေးမယ်လေ "

" ရပါတယ် သမီးရယ်၊ မိပုရှိနေသားပဲကွယ် "

" ရပါတယ် မေမေ၊ ဒီနေ့က အတန်းချိန်က နှစ်ချိန်တည်း မေမေရဲ့ "

" နှစ်ချိန်ဖြစ်ဖြစ်လေ၊ သမီးကျောင်းမသွားဘဲ မေမေ့နားကပ်နေတာ နှစ်ရက်ရှိပြီ၊ ဒီနေ့ပါဆို ကျောင်းပျက်ရက်တွေထပ်ပြီး စာလိုက်



www.burmeseclassic.com

www.burmeseclassic.com



မနိုင်ဖြစ်နေမှာပေါ့လို့ ”

အရာရာသိတတ်နားလည်တဲ့ သမီးမျက်နှာချောချောလေးကို ဒေါ်ပန်းပွင့်သီ ချစ်မြတ်နိုးစွာကြည့်၍ စာနာစွာဆိုမိ၏။ သမီးက ပေါ့ပါးစွာပြုံးပြီး

“ သမီး စာလိုက်နိုင်ပါတယ် မေမေ၊ လွတ်သွားတဲ့စာတွေ ပြန်ကူးပြီး ကျက်ရုံပေါ့၊ မိပုက ဒီနေ့ဈေးဝယ်သွားမှာလေ၊ ပန်း ကျောင်းသွားလိုက်ရင် မေမေတစ်ယောက်တည်း ဖြစ်နေမှာပေါ့ ”

“ ရပါတယ် သမီးရယ်၊ မေမေနေလို့ရပါတယ်ကွယ် ”

“ အတန်းချိန် နှစ်ချိန်တည်းမို့ သွားရင်းလာရင်း အချိန်ပိုကုန်ပါတယ် မေမေ၊ ဒါကြောင့် ဒီနေ့တစ်ရက် အတန်းပျက်တာပါ၊ နောက်နေ့ သွားမယ်လေ နော်မေမေ ”

မိဘစိတ်ချမ်းသာအောင် အစဉ်အမြဲတီတီတာတာပြောနေတတ်တဲ့ သမီးကို သမီးရင်းတစ်ယောက်လို ဒေါ်ပန်းပွင့်သီ ချစ်စိတ်တွယ်ခဲ့ရတာပါကွယ်။

“ ကဲပါ သမီးသဘော ”

သမီး ပခုံးကို ဖွဖွဖက်ရင်း ကြည်နူးစွာ ခေါင်းညိတ်လိုက်ရပြီ။

“ သမီးကိုကို အဝေးရောက်နေတော့ မေမေ့စိတ်က တစ်မျိုးပဲကွယ်၊ သမီးအနားမှာရှိတော့လည်း မေမေအားရှိတာပေါ့ ”





“ ပန်းသိပါတယ် မေမေရဲ့၊ ဒါကြောင့် မေမေ့အနားမှာ ပန်းအဖော်နေပေးချင်လို့၊ ဒီနေ့ အတန်းမတတ်တော့တာလေ ”

စပယ်ခေါင်းလျှော်ရည်နံ့သင်းနေတဲ့ သမီးဆံနွယ်ပျော့ပျော့လေးကို တရှိုက်နမ်းမိတဲ့ ဒေါ်ပန်းပွင့်သီစိတ်က မွှေးပျံ့ကြည်စင် လန်းဆန်းသွားသလိုပဲ။

“ ကိုကိုကလည်း လိမ္မာပါတယ် မေမေရယ် ”

“ ဟုတ်ပါတယ်ကွယ် သမီးပြောတဲ့အတိုင်း လိမ္မာတယ်လို့ မှတ်လိုက်ပါ့မယ်ကွယ် ဟင်း ဟင်း ”

အစ်ကိုအပေါ် ချစ်လွန်းတဲ့ သမီးရဲ့စိတ်ကို ဒေါ်ပန်းပွင့်သီ သဘောတကျ ရယ်မိ၏။

“ မေမေကလည်း ကိုကိုတကယ်လိမ္မာတာကို ”

“ ဟုတ်ပါတယ် မေမေဘာပြောလို့လဲ ”

“ ဟွန်း မေမေက ရယ်ပြီးပြောတော့ ”

“ သဘောကျလို့ပါကွယ် သမီးက ကိုကို့ကို သိပ်ချစ်တော့ ဘာလုပ်လုပ် အပြစ်မမြင်ရက်ဖြစ်နေတာလေ ”

“ မေမေရယ် ကိုကိုက လွတ်လွတ်လပ်လပ် ပျော်ပျော်နေချင်လို့ပါ ”

“ ကဲပါ သမီးပြောသမျှ လက်ခံပါ့မယ်ကွယ် ကျေနပ်ပလား”



www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်နှာလေး ကြည်ရွှင်လင်းလက်လာတော့ ပန်းကြည့်
နေရှာ ခေါင်းဆတ်လိုက်သည်။ မေမေက ပန်းပါးပြင် နုနုလေးကို ချစ်စနိုး
နမ်းရှုံ့သည်။

" သမီးအလိမ္မာလေးကို မေမေ့ရင်ခွင်မှာ တစ်သက်လုံး သိမ်း
ထားချင်ပါတယ်ကွယ် "

" မေမေရယ် သမီးကလည်း မေမေ့ရင်ခွင်မှ တစ်သက်လုံး
နေခွင့်ရချင်ပါတယ် "

" သမီး တကယ်ပြောတာလား "

" တကယ်ပေါ့ မေမေရဲ့ "

" ဝမ်းသာလိုက်တာ သမီးရယ် "

ဒေါ်ပန်းပွင့်သီ ဝမ်းသာကြည်နူးစွာ သမီးကိုယ်လုံးအိအိလေးကို မြတ်နိုး
စွာ ထွေးဖက်မိသည်။

ဒေါ်ပန်းပွင့်သီတို့ ဖနီးမောင်နှံစိတ်မှာ သမီးလေးကို တစ်သက်
လုံး ပိုင်ဆိုင်ခွင့်ရစေဖို့ သားနဲ့သမီးကို ထိမ်းမြားပေးဖို့ စီစဉ်ပြီးသား
သမီးကျောင်းပြီးတဲ့အထိ စောင့်ဆိုင်းနေခဲ့တာလေ၊ သား ပိုဆိုးသွားမှ
စိုးလို့ ဖွင့်မပြောသေးတာ။

" ဒါကြောင့်လေ သမီးကို ပိုချစ်ရတာပါကွယ် "

" ကိုကို့ကို သမီးထက်ပိုချစ်ပါမေမေရယ် နော် "





" အဲဒါလေးတွေကြောင့် သမီးကို မေမေတို့ အဆုံးရှုံးမခံနိုင်
တာပါ သမီးရယ် "

" ဟွန်း ပန်းကို အဆုံးအရှုံးမခံနိုင်တာ ဟုတ်လား မေမေ "

သမီးက တက္ကသိုလ်ကျောင်းသူဖြစ်နေပေမယ့် ကလေးအတွေး
နှသာပဲ ရှိသေးတာကိုး၊ ဒေါ်ပန်းပွင့်သီ ဘာကိုဆိုလိုလဲဆိုတာ မသိနိုင်
လောက်အောင် ရိုးအရှာတာလားကွယ်။

" ပန်းကို ဘာဖြစ်လို့ ဆုံးရှုံးရမှာလဲ မေမေရယ်၊ ပန်းကို
မေမေတို့ အပိုင်မွေးစားထားတာလေ "

" ဟုတ်ပါတယ် သမီးရယ်၊ မေမေတို့ အပိုင်မွေးစားတာပါပဲ၊
ဒါပေမဲ့ "

ပန်းကို စူးစိုက်ကြည့်ကာ စကားစဖြတ်လိုက်တဲ့ မေမေ့အမူ
အယာက ပန်းရင်ကို ရှုရှုလေးဖြစ်စေသည်။

" ဒါပေမဲ့ ဘာဖြစ်လဲ မေမေ "

" သြော် သမီးလေး တစ်ချိန်ချိန်မှာ အကြောင်းတစ်ခုခုကြောင့်
မေမေတို့ကို ခွဲသွားရင် "

" အို မဟုတ်တာ၊ ဘာလို့ခွဲရမှာလဲ၊ ဘာအကြောင်းကြောင့်
မခွဲရက်ပါဘူး မေမေရယ် "

" သမီး ချစ်သူတွေ ဘာတွေရရင် "



www.burmeseclassic.com

www.burmeseclassic.com



" မေမေတို့လောက် ချစ်ရမဲ့သူ ရှိမှာမဟုတ်ပါဘူး မေမေရယ် မေမေနဲ့ ကိုကိုကို ပန်းအချစ်ဆုံးပါပဲ "

သမီးအသံ နုစ်နုစ်အိုင်အိုင်လေးက ဒေါ်ပန်းပွင့်သီရဲ့ရင်က အတိုင်းမသိ ကြည်နူးချမ်းမြေ့သွားစေသည်။

" တကယ်လား သမီးရယ် "

" တကယ်ပေါ့ မေမေရယ် "

" တကယ်ဆိုရင် မေမေတို့စီစဉ်သမျှ သမီးမငြင်းရဘူးနော်"

" ပန်း ဘယ်တုန်းက ငြင်းခဲ့ဖူးလို့လဲ မေမေရယ် "

ဟုတ်သားပဲ သမီးလေးက ဘယ်တုန်းကမှ မိဘဆန္ဒကို မငြ ဖူးတဲ့ အလိမ္မာတုံးလေး။

" မငြင်းခဲ့ပါဘူးကွယ်၊ ရှေ့ဆက်ပြီးလည်း မေမေတို့ဆန္ဒ မငြင်း ပါနဲ့ကွယ် နော်သမီး "

" စိတ်ချပါမေမေရယ် "

" ဝမ်းသာလိုက်တာ သမီးရယ် "

" ဒါနဲ့ မေမေတို့က ဘာတွေစီစဉ်ဖို့ စိတ်ကူးထားလို့လဲဟင်"

အပြစ်ကင်းစွာ ကြည်လဲ့ရွှန်းတောက်နေတဲ့ မျက်ဝန်းလေး ကလေးဆန်ဆန်မေးလာတဲ့ သမီးနှုတ်ခမ်းဖူးဖူးလေးကို ချစ်စနိုး နမ်း၍





" အချိန်ရောက်ရင် သိရမှာပေါ့ကွယ် "

" မေမေကလည်း ပဟေဠိဝှက်နေပြန်ပြီ "

" ပဟေဠိဝှက်တာမဟုတ်ပါဘူးကွယ်၊ သမီးမေမေက အစီအစဉ် ကို သားနဲ့သမီးကို မပြောပါနဲ့ဦးတဲ့ ပြောသင့်တဲ့အချိန်ကျမှ ပြောမယ် ဒါကြောင့်ပါကွယ် "

ဟွန်း၊ ပန်းမျက်နှာလေးတွန့်သွားသည်။

ပြောစရာရှိတာပဲ ပြောလိုက်ပေါ့။

ခုတော့ မရောက်သေးလို့တဲ့။

အင်းလေ. လောလောဆယ် အသိမပေးချင်မှတော့ ပန်းလည်း င့်ရဖို့ ဖွတ်မမေးတော့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

" ပန်းလေညှင်း "

ညြရှပေမယ့် တည်ငြိမ်လှတဲ့ ခေါ်သံအုပ်အုပ်လေးကြော

ကြက်မွေးတံမျက်စည်းနဲ့ ဆိုဖာတွေပေါ် ဖုန်ခါနေရာမှ ပန်းဖျတ်ခ

လှည့်မိသည်။

" ဟင် "

ပန်း မျက်ဝန်းဝိုင်းစက်ကာ ငေးခနဲစိုက်ကြည့်လျက်သာ

ငြိမ်သက်သွား၏။ ညှော်ခန်းဝမှာ မျက်နှာလေး ပြုံးပြုံးလေးနဲ့ ရပ်နေ

လူငယ်တစ်ဦး။

အပြာဖျော့ရောင် အတုံးကလေးများပါတဲ့ ရှပ်လက်တို

စတိုင်လ် ဘောင်းဘီအပြာ တွဲဝတ်ထားတဲ့ ပုံစံက မြင့်သောအရပ်

လိုက်ဖက်ကာ လက်ထဲမှာ စာအုပ်တစ်ချို့ကိုင်ထားသည်က စတိုင်လ်

ကာ ကြည့်ကောင်းနေ၏။





" ဘယ်သူနဲ့ တွေ့ချင်လို့လဲ "

" ပန်းနဲ့ တွေ့ချင်လို့ပါ "

" ပန်းနဲ့ တွေ့ချင်လို့ "

" ဟုတ်ပါတယ် "

ရင်းနှီးဟန်ပြောနေတဲ့သူက ဘယ်သူလဲ။ ပန်းမျက်မှောင်တွန့်

တ်သွားပြီး

" ဟွန်း ပန်းလည်း မသိဘဲနဲ့ "

" ပန်းကသာ မသိတာ၊ ကျွန်တော်က ပန်းကိုသိနေတာ"

" ပန်းကိုသိနေတာ နေပါဦး၊ ရှင်က ဘယ်သူလဲ "

" သူတ "

" ဟင် "

ပန်းနှုတ်ခမ်းလွှာလေးက အံ့ဩမှုရဲ့နောက်မှာ ပွင့်ဟသွား၏။

" ဟုတ်တယ် ပန်း မသိပေမယ့် ပန်းကို ကျောင်းစဖွင့်ကတည်း

ကျွန်တော်သိတာပါ "

" ရှင်က "

" ကျွန်တော်က ပန်းနဲ့မေဂျာတူ စက်ရှင်လည်း တူတယ်လေ

သတိမထားမိလို့ ပန်းအနောက်က ထိုင်ခုံမှာ ကျွန်တော်ထိုင်နေကျ"

" ဟင် "



www.burmeseclassic.com

www.burmeseclassic.com



ပန်း ထိုနဲ့အောက်က သူကို သတိမထားမိလောက်အောင် ဖြစ်ရတာလား

ဝန်းလက်ထဲက ကြက်မွေးတုတ်လွတ်ကျသွားမှ ပန်းအသိဝင်

လာသည်။

" ပန်းက "

" ဟုတ်ပါတယ်၊ ပန်းက အတန်းချိန်စမှ အတန်းထဲ ကမန်းကတန်းဝင်ထိုင်သလို အတန်းပြီးတာနဲ့ ချက်ချင်းပြန်ထွက်သွားတော့ ကျွန်တော့်ကို သတိမထားမိဘူးလေ။ ကျွန်တော်က ပန်းကိုနေ့တိုင်း သတိထားမိလို့ စိတ်ထဲရင်းနှီးနေလို့ပါ၊ အခုလည်း ပန်းအတန်းပျက် နေလို့ သတင်းလာမေးတာ၊ ပြီးတော့ ပန်းအတွက် စာပါကူးခဲ့တာ ဒီမှာလေ "

သူစကားအရှည်ကြီးပြောရင်း ကိုင်ထားတဲ့လက်ချာစာအု ထိုးပေးလာကာ

" ယူလေ ပန်း "

" အို အားနာစရာကောင်းလိုက်တာ "

" အားမနာပါနဲ့ ပန်းကိုကျွန်တော်က ရင်းနှီးနေလို့ ကူညီတာ ပါ ယူပါ ပန်းရယ် "

အားနာမှုကြောင့် ပန်းမျက်နှာဖြူနုနုလေးက ပန်းနုရောင် ဖြ သွား၏။ ရင်းနှီးနှစ်လိုဟန်နှင့် အရဲစွန့်လာခဲ့တဲ့သူကို ပန်းငြင်းလိုက်





ကောင်းပါ့မလား။

" ယမင်းလည်း ကျွန်တော်နဲ့ လာမလို့ပါပဲ၊ ဒီနေ့မှ ယမင်းခေါင်း ကိုက်လို့ အတန်းမတက်ဘဲ ပြန်သွားလို့ပါ။ ကျွန်တော့်ကို ခင်မင်ခွင့်ပေး ပါ ပန်းရယ်၊ ပန်း အတန်းပျက်သမျှစာအားလုံး ကျွန်တော့်လက်ရေး နဲ့ ကူးထားတာပါ ယူပါနော် "

ငြင်းခံရမှာ စိုးရိမ်နေတဲ့ သူ့မျက်နှာလေးက ငယ်လျက်။ အိမ် အထိုင်ရာရောက် စာကူးပြီး လာပေးတဲ့အတန်းသား တစ်ယောက်ရဲ့ ခင်မင်မှုကို ပန်းငြင်းနေရင် ရိုင်းသလိုဖြစ်မယ်ထင်တယ်။

" ယူလေ ပန်း "

" အလုပ်ပိုပါတယ် ကိုသုတရယ်၊ ဘာဖြစ်လို့ ကူးပေးတာလဲ ဟယ်၊ ပန်းကျောင်းတက်တဲ့အခါ ပြန်ကူးမှာပေါ့ ခုတော့ အားနာစရာ"

" အားမနာပါနဲ့ပန်းရယ် ယူပါနော် "

ကိုကိုနီးပါး ချောသန့်တဲ့ ကင်းပုံစံလေးက ကိုကို့လိုတင်းတင်း မာမာ မဟုတ်ဘဲ ပျော့ပျောင်းသိမ်မွေ့နေတာ ဘာကြောင့်လဲကွယ်။

" ရော့ယူပါ "

လက်ထဲအရောက် ထိုးပေးလာတော့ ပန်းမငြင်းသာတော့ အုပ်နှစ်အုပ်ကို မလိုချင်ဘဲ လက်ခံလိုက်ရသည်။

" ကျေးဇူးတင်ပါတယ် ကိုသုတ "



www.burmeseclassic.com

www.burmeseclassic.com



" မလိုပါဘူး ပန်းရယ်၊ အတန်းသူ အတန်းသားအချင်းချင်း ကူညီတာပါ "

" ဟိုလေ ပန်းက ကိုသုတကို သတိမထားမိတာ တစ်မျိုး မထင်ပါနဲ့နော်၊ ပန်းက အချိန်မပေးနိုင်လို့ ယမင်းမိတ်ဆက်ပေးမယ် ပြောတာ ငြင်းမိတာပါ "

" ရပါတယ် ပန်းကိုကျွန်တော်နားလည်ပါတယ်၊ ခု ပန်းလက်ခံစကားပြောတာပဲ ကျေးဇူးပြန်တင်ပါရစေ "

" ဟွန်း ဘာဖြစ်လို့ "

" ကျွန်တော်က ပန်းနဲ့ရင်းနှီးခွင့်ရချင်သူပါ "

ရင်းနှီးခွင့်ရဖို့ ကင်းအရဲခွန် ကြိုးစားတာကို ပန်းအသိအမှတ် ပြုလို့ရ မထင်တော့။

လက်ထဲမှာ သုတကူးထားတဲ့ လက်ချာစာအုပ်ရောက်နေ ဆိုတော့

ပန်းကလည်း "

သမီးရေ ဘယ်သူနဲ့စကားပြောနေတာလဲ သမီးကိုကိုပြန်လာ တာလား

ထဲက ထွက်လာတဲ့ မေမေ့မေးသံကြောင့် ပန်းကိုယ် လုံးလေး တင်းသွားသည်။





မေမေက ကိုကို့ကို မျှော်နေတာ။

" မဟုတ်ဘူး မေမေ၊ ပန်းတို့အတန်းထဲက သူငယ်ချင်းပါ "

" ဪ ညည်းသည်ကိုး၊ ညည်းသည်ကို ထိုင်ခိုင်းဦးလေ "

မေမေပြောမှ ပန်းသတိထားမိသည်။ ခုချိန်ထိ သုတကို ည့်ခန်းမှာ ထိုင်ခွင့်မပေးသေးတာ သုတကလည်း ဝင်မထိုင်။

" ရပါတယ် အန်တီ မထိုင်တော့ဘူး "

" အို ဘယ်ဟုတ်မလဲ "

" စာအုပ်လာပေးတာ၊ ပြန်ပါတော့မယ် အန်တီ "

သုတက အလိုက်သိတာလား၊ မေမေထိုင်ခိုင်းတာ မထိုင်တော့၊

" ပန်း ကျွန်တော် သွားတော့မယ် "

" အင်း "

ပန်းခေါင်းညိတ်လိုက်ရသည်။ မေမေက ပန်းနဲ့သုတကို စပ်ပြုံး ပြုံးလေးကြည့်နေသည်က အကဲခတ်နေသလို၊ လက်ပြနှုတ်ဆက်၍ ကား ဆောင်းထွက်သွားသည့် သုတပုံရိပ်လေး ပျောက်သွားမှ မေမေက ည်တည်ငြိမ်ငြိမ်နဲ့ ပန်းကိုကြည့်ပြီး

" သမီးတို့ သိပ်ရင်းနှီးတာလား "

" ဟင့်အင်း "

" တကယ်လား သမီးရယ် "



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးပုံစံက သမီးအပေါ် အရွလေးထားဟန်ပေါ်တ

ကြောင့် ဒေါ်ပန်းပွင့်သီ စိုးရိမ်စိတ်ဝင်ကာ မေးတော့၏

" တကယ်ပါ မေမေရဲ့ "

" ဒါဆိုလည်း ပြီးရောပေါ့လေ "

မလိမ်ညာတတ်တဲ့ သမီးစိတ်ရင်းကို ဒေါ်ပန်းပွင့်သီ ယုံကြည်

ပါတယ်လေ။

" ပန်းက မခင်ချင်လို့ ယမင်းမိတ်ဆက်ပေးတာတောင် ငြ

ခဲ့သေးတာ မေမေရဲ့ "

" မေမေ့သမီးကို မေမေယုံပါတယ်ကွယ် "

" ယုံရမှာပေါ့ မေမေရဲ့ ပန်းက မေမေ့ကို တစ်ခါမှ မညာဖူး

လေ ညာဖို့လည်း စိတ်မကူးပါဘူး "

" အင်းပါ ကွယ်၊ ဒါကြောင့်လည်း သမီးကို မေမေယုံတ

ပေါ့ "

" မေမေယုံကြည်တာကိုပဲ ပန်းလိုချင်ပါတယ် "

" လိမ္မာတဲ့သမီး။ ကဲ စာအုပ်သွားသိမ်းလိုက်လေ၊ တော်ကြ

အထားမှားပြီး ရှာရခက်နေလိမ့်မယ် "

" ဟုတ်ကဲ့ မေမေ "

ဦးခေါင်းလေး ညိတ်၍ စာအုပ်လေးပိုက်ကာ အတွင်းခန်း





ဝင်သွားတဲ့ သမီးပုံရိပ်လေးကို ချစ်မဝနိုင်စွာ ငေးကြည့်မိသည်။

လိမ္မာလိုက်တဲ့ ချစ်စရာသမီးလေးရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

" ပန်း "

ကားပေါ်က ဆင်းတာနဲ့ ယမင်းခေါ်သံ လိုမ့်ဝင်လာတော့ ပန်း ကိုယ်လုံးလေး မတ်ကြွသွားသည်။

" ပထမအချိန် ဆရာမ မဝင်ဘူး ပန်းရဲ့ "

ယမင်း ပန်းအနားလျှောက်လာရင်းပြောတော့ ပန်းမျက်နှာလေး ပင့်တက်သွား၏။

" ဘာဖြစ်လို့ "

" ဆရာမ ဒေါ်ဆင့်ဆင့် နေမကောင်းလို့တဲ့ "

စာသင်ခန်းဆီ ရွေ့ချင်တဲ့ ပန်းခြေလှမ်းတန့်သွားပြီး

" ဒါဆို တစ်ချိန်တောင် အားတာပေါ့ "

" အင်း "

" ဒါမှန်းသိရင် နောက်ကျပြီးလာပါတယ် မာယ် "





" ဟွန်း ပန်းကတော့လေ "

" ဟုတ်တယ် အတန်းချိန် မမီမှာစိုးရိမ်ပြီး မေမေ့အတွက် ဟင်းမချက်ဘဲ ပြေးလာခဲ့တာလေ "

" အမလေး လူက ကျောင်းကိုရောက်နေပြီ စိတ်က မီးဖို ခန်းရောက်မနေပါနဲ့၊ ပန်းလေညှင်းရယ် "

" မရောက်လို့မှ မရတာ၊ မိဝုက ဟင်းချက်သိပ်မကောင်းဘူး လေ၊ မေမေ ခံတွင်းသိပ်မတွေ့မှာ စိုးရိမ်ရတယ် ယမင်းရဲ့ "

ပန်းစကားအဆုံးမှာ အဖြစ်သည်းရန်ကောဆိုတဲ့ မျက်စောင်းနဲ့ ယမင်းကြည့်ပြီး

" ကဲ ပန်းလေညှင်းရယ် တော်ပါတော့ မပြောပါနဲ့တော "

" ယမင်းပြောလို့ ပြောပြတာပါနော် "

" မပြောတော့ဘူး ပန်းရယ် လာ သွားစို့ "

" ဘယ်သွားမှာလဲ "

" အတန်းတစ်ချိန်အားတယ်လေ၊ ကင်န်တင်းထိုင်ရင်း စကား ပြောကြတာပေါ့ "

" မထိုင်ချင်ပေါင် အတန်းထဲပဲ ဝင်နေတော့မယ် "

" အဲလို မငြင်းကြေးနော် မရဘူး လာသွားမယ် "

ယမင်းက ပန်းလက်ကို ဆွဲခေါ်သွားတော့ ပန်း ငြင်းမရတော့၊



www.burmeseclassic.com

www.burmeseclassic.com



" ယမင်းကလည်း ဖွတ်ပဲ "

" ဖွတ်ပဲ ဘာဖြစ်သလဲလို့ လာစမ်းပါ ပန်းရယ် "

ပန်း စိတ်မပါဘဲ ယမင်းခေါ်ရာနောက် တွန့်ဆုတ်တွန့်ဆုတ် ပါခဲ့ပြီး ဆရာမကလည်းနော် ဘာဖြစ်လို့ နေမကောင်းဖြစ်ရတာလဲလို့

" ပန်း လာလေ "

ပန်းတို့ ကင်န်တင်းထဲဝင်သည်နှင့် သုတအားရဝမ်းသာခေါ် တော့ ပန်းစိတ်ညစ်သွား၏။

" ထိုင်လေ ပန်း "

ပန်းအတွက် ထိုင်ခုံလေး ဆွဲပေးရင်းဆိုတဲ့သုတကို ပန်းအား နာလှပြီ။

" ထိုင်ပါပန်းရယ် တကတည်း "

ယမင်းက အားမလို အားမရပြောရင်း ဆွဲထိုင်စေသည်။ ဒီအစ် အစဉ်ကို ယမင်းချိန်ကိုက်ပြီးသား လုပ်တာလားမသိ။ စိတ်ညစ်ပါတယ် နော်။

" ထိုင်ပါ ပန်းရဲ့၊ တစ်ချိန်အားတော့ အေးအေးဆေးဆေး စကားပြောလို့ရတာပေါ့ "

အတန်းချိန်အားတာကို ကံစမ်းမဲပေါက်သလို ဝမ်းသာနေတဲ့ သုတကို ပန်းမကြည့်ချင်ပေမယ့် မျက်နှာချင်းဆိုင် ဖြစ်နေတော့သည် အားနာစွာ ကြည့်ရုံပေါ့။

" ပန်းကလည်း မျက်နှာချည်းမှုန်ကုတ်မနေပါနဲ့ သုတကိုလည်း အားနာပါဦး ဟယ် "

" ရပါတယ် "

ယမင်း အားမရသလို ပြောတော့ သုတအလိုက်သင့်ဆိုပေ သည့် ပန်းအနေရခက်သလိုဖြစ်လာသည်။

" ပန်း ဘာမှာမလဲ ကျွန်တော်မှာပေးမယ်လေ "

" ဟင့်အင်း မမှာတော့ဘူး "

" ဘာဖြစ်လို့လဲ ပန်းရဲ့ "

" ပန်း အိမ်ကစားခဲ့တယ်လေ "

" စားခဲ့ရင်လည်း ပြန်စားလို့ရပါတယ် ဟယ်၊ မှာစမ်းပါ ..ယ် စေတနာရှင် သဒ္ဓါမြောက်သွားအောင်လေ "

ပန်းနဲ့ သုတကြားမှာ သွက်သွက်လက်လက် ကြားဝင်လျှော် ..တဲ့ ယမင်းကြောင့် ပန်း အံ့သြရပါ၏။

" ဘယ်လို ယမင်းရဲ့ "

" ပန်းဟာလေ သိပ်တုံးတာပဲ၊ သုတက ခင်မင်မှုအထိမ်းအမှတ် ..ကျွေးချင်လို့တဲ့ ရှင်းပြီလား "

ယမင်းဆတ်ခနဲပြောချလိုက်တော့ ပန်းမျက်နှာလေးက အားနာ




www.burmeseclassic.com

www.burmeseclassic.com



မှကြောင့် သုတဝတ်ထားတဲ့ ရှပ်အင်္ကျီအရောင်လို ဖြူဖျော့သွားသည်

" အို အားနာစရာ ဟင့်အင်း "

" မငြင်းပါနဲ့ ပန်းရယ် "

"ဟုတ်သားပဲ ပန်းကလည်း သုတလက်ချာတွေကူးပေးတာ ပန်းလက်ခံပြီပဲ၊ သူငယ်ချင်းဖြစ်နေပြီလေ သူငယ်ချင်းအချင်းချင်း ငြင်း လို့မရဘူး၊ ဒါပဲ ပန်းအတွက် ဆီချက်တစ်ပွဲ မှာလိုက်မယ် "

ယမင်း တရစပ်ပြောကာ ပန်းအတွက် ဆီချက်တစ်ပွဲမှာခိုင်း လိုက်သည်နှင့် သုတက အနားမှာရပ်နေတဲ့စားပွဲထိုးကို မျက်စပြ၍ ဆီချက် မှာလိုက်တာ တားမြစ်ချိန်မရတော့။

" ယမင်းကလည်း ပြောင်းပြန်တွေဖြစ်နေပြီ "

" အတည့်ပဲ ပန်းရဲ့ ဘာမှမပြောနဲ့တော့ "

ယမင်းကြောင့် ပန်းနေရခက်လှသည်။ သုတက ပန်းကိုကြည့် ရင်း ကြည်နူးစွာပြုံးနေတယ်။ ခက်လိုက်တာနော်။ သုတနဲ့အကြည့်ချင်း ဆုံတော့ ပန်းမလုံမလဲ ရှက်ရယ် ရယ်မိပြီ။

" ဆောရီးနော်၊ ပန်းက သုတကို ကျေးဇူးတင်ပါတယ်၊ နောက် ပြီး ပန်းကို စာကူးပေးတဲ့အတွက် ပန်းညှေ့ခံပါရစေ၊ ဒီဝိုင်းရှင်းပါရစေ နော် "

" ရပါတယ် ပန်းရယ်၊ ပန်းတွေးပြီး စိတ်ရှုပ်မခံပါနဲ့ဗျာ ပန်းကို





ရိုးစင်းဆုံး ခင်မင်ချင်လို့ပါ "

" ဟုတ်သားပဲ ပန်းက မာနကြီးနေတာ "

" အို ပန်း မာနမကြီးတတ်ပါဘူး ယမင်းရယ် "

" မာန မကြီးရင် ဘာဖြစ်လို့ တောင်ခံတောင်အီအီ လုပ်နေရ လဲလို့၊ သုတ ခင်သလို ခင်လိုက်ပေါ့၊ ဘာမှ အားနာစရာမလိုတာ ညးကို ဖျစ်ညှစ်ပြီး အားနာပြနေတာ ဗွန်း "

စားပွဲထိုး လာချပေးတဲ့ မုန့်ဟင်းခါးပန်းကန်ကို ယမင်းဆွဲယူ ပန်းကိုဘာဝင်မကျဆိုသည်။ သုတက ဆီကျက်ပန်းကန်ကို ပန်းရှေ့ သုတယ ချပေးရင်း

" အားမနာပါနဲ့ ပန်းရယ်၊ စားပါနော်၊ ခင်မင်မှုအထိမ်းအမှတ် "

ပန်းလက်မခံချင်ပေမယ့်လည်း ဗိုအားတွေကများလှသည်။ ပန်း ညိတ်လိုက်ဖို့ ယမင်းက အတန်တန်မျက်စပြနေပြီး ပန်းကို စေတနာ ခင်မင်ရင်းနှီးစွာ ကျွေးသူဆီက ပန်းတစ်ခုခု မစားသင့်ဘူးထင်တယ်။

ပန်းကသာ ကျွေးရမှာလေ။

" ဟိုလေ တစ်မျိုးတော့ မထင်ပါနဲ့ "

" ဘာလဲ ပန်းရဲ့ "

" ပန်း ခင်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" အဲဒါဆို ပြီးရောပေါ့ ပန်းရဲ့ "

" အင်းပါ ဟိုလေ ဒီပိုင်းကိုတော့ ပန်းပဲရှင်းပါရစေနော်"

" ပန်းရယ် "

" ဟုတ်တယ်လေ၊ ပန်းကို သုတက လက်ချာတွေကူးပေးတာ ယမင်းရဲ့ "

ဖြစ်ရန်ကောဆိုပြီး ယမင်းကြည့်တော့

" နော် ပန်းပဲ ရှင်းပါရစေ သုတရယ် "

" ရပါတယ်ပန်း၊ ပန်းသဘောပါ "

သုတ ခပ်ဖျော့ဖျော့လေးဆိုမှ ပန်းမျက်နှာပေးလေး ကြည်လာသည်။ ပန်းလေညှင်းဆိုတဲ့ မိန်းကလေးက ပန်းကလေးလိုလှပပြီး လေညှင်းလေးလို သိမ်မွေ့ကာ သုတရင်ကို ခုန်စေအောင် ခံစားမှုပေးနိုင်တဲ့ မိန်းမချောလေး။

ပန်းလေးနဲ့ ခင်မင်ခွင့်ရဖို့ အခြေအနေနဲ့ အချိန်အခါကို စောင့်ကြည့်ခဲ့တာ ကျောင်းဖွင့်ကတည်းက

ခုမှ တိုက်တိုက်ဆိုင်ဆိုင်နဲ့ ပန်းငြင်းပယ်ခြင်းမခံရတော့ သုတရင်မှာ အတိုင်းအဆမဲ့ ကြည်နူးသွားရသည်။

နေ့တိုင်း အတန်းချိန်လွတ်ပါစေလို့ ဆုတောင်းရတာအမော ယမင်းက အလျော်ကောင်းသူပီပီ။

စိုးမိုးစာပေ



" ဒါပဲနော် ပန်း "

" ဘာလဲ "

" သုတလည်း ယမင်းကို ခင်သလို ခင်ရမယ်နော် "

" အင်းပါ "

လို့ ဦးခေါင်းလေးညိတ်ကာ မျက်လွှာချပြောတဲ့ ပန်းအသွင်က သနင်ငယ်လေးလို ချစ်မြတ်နိုးဖွယ် ကောင်းလှသည်။

" အဲဒါဆိုရင် ဒီနေ့ကစပြီး ပန်းနဲ့သုတက သူငယ်ချင်းနော်"

" အင်းပါ ယမင်းရယ် "

" သုတကလည်း ပန်းကိုခေါ်ပေါ့နော် "

" ခေါ်ပါ့မယ် စိတ်ချ ယမင်းရယ် "

သူကြည်ကြည်စင်စင်ဆိုတော့ ပန်းရှက်ရိပ်လေးနဲ့ ရယ်လိုက်သည်က ချစ်စရာ။ ယမင်းရဲ့ အကြံကောင်း ဆောင်ကြဉ်းမှုနောက်မှာ ပန်းနဲ့သုတ ရင်းနှီးမှု အပြန်အလှန်ရကာ. . .။

✿ ✿ ✿ ✿ ✿

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

" ပန်း "

တောင်ငူက ပြန်ရောက်ကတည်းက သူနဲ့မျက်နှာချင်းမဆိုင်ဝံ့ ဖေဖေကြောင့် သူ့စိတ်က ပိုတင်းလာသည်။ သူ မနက်စာစားဝိုင်း ဝင်ထိုင်သည်နှင့် ဖေဖေစားလက်စရပ်ကာ ချက်ချင်းထထွက်သွားသည် ဖေဖေ့နောက်က မေမေပါ ထထွက်သွား၏။

ဖေဖေနဲ့မေမေကို တင်းမိတဲ့စိတ်က သူ့ရှေ့မှာကြောင်တောင် လေးရပ်ကာ မေမေတို့ထွက် သွားရာနောက်ငေးကြည့်နေတဲ့ ပန်းအပေါ် ရောက်သွား၏။

" ပြော ပြော ကိုကို "

သူ့ဘက်လှည့်ပြီး ပန်းထူးတော့ သူမျက်ဝန်းစူးရဲရဲနဲ့ စိုက်ကြည့် ပြီး

" နင့်အချိုးကို နင်ပြင်တော့ "





" ဘာ ဘာဖြစ်ရမှာလဲ ကိုကို "

" ငါနဲ့ ဖေဖေ၊ မေမေကြားမှာ နင်ဘာမှ ကွန်းချောစရာမလို […] "

" ဟင် "

" နင်ဘာတွေ မွှေထားမှန်းမှ မသိဘဲ "

" ဘာမှ မမွှေပါဘူး ကိုကိုရယ် "

ပန်းကြောက်ရွံ့သံလေးနဲ့ မကြည့်ဘဲ ငြင်းတော့

" နင် မမွှေရင် ငါဝင်လာတာနဲ့ ဖေဖေ ထထွက်သွားမလား […]လည်ညှင်း "

" ပန်း ဘာမှမမွှေပါဘူး ကိုကိုရယ် "

" နင် မမွှေပေမယ့် နင်လုပ်ရပ်က ငါနဲ့ငါ့မိဘကြား သွေးကွဲ[…]အောင် လုပ်နေတာနဲ့ အတူတူပဲကွ "

ပြောရက်လိုက်တာ ကိုကိုရယ်၊ ပန်း မပံ့မရဲ မျက်လွှာလေး […]ကြည့်တော့

" ဘာကြည့်တာလဲ "

" ဘာ ဘာမှ မကြည့်ဘူး ကိုကို "

ပန်း မျက်လွှာပြန်ချလိုက်ရသည်။ ပန်းကို ဘာတစ်ခွန်းမှ […]ခွင့်မပေးပေမယ့် ကိုကိုက တရစပ်ပြောနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



“ ငါ ဘာသာငါ တော်ရုံမကလို့ ကမ္ဘာကုန်အောင် လည်လည် နင်ဘာမှ သွေးထိုးပေးနေစရာ မလိုဘူး၊ ငါ ပြန်ရောက်ကတည်း ဖေဖေရှောင်နေတာ နင့်ပယောဂ မကင်းဘူးဆိုတာ ငါသိတ ပန်းလေညင်း၊ ဖေဖေ နောက်တစ်ခါ ရှောင်ရင် နင်ငါနဲ့အတွေ့ပဲ ”

ကိုကိုရယ် ပန်းပယောဂတဲ့လားကွယ်၊ ပြောပြီးသည်နှင့် ကို လည်း နံနက်စား စားဝိုင်းက ထထွက်သွားပြန်သည်။

စိတ်ညစ်လိုက်တာနော်။ နံနက်စာ စားဝိုင်းက စားသောက် တွေ ပြည့်နေပေမယ့် စားသောက်မယ့်သူတွေ အလှည့်လှည့်ထွက်သွား မျက်နှာငယ်သလို ဖြစ်နေရပြီလေ။

“ ပြန်သိမ်းရမှာလား ပန်းရယ် ”

မိပု ကြောက်ရွံ့ဟန်လေးနဲ့ စားဝိုင်းနားကပ်ရင်း တိုးတိုး ပြောရှာသည်။

“ မသိမ်းနဲ့ဦး ”

“ ဘာဖြစ်လို့ ”

“ ကိုကိုဘာမှ မစားရသေးဘူးလေ ”

“ မစားချင်လို့ ထွက်သွားပြီလေ ပန်းရဲ့ ”

“ မစားရသေးတာ သိသိချည်းနဲ့ စားဝိုင်းသိမ်းတာ အရှဲ တာလား မေးနေပါဦးမယ် မိပုရယ် ”





မိပု မသိမသာ သက်မလေးချရရှာသည်။

“ ဘယ်အခက်ကမှ မလွတ်ပါလား ပန်းရယ် ”

“ ဘာတတ်နိုင်မှာလည်း ကွယ် ”

“ အဲဒါဆိုလည်း ဒီအတိုင်းထားလိုက်မယ်နော် ”

“ အင်း ထားလိုက် ကိုကို့အခြေအနေကို ပန်းချောင်းကြည့် လိုက်ဦးမယ် ”

ပန်းက ပြောရင်း ထမင်းစားခန်းထဲက ထွက်သွားတော့ မိပု စိတ်အနည်ထချလာသည်။ ဘယ်သူမှ မစားရင် မိပုဘာသာ စားပစ်လိုက် ချင်ဆိုတဲ့ မျက်လုံးနဲ့ စားဝိုင်းကို သည်းသည်းမဲမဲ စိုက်ကြည့်မိ၏။

ကိုကို ကားမောင်းထွက်သွားတာ မြင်တော့ ပန်းရင်မှာ ချမ်းမြေ့။ ဖေဖေက မသိချင်ဟန်ဆောင်လျက် သတင်းစာ ပြန်ဖတ်နေ တာ အရှိန်တောင်မပျက်။ မေမေက မသိမသာ သက်မချကာနှင့်

“ ဖေဖေ ”

ပန်း ဖေဖေနဲ့ မေမေရှေ့မှာ ကျုံ့ကျုံ့လေးဝင်ထိုင်ရင်း မပွင့် တပွင့် ခေါ်လိုက်သည်။

“ ပြောလေ သမီး ”

ဖေဖေက ပန်းကို ဂရုစိုက်ရှာသည်။ သတင်းစာမှ အကြည့်ခွာ ပြီး ပန်းမျက်နှာလေးကို ကြည့်၍ဆိုသည်။ ပန်းကို အလေးထားသလို



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ အလေးထားရင် သိပ်ကောင်းမှာပဲ။

" သမီး ဘာပြောမလို့လဲ ပြောလေ "

မေမေကပါ ထပ်ဆင့်ပြောတော့ ပန်း မျက်လွှာချ၍

"ဟိုလေ ကိုကို့ကို ရှောင်ဖယ်ဖယ် မဆက်ဆံပါနဲ့ ဖေဖေရယ်

" ဘာဖြစ်လို့ "

" ကိုကို စိတ်မကောင်းဖြစ်သွားပြီလေ "

" ဖြစ်ပါစေ သမီးရယ် "

" ဖေဖေရယ် ကိုကို့ကို သနားပါနော် "

ဦးအောင်မြင့်နိုင် သတင်းစာကို စားပွဲပေါ် ခေါက်လျက်တ

သမီးမျက်နှာနုနုလေးကို တရှုဏာသက်စွာကြည့်သည်။

" သမီးကိုကိုအကြောင်း ဖေဖေသိတယ် သမီးရယ်၊ နေ

သလိုနေပစေ၊ မိသားစုရဲ့ စိတ်ကို မငဲ့မညှာဘဲ လုပ်ချင်ရာ လုပ်တ

တဲ့ အကျင့်ကို မဖျောက်သရွေ့ဖေဖေတော့ ဒီလိုပဲ လွှတ်ပစ်တော့မ

ကွယ် "

" ဖေဖေရယ် "

လျစ်လျူရှုရက်တဲ့ ခင်ပွန်းစိတ်ကြောင့် ဝမ်းနည်းစ ဖြစ်

သည်ကို ဒေါ်ပန်းပွင့်သီ သတိထားမိတာကြောင့် သမီး လက်ဖဝါးေ

ကို တယုတယ ဆုပ်ကိုင်သည်။ ပခုံးစွန်းကို နှစ်သိမ့်စွာ လက်တစ်ဖ





င် ဖက်ပြီး

" ဝမ်းမနည်းပါနဲ့ သမီးရယ် "

" ကိုကို ပိုပြီး ဝမ်းနည်းနေမှာပေါ့ မေမေရယ် "

" သမီးစိတ်ကို မေမေသိပါတယ်ကွယ်၊ သမီးက သားထက်

သိပေမယ့် သားထက် နားလည်တယ်၊ သားက သမီးလို မဟုတ်ဘူး

ငယ်ကတည်းက ပိုလ်ကျလာတဲ့ မောက်မာစိတ်က ခုချိန်ထိ အညွန့်

က်နေတာလေ "

" ဘာပဲဖြစ်ဖြစ် မေမေရယ်၊ ကိုကိုစိတ်မကောင်းဖြစ်ရတော့

မေတို့လည်း စိတ်ချမ်းသာမှာ မဟုတ်ဘူးလေ နော်၊ ဖေဖေ "

မျက်နှာငယ်လေးနဲ့ အသနားခံနေရှာတဲ့ သမီးက ချစ်မဝနိုင်

ာ ဦးအောင်မြင့်နိုင် ဦးခေါင်း မသိမသာရမ်းပြီး

" သား စိတ် သိမ်မွေ့လာအောင် လျစ်လျူရှုပစ်ခြင်းနဲ့ ဖေဖေ

မနေတာပါ သမီးရယ် "

" ဖေဖေဆုံးမတာကလည်း တစ်မျိုးချည်း "

" သမီးရယ် သမီးကိုကိုကို ဖေဖေတို့ ချစ်ပါတယ်ကွယ်၊ ချစ်

ချည်းကို ထုတ်ပြနေလို့ သမီးကိုကို မောက်မာနေခဲ့တာ သမီးအသိပဲ"

" သိတာတော့ သိတာပေါ့ ဖေဖေရဲ့၊ ခုတော့ ဘာမှမှားဘဲ

ာ်သွားပြီလေ "



www.burmeseclassic.com

www.burmeseclassic.com



" သွားပါစေ သမီး "

ဖေဖေ့ရဲ့ခေါင်းမာမှုကို ပန်းစိတ်ကောက်ချင်လာသည်။

" အချိန်တန်ရင် ပြန်လာလိမ့်မယ် "

ကြည့် ဖေဖေပြောပုံချည်းက

" ဟုတ်သားပဲ သမီးရယ် "

မေမေကလည်း ဖေဖေနဲ့တစ်ထပ်တည်း ပြောလေရဲ့။ နှုတ်ခမ်းဆူကာ စိတ်ကောက်ပြီး မေမေ့အပါးမှာ ထရပ်လိုက်သေ

ဖေဖေက ပန်းကိုမော့ကြည့်ပြီး

" သမီး ကိုကိုအတွက် အယူခံဝင်မနေပါနဲ့သမီးရယ်၊ သ ကိုကို လိမ္မာလာဖို့ ဖေဖေတို့ တစ်နည်းမဟုတ် တစ်နည်းနဲ့ ဆုံး မယ်လေ "

" ဆုံးမပေါ့လို့ ဖေဖေတို့ဆုံးမတာကို ကိုကိုပိုပြီးဂျစ်တိုက် ရင် ခက်တော့မှာပေါ့လို့ "

" စိတ်ပူမနေပါနဲ့ သမီးရယ်၊ ကဲ သွား၊ ကျောင်းသွား မယ်မဟုတ်လား "

မေမေက စကားစဖြတ်ဆိုတော့ ပန်း အယူခံဝင်လို့ မထင်တော့၊ ပန်း ခြေဖနောင့်လေး အသာဆောင့်ထွက်ခဲ့တော့။ မေမေ သဘောတကျပြုံးပြီး





" အဲဒါသာကြည့် အငယ်က အကြီးအတွက်သောက ရောက်နေရတာလေ "

" ဟုတ်ပါ့ ကိုနိုင်ရယ်၊ ဟင့် ဟင့် သားကိုက ဆိုးတာကိုး"

" ဘယ်လောက်ထိ ဆိုးချင်လည်း ဆိုးစမ်းပါစေကွာ "

ဦးအောင်မြင့်နိုင် ခပ်တင်းတင်းလေးရွတ်တော့ ဒေါ်ပန်းမွှင့်သီ သက်မလေးချကာ

" ကိုနိုင် သိပ်တင်းမနေနဲ့ဦး သားကြောင့် သမီးလေးစိတ်ဆင်း ရဲနေပါ့မယ် သမီးကို ငဲ့ဦးကွယ် "

ဇနီးသည် ဖျောင်းဖျတော့ ဦးအောင်မြင့်နိုင် စိတ်ရှုပ်စွာ ဦးခေါင်း တရစပ်ရမ်းကာ

" သား ဘယ်လောက်ဂျစ်တိုက်ဦးမလဲဆိုတာ စောင့်ကြည့်ရမှာ ပေါ့ကွာ " တဲ့

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

" နေ "

ချစ်သူနဲ့ မျက်နှာချင်းဆိုင်ဖြစ်နေလျက် ကြည်နူးရွှင်ပြရိပ်မပေါ်တဲ့ မျက်နှာခပ်ပဲး ပွတင်းတင်းကို မှုန်ဘဝင်မကျချင်။

" မှုန်ခေါ်နေတယ်လေ "

" ကြားပါတယ် မှုန်ရယ် "

" ကြားရင် ဘာဖြစ်လို့ မှုန့်ကို မကြည့်တာလဲ "

" ပြောလေ "

" ပြောရမှာပေါ့ နေ့မျက်နှာက ဘာလို့မှုန်ကုတ်နေတာလဲလို့ "

ချွဲနွဲ့လွန်းတဲ့ မှုန့်အသံညက်ညက်လေးက သူ့အာရုံ[illegible]များယောင်းနိုင်စွမ်းမရှိသလိုပဲ။ မှုန့်ရဲ့ ကာလာချယ်မျက်နှာလှလှ လေး[illegible]တစ်ချက်ငဲ့ကြည့်ရင်း

" ပုံမှန်ပါပဲ မှုန်ရယ် "





" ဟွန်း မှုန့်ကို မညာနဲ့နော် ပြော နေဘာဖြစ်လာတာလဲလို့"

သူ့မေးဖျားကို ကိုင်လှုပ်မေးလာတဲ့ မှုန့်လက်ချောင်းဖြူသွယ်[illegible]သွယ်ကို ဆုပ်ကိုင်မိပြီး

" ဖေဖေနဲ့ မေမေပေါ့ "

" ဟင် နေ့ဖေဖေနဲ့မေမေက ဘာဖြစ်လို့လဲ နေ "

" နေ တောင်ငူက ပြန်ရောက်ကတည်းက နေနဲ့မျက်နှာချင်းမဆိုင်ဘူးလေ "

" ဘာဖြစ်လို့ "

" အဲဒါ နေခံပြင်းနေတာ "

" ဟွန်း နေ့မိဘက ဘယ်လိုချည်းလဲ "

နှုတ်ခမ်းလေး စူလိုက်တိုင်း ပန်းလိုကြည့်မလှတဲ့မှုန်က နှုတ်ခမ်း[illegible]ပြီး ရှုပ်ထွေးသလိုပြောတော့ သူ့ရင်မှာ ထိုင်းမှိုင်းလေးလံလာသည်။

" ဟုတ်တယ်၊ နေ အဲဒါကို ဘဝင်မကျတာ ပန်းကိုကျတော့[illegible]က်စိအောက်က အပျောက်မခံဘူး၊ နေ့ကိုတော့ "

" ပန်းလေညှင်းကို နှင်ထုတ်လိုက်ပေါ့လို့ "

" မေမေ့ကြောင့်ပေါ့ "

" နေ ပေါ့ပေါ့လေးတွေးမှနေနော်၊ တော်ကြာ မွေးစားသမီးက [illegible]ခုမယ့် အမွေအားလုံးကို ချူသွားရင် နေဆင်းရဲရလိမ့်မယ် "



www.burmeseclassic.com

www.burmeseclassic.com



မွန့်စကားလုံး နုနုလေးကြောင့် သူ့အာရုံ လက်ခနဲ လင်းသွားေ

" မွန့်ပြောနေတာ နေမယုံဘူးလား "

" မယုံတာတော့ မဟုတ်ဘူး "

" မယုံမရှိနဲ့နေ၊ ပန်းလေညှင်းမှာ ဘာအကြွအစည်ရှိနေလဲ နေ သိတာမှ မဟုတ်တာ၊ နေက အပြင်မှာ အချိန်ဖြုန်းနေတဲ့အချိန် ပန်းက နေ့မိဘနားကပ်ပြီး ချွဲကျိုနေမယ်လေ၊ နေ့မိဘက အချွဲကြိုက် တော့ နေ့ကိုတောင် မျက်နှာချင်းမဆိုင်လောက်အောင် မုန်းချင် ဖြစ်နေမှာပေါ့ လို့ "

သူ့ရင်မှာ မွန်းကြပ်လာကာ အသက်ရှူမဝသလိုနှင့်။

" နေခေါင်းငုံ့နေရင် နေပဲဆုံးရှုံးရမှာလေ၊ မွန့်ကတော့ အ ရှုံးမခံနိုင်ဘူး နေရယ်၊ နေ့စိတ်ကို မွန့်အားမရဘူးတကယ် "

" မွန့်ရယ် ပန်း ဒီဇလောက်ထိ မပိုင်ပါဘူးကွာ "

" ဘာဖြစ်လို့ ပြောနိုင်ရတာလဲ "

" နေ့မိဘ ပိုင်သမျှ နေ့နာမည်ချည်းပဲလေ "

" ဘာပဲဖြစ်ဖြစ် လက်ရှိအခြေအနေရ နေ့မိဘနား နေက မရတာ ပန်းခြယ်လှယ်နေလို့ပဲနေရဲ့၊ သတိလည်းထားဦး "

ရင်ခွင်ကို တွန်းလှုပ်ဖိအားပေးလာတဲ့ မွန့်ကြောင့် သူ့ နောက်ကျိုလာသည်။





" ဘာလဲ နေက ပန်းကိုကြောက်နေတာလား "

" ဟင့်အင်း ကွာ "

" ကြောက်နေရင် မွန့်ဝင်ရှင်းပေးမယ် "

" မလိုပါဘူး မွန့်ရယ် "

" မွန့်တို့က မိန်းမချင်းလေ ပိုမြင်တတ်တယ်၊ ပြီးတော့ မွန့် စ်သူရှိနေတဲ့နေရာမှာ ဘာမဟုတ်တဲ့ ပန်းက အချိန်ပြည့်နေထိုင်ခွင့် ရနေတာကို မွန့်မကျေနပ်ဘူး "

သူ့ရင်မှာ ပို၍ပင်မွန်းကြပ်လာသလိုပင်။

" ပန်း ပုံစံကို ကြည့်ပါလား။ မွေးစားသမီးအိမ်စေမနဲ့ တူလို့ သား "

ဆံနွယ်ပျော့လေးမြင့်မြင့်စည်းကာ အိတွဲကျနေတဲ့ဆံနုလေးတွေ ာနေကျတဲ့ မျက်နှာဖူးဖူးလေးက အခြယ်အသကင်းကာ ကြွေရုပ်ကလေး ို လှရတဲ့အထဲ ခေတ်မှီကိုယ်ကျပ်ဝမ်းဆက်လေးက ကိုယ်လုံးအလှ ကြွအိအိပေါ်လွင်လျက် ကိုယ်ပိုင်ကားမောင်းပြီး ကျောင်းတတ်ရတာဖြစ် မွန့်ထက်တောင် ရုပကာဖြောင့်စင်းနေတာ။ မွန့်မျက်လုံးထဲ ဘယ်လို ကြည့်မရနိုင်။

" နေ့မိဘ နေနဲ့ တန်းတူထားရုံမက နေ့ကိုတောင် ကျော်ဖယ် ပြီလေ "



www.burmeseclassic.com

www.burmeseclassic.com



" ကဲပါ မှုန်ရယ် အဲဒါတွေ တွေးပြီ စိတ်ညစ်မခံပါနဲ့ "

" စိတ်ညစ်မခံလို့ ရမလား။ မှုန်က နေ့ချစ်သူလေးပန်းယက်သာတဲ့ အခွင့်အရေးမှန်သမျှ မှုန်ရရမှာပေါ့။ ခုချိန်ထိလည်း နေ့မိဘနဲ့မှုန့်ကို မိတ်ဆက်မပေးသေးတာ မှုန့်ဘက်လည်း စဉ်းစားကြည့်ပါဦး "

အစဉ်အမြဲ နေ့မိဘနဲ့မိတ်ဆက်ပေးဖို့ တောင်းဆိုနေတတ်တဲ့ မှုန်က ဒီတစ်ခါတော့ စိတ်ကောက်သယောင် မျက်နှာလုလုလေး ဆူပုပ် ပြောရှာပြီး ရှေ့ကွဲအကျီမှာ အဝါရောင်ဖဲပွင့်ပုံခေါက်တုတ်ချုည်ထားတဲ့ အနက်ရောင်ကြိုးစလေးဆီမှ သူအကြည့်လွှဲကာ

" အဲဒါ ပြောမလို့ပေါ့ မှုန်ရာ၊ ဖေဖေက ရှောင်ဖယ်နေလို့ "

" နေညှံ့တာကိုး "

" နေညှံ့တယ် "

" ညှံ့တာပေါ့နေရဲ့ မွေးစားသမီးက နေ့မိဘအတွက် နေ့ထက် အရေးပါနေတာ နေညှံ့နေတာ အထင်းကြီးပဲ ဥစ္စာ "

" နေက ဖေဖေ့စကားကို နားမထောင်ဘဲ တောင်ငူထွက်သွားလို့ စိတ်ဆိုးနေတာပါ မှုန်ရယ် "

" ဘာလဲ နေက ပန်းဘက်က ကာကွယ်နေတာလား "

ရန်တွေ့သလို ခါးလေးထောက်ပြောနေတဲ့ ချစ်သူဒေါသ သူ့ရင်ကို မငြိမ်းအေးနိုင်။





" ဘာလို့ ကာကွယ်ရမှာလဲ မှုန်ရယ် "

" မကာကွယ်ရင် ပန်း အဝေးလွင့်သွားအောင် နေလုပ်နိုင်ရမှာ သ "

ပန်းအပေါ် သူ့ထက်ပိုပြီးခါးသီးနေတဲ့ မှုန့်မျက်ဝန်းက သူ့ရင်ကို စ်ထေးသွားစေသည်။ မျက်ဝန်းချင်းဆုံတော့

" နေဦး ပန်းလေညှင်း အဝေးလွင့်သွားအောင် မလုပ်ချင်တာ ား မလုပ်ရက်တာလား "

" မှုန် ဘာတွေပြောနေတာလဲကွာ "

သူ စိတ်ရှုပ်စွာ ခေါင်းကုတ်ဆိုတော့ မှုန် မျက်ဝန်းဝိုင်းမှာ ချော်ရိပ် လွှမ်းလာပြီး

" ဟုတ်တယ်လေ နေက ပန်းလေညှင်းအလှကို ငြိတွယ်ချင် ယ်နေမှာပေါ့၊ အဲဒါကြောင့် "

" တော်စမ်းပါ ကွာ "

မှုန် ပခုံးစွန်းမှ လက်ဖယ်ကာ ခပ်တင်းတင်းလေးဆိုတဲ့ သံက အဆမတန်ကျယ်ရှသွား၏။ နေ့ကို မှုန်ကုတ်ကုတ်ကြည့်ပြီး ှတ်ခမ်းလေးဆတ်ခါကာ

" မှုန့်ဒီလောက်လေး ပြောခွင့်မရှိဘူးလား နေ "

" မှုန်ပြောပုံက တစ်ဆိတ်လွန်လွန်းတယ်ကွာ "



www.burmeseclassic.com

www.burmeseclassic.com



" ဘာ "

" မှုန်ပြောပုံက နေကပဲ ပန်းကိုခိုးကြောင်ခိုးဝှက်ခိုတ်ဝင် ... သလို "

" နေစိတ်မဝင်စားရင် ပန်းလွင့်သွားအောင် နေလုပ်ပိုင် ... တာပဲ မဟုတ်ဘူးလား "

" မှုန် တစ်ဖက်သတ် ပြောလို့မရဘူး "

" ဘယ်လို မှုန်က တစ်ဖက်သတ်ပြောတယ် ဟုတ်လား ... မျက်ဝန်းစူးစူးလေးနဲ့ မာန်ဖီစိုက်ကြည့်ပြီး မေးလာတဲ့မှုန့်အမိပ္ပါယ် ... သူဘယ်လိုနားလည်ရမလဲ မစဉ်းစားတတ်တော့။

" တော်ပြီကွာ မှုန်နဲ့ နေ ရန်မဖြစ်ချင်ဘူး "

" မှုန် သည်းမခံနိုင်ဘူး နေ့ "

" မှုန် ဘယ်လိုဖြစ်နေတာလဲ "

" နေက မှုန့်ကို အပြစ်တင်ချင်နေတယ်ပေါ့လေ "

" ဟာ မဆိုင်တာတွေ ဆွဲမပြောနဲ့ကွာ "

" မပြောစေချင်ရင် ပန်းကို နှင်ထုတ်လိုက်ပြီးတော့ နေ ... မှုန့်ကို မိတ်ဆက်ပေး "

ခံပြင်းလွန်းသော သဝန်တိုဒေါသများနှင့် ရန်မူနေတဲ့ ... သူနားမလည်နိုင်အောင် စိတ်ရှုပ်ထွေးလာသည်။



" မှုန်က နေ့တို့အိမ်က အစေမနဲ့ တန်းညှိမခံနိုင်ဘူးနော်၊ ... တောင်းဆိုတာကို နေအမြန်ဆုံး ဖြည့်ဆည်းပေးရမယ်၊ မဖြည့်ဆည်း ... လို့ကတော့ ဟွန်း "

မျက်နှာထားနဲ့ပြောကာ ပခုံးတစ်ခြမ်းတိုက်ထွက်သွားတဲ့ မှုန်က ... မျက်ဝန်းကို ငေးကြည့်ကျန်ရစ်စေသည်။

ဖေဖေ မေမေတို့ မျက်နှာချင်းမဆိုင်တာ တစ်မျိုး။

ချစ်သူက တောင်းဆိုတာ တစ်ဖုံ။

သူ ဘယ်လိုဖြည့်ဆည်းပေးရမလဲ။

ဖြည့်ဆည်းပေးတာနောက်၊ ဒီလိုဖြစ်ရတာ ပန်းလေညှင်းကြောင့်

ပန်းလေညှင်းရှိမနေရင်

သူ့ဘဝနဲ့ နှလုံးသားငြိမ်းအေးရမှာလို့ နေ ထင်တယ်လေ။

နေ ထင်သလို ဟုတ်နိုင်ပါ့မလား။ တွေဝေစိတ်က ဘွားခနဲ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

" ကိုကို "

သူ စာရေးစားပွဲမှာဝင်ထိုင်သည်နှင့် အခန်းဝမှ ပန်းလေညှ
အသံပေါ်လာသည် သူလှည့်မကြည့်ဘဲ

" ဘာလဲကွာ "

" ကိုကို ကော်ဖီသောက်တော့မလား "

" မသောက်ဘူး "

" ဒါဖြင့် နွားနို့ပူပူသောက်မလား "

" ဘာမှ မသောက်ဘူးကွာ "

အလိုက်သိတတ်ပြနေတဲ့ ပန်းလေညှင်းကို သူ စောင်းငဲ့ကြ
ရင်း အမြင်ကတ်စွာဆိုတော့

" ကိုကိုသောက်ချင်တဲ့အခါ ပြောနော် "

" ကျုပ် နင့်လျှာရှည်လွန်းတယ် ပန်းလေညှင်းရာ၊နင်ထွက်





း ငါ ဒေါသထွက်လာရင် နင် မလွယ်ဘူး"

" ဟုတ်ကဲ့ ကိုကို " တဲ့။

အဲဒါကြည့် မာန်မဲတာတောင် မျက်နှာမပျက်ဘဲ ဟုတ်ကဲ့ကိုကို
ဲ့ အလေးထား ခေါင်းညိတ်ရှာတဲ့ မိန်းကလေး။

ဒီမိန်းကလေးကို သူ ဘယ်လိုနည်းနဲ့ နှင်ရမလဲဆိုတာ အတွေး
ပ်လာသည်။

ဂါဝန်စလေး သိမ်းမ၍ ပန်း လှည့်ထွက်သွားတော့လည်း သူ
က လစ်ဟာသလို။

" နေဦး "

ပန်း ခြေလှမ်းတန့်ကာ ကိုကို့ ကိုကြည့်မိသည်။

" လာဦး "

ခေါ်လိုက်တော့ မျက်လွှာလေးချပြီး သူ့ ရှေ့လာရပ်သည်က
ုမွေ့ယမ်းပစ်ချင်စရာကောင်းလောက်အောင် ချစ်စရာကောင်းနေတာ။

" ပြောပါ ကိုကို "

" နင့်မှာ ရည်းစားမရှိဘူးလား "

" ရှင် "

သုံးဝိုင်းနဲ့ အထိတ်တလန့် မော့ကြည့်ရှာတဲ့ ပန်းက ကလေးပေါက်
 အပြစ်ကင်းသန့်လျက်။ သူမ စကားလုံးကို နားမလည်ဟန်လိုမျိုး။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်မရှည်ချင်တော့။ ထိုင်ရာမှ ထကာ ပြတင်းပေါက်

သွားလေးရပ်ပြီး

" နင် အူကြောင်ကြောင် လုပ်မနေနဲ့ "

" ဘာကိုလဲ ကိုကို "

" နင့်မှာ ရည်းစားရှိလား မေးနေတာ ဖြေ "

ဖွေးဥညက်စင်နေတဲ့ ပါးပြင်က လှုပ်ရမ်းနေတဲ့ အနီရော လိုက်ကာစလို ရဲခနဲ။

" ကိုကိုကလည်း ဘာတွေမေးနေတာလဲလို့ "

" အောင်မယ် နင့်ကိုယ်နင် ကလေးထင်မနေနဲ့ "

" ပန်းက ကလေးပဲဟာ "

" ဘာကလေးလဲ နင်တက္ကသိုလ်ကျောင်းသူဖြစ်ပြီလေ "

" အဲဒါနဲ့ ဘာဆိုင်လဲ ကိုကိုရဲ့ "

" ဆိုင်တယ် တက္ကသိုလ်ကျောင်းသူ ဖြစ်နေပြီး ရည်း ထားရမှာပေါ့ "

ဘုရားရေ။ ပန်း ဦးခေါင်းလေး မဖော်ရဲလောက်အောင် လာသည်။

ကိုကိုကလည်း ဘာတွေပြောနေမှန်း မသိဘူး။ ပန်း ဆံပင် ပွအောင် ကုတ်ဖွနေမိတော့။





" နင့်မှာ ရည်းစားရှိလား မြန်မြန်ပြော "

" မ မရှိပါဘူး ကိုကိုရဲ့ "

" မရှိရင် ရည်းစားထား "

" အို "

" မအိုနဲ့၊ နင့်ကို ငါအမိန့်ပေးနေတာ နင် ရည်းစားထားရမယ် ပ် ပန်းလေညှင်း "

ပန်း နှုတ်ခမ်းလေး ဆူကာ ခြေထောက်လေး ဆောင့်ချင်မိ

" ဘာဖြစ်လို့လဲ ကိုကို "

" နင် ရှာမရှည်နဲ့၊ ရည်းစားထားဆို ထားလိုက်ပေါ့ကွ "

ကိုကိုရယ်။

ပန်းကို ဒီလောက်တောင်မှ မျက်မုန်းကြိုးနေတာလား။

ဖေဖေနဲ့ မေမေက

သမီး ရည်းစားမထားရဘူးနော် လို့ ဆုံးမတာလေ။ ပန်းလည်း ည်းစားမထားချင်ပေါင်။ ကိုကိုက ဘာစိတ်ကူးပေါက်လာသည် မသိ။ ည်းစားထားတဲ့။

" ငါ ပြောတာ ကြားလား "

" ကြား ကြားပါတယ် ကိုကို "



www.burmeseclassic.com

www.burmeseclassic.com



" ကြားတယ်ဆို ကြားတဲ့အတိုင်းလုပ် "

" မေမေတို့ ဆူမှာပေါ့လို့ "

" ဆူရင် ခံလိုက်ပေါ့ "

" ဟွန်း ဘယ်လိုချည်းလဲ ကိုကိုရယ် "

" မေမေတို့ဆူမှာ ကြောက်ပြီး လိမ္မာသလိုလို ဟန်ဆော

ပြမနေနဲ့ မြန်မြန်ရည်းစားထားပြီး ရည်းစားနောက် မြန်မြန်လိုက်ပြေ

" ဟွန်း "

ပန်း စိတ်ဆိုးမာန်ဆိုး နှုတ်ခမ်းဆူပစ်လိုက်သည်။

" ဘာလဲ နင်တစ်သက်လုံး မေမေတို့နားမှာ ကပ်ရပ်နေ

ငါနဲ့ဖေဖေ့ကို သွေးခွဲဖို့ ကြိတ်ကြံနေတာလား "

" မဟုတ်တာ ကိုကိုရယ် "

" မဟုတ်ရင် နင့်လွတ်လပ်ခွင့်နင်ရှာပြီး ဒီတိုက်က ထွက်

ရမယ်လေ "

" နေပါဦး ကိုကိုက ပန်းကို ဒီတိုက်မှာ မနေစေချင်တာလာ

" ဟုတ်တယ် "

ပန်းအပေါ် အဲသလောက် အမြင်ကျဉ်းမြောင်းနေတာလား ကိုကို

ဝမ်းနည်းသ...ို ဖြစ်လာတဲ့ ခံစားမှုက မျက်တောင်တွေကြားမှာ မျက်

စတွေ ရောယှက်လာသည်။





" ဟင့် ဟင့် "

ဝမ်းနည်း မျက်နှာပေးကို လက်ဖဝါးနုနုနဲ့အုပ်ရင်း ငိုရှိုက်ထွက်

...းတဲ့ပန်းကို သူသနားစိတ်ဝင်ရမလား။

ဟင့်အင်း။

သူ ဦးခေါင်းရမ်းကာ ထိုင်ခုံမှာဝင်ထိုင်လိုက်မိသည်။

ပန်း ငိုသံက သူအာရုံမှာ အချိန်အတန်ကြာသည်အထိ

...ျောက်နိုင်တော့။

သူ့ခြေသံက ပန်းငိုသံနောက် စီးမျောသွားကာ

" ဟော့ အသံပြဲကြီးနဲ့ ငိုမနေနဲ့ "

လက်တစ်ဖက်က လှေကားစတီးပွတ်လုံး လက်တန်းကိုကိုင်

... ကျန်တစ်ဖက်က မျက်ရည်တွေသုတ်ရင်း လှေကားပေါ်မှ ပြေးဆင်း

...တဲ့ပန်းကို သူ့အခန်းပြင်ရှေ့ လှေကားထိပ်ဆုံးအဆင့်မှ ရပ်ရင်း

...မိတော့။

" ကိုကိုက ပန်းကိုပြောပြီးတော့ "

" ပြောမှာပဲ "

" ဟီး ဟီး "

ကြည့်စမ်း ကလေးဆိုးကြီးလို အာပြဲချည်းနဲ့အော်ငိုနေတာ

...ခါသထွက်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟဲ့သမီး ဘာဖြစ်လာတာလဲ ကြည့်စမ်းပါဦး မျက်ရည်

နဲ့ ကွယ် "

အပြင်က ပြန်လာဟန်တူတဲ့မေမေက သူ့အမြင်ကတ်လော

အောင် တယုတယ ပွေ့ဖက်ရင်း မေးနေတာလေ၊ ပန်းကလည်း မေ

ရင်ခွင်ထဲ ခေါင်းချရင်း အတော်မသတ်နိုင် ငိုပွဲဆင်နေတာ။

သူ လှေကားထစ်တွေကို ခပ်ကြွမ်းကြွမ်းနင်း၍ ပြေးဆင်း

" ဘာဖြစ်ရမလဲ မေမေ့သမီးကို ကော်ဖီဖျော်ခိုင်းတာ ကြ

လို့ သားဆူလိုက်တာ "

" ဟုတ်ရှလား သမီး "

သူ ဦးစွာတိုင်တန်းလိုက်တော့ မေမေယုံကြည်သွားဟန်မေး

ပန်း ရှိုက်သံလေးပျောက်ကာ ကိုကို့ကို မျက်ရည်များကြားမှ တအံ့

ကြည့်မိသည်။

" ကော်ဖီမြန်မြန်ဖျော်ခဲ့ "

" ကဲပါ သမီးရယ် ကိုကိုခိုင်းတာ လုပ်ပေးလိုက်လေ၊

မေမေ့အတွက်ပါ အအေးဖျော်ခဲ့ "

မေမေက ကိုကိုပြောတာကို ယုံသွားပြီလား။

" ပူအိုက်လိုက်တာကွယ် မေမေအဝတ်လဲဦးမယ် "

မေမေ ခပ်ပေါ့ပေါ့ပြောပြီး အခန်းထဲဝင်သွားတော့ သူနဲ့





အကြည့်ချင်းဆုံသည်။

" ကိုကို တကယ်ပြောတာလား "

" ဘာလဲ "

" ကော်ဖီဖျော်ဖို့ "

" အင်း "

သူ ဂျစ်တစ်တစ်ရွတ်ရင်း အပေါ်ထပ် လှေကားထစ်တွေကို

ဖြတ်နင်း တက်ခဲ့မိတဲ့ စိတ်ကမလုံမလဲ။

လည်ပြန် လှည့်ကြည့်မိတော့ သူနဲ့ ပန်းမျက်ဝန်း ဒုတိယအကြိမ်

ဆုံပြန်သည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

" ကိုကို ဖုန်းလာနေတယ် "

" ဘယ်သူလဲ "

" သလင်းမှုန်လေ ကိုကို "

သူ မျက်ဝန်းမှုန်ကုတ်ကာ ပန်းကို စိုက်ကြည့်မိသည်။ ပန်းအသံ
က ရွှင်မြူးနေတာ ဘာကြောင့်လဲ။

" နေဦး သလင်းမှုန်ကို နင်သိလို့လား "

" သိတာပေါ့ ကိုကို့ချစ်သူလေ "

နှုတ်ခမ်းတွန့်ကွေးလိုက်မိသည်နှင့် သောက်လုဆဲဆဲ ကော်
ပြန်ချစဉ် ကော်ဖီတွေလှုပ်စင်သွားသည်။

မှုန်နဲ့ချစ်သူဖြစ်တာ ဘယ်လိုလုပ် သိသွားပြန်ပြီလဲဆိုတဲ့
မျက်ဝန်းနဲ့သူကြည့်တော့ ပန်းက ဖိတ်စင်သွားတဲ့လက်ဖက်ရည်တွေကို





ဝါပိုင်းနဲ့သုတ်ကာ

" ကိုကိုက သိပ်ရွေးတတ်တာပဲ၊ မမမှုန်က အရမ်းလှတာပဲ
နော် "

သူ့ရင်မှာ အောင့်သက်သလို ခံစားလိုက်ရသည်။ မှုန်က ပန်း
လောက် မလှတာ သူ့ရောမှုန်ပါ သိတယ်။

ပန်းက ဘာဖြစ်လို့ အရမ်းလှတာပဲလို့ ပြောရတာလဲ။ သူ့ကို
အရွဲ့တိုက်တာလား။ ကြည်စင်နေတဲ့ ပန်းမျက်ဝန်းက အရွဲ့တိုက်မှန်း
ဟုတ်ကြောင်း သိသာနေပေမယ့် သူ့စိတ်က အောက်သိုးကာ

" နင်ဘယ်လိုလုပ် သိလဲ "

" ယမင်း ပြပေးတာလေ၊ မှုန့်ကို ကိုကိုလိုက်နေကတည်းက
န်းသိနှင့်တာ။ မှုန်နဲ့ကိုကိုက သိပ်လိုက်ဖက်တာပဲ သိလား။ ကိုကိုတို့
တွဲကိုမြင်ရင် ပန်း ငေးကြည့်မိတာ ကိုကိုရဲ့ "

ကလေးတစ်ယောက်လို တရစပ်ပြောနေတဲ့ ပန်းကို သူမကြည့်
။ ဆတ်ခနဲ ထထွက်လိုက်သည်။

" ကိုကိုက ရုက်သွားတာလား "

"အောင်မာ ငါက ဘာလို့ရှက်ရမှာလဲ "

" သိဘူးလေ၊ ကိုကို့မျက်နှာချည်း တွန့်ပွပြီးတော့ "

သူ သက်ပြင်းလေး ကြိတ်ချမိ၏။ နူးညံ့မှုအပြုံးလေးနှင့် ပန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးလို လှနေတဲ့ပန်းလေညှင်းက ကလေးစိတ်ပဲလား။

ကလေးစိတ်ဖြစ်နေတဲ့ပန်းကို ဟိုနေ့က ရည်းစားထားဖို့ အမျိ

ဝေတော လွန်သွားပြီလား။

ပြီးတော့ ငိုလိုက်တာလဲ ကလေးလိုပဲ တဟီးဟီးနဲ့။

ခုတော့လည်း အလိုလိုက်ခံရတဲ့ ကလေးလို မြူးနေတာလေ

" ကိုကို မြန်မြန် ဖုန်း သွားပြောလေ။ တော်ကြာ စိတ်ကောင်း

နေလိမ့်မယ် "

တစ်ဖက်သားကို ငဲ့ညှာစိတ်ရှိတာက ကလေးဆန်နေတာမဟုတ်

ပြန်။ သူ ဘာမှမပြောဘဲ ညေ့ခန်းထဲ ရွေ့ခဲ့သည်။

ဖုံးစင်ဘေး ဆိုဖာမှာ ဖေဖေသတင်းစာဖတ်ရှိန်မပျက်။ ဖေဖေ

ဘေးမှာ မေမေက တီဗီကြည့်လျက်။

သူ ဖုန်းကိုင်လိုက်ပေမယ့် ဖေဖေနဲ့မေမေအကြည့်က သူ့ထံ

မလာ။ ခုချိန်ထိ သူ့ကို စိတ်ဆိုးကာ လျစ်လျူရှုနိုင်ရက်တယ်။ ဟင့်အင်း

ဒီအကြောင်း မတွေးချင်ဘူး။

" ဟဲလို "

သူ ခပ်တိုးတိုး ဖုန်း ထူးလိုက်တော့ မေမေ မသိမသာ ရှေ

ကြည့်သည်။

" နေရယ် ကြာလိုက်တာ "





မှုန့်ရဲ့ ဆူပုပ်သံက သူ့နားထဲ ဒိုင်းခနဲ စောင့်ဝင်လာသည်။

" နေ ဘာလို့ချက်ချင်း ဖုန်းမကိုင်ရတာလဲ "

" ကော်ဖီ သောက်နေလို့ "

" ဟွန်း မှုန်စောင့်နေရတာ အကြာကြီး "

" ဘာပြောမလို့ ပြောလေ "

" မှုန် တောင်းဆိုထားတာ နေ မေ့နေပြီလား "

သူ မသိမသာ နှုတ်ခမ်းပါးလေးတွန့်သည်။

" ပြောလေ နေ၊ မေ့နေပြီလားလို့ "

" မ မမေ့ပါဘူးကွာ "

" ဟာ အဲဒါဆို "

" နေ စဉ်းစားနေပါတယ် "

နားသယ်စပ်ကို လက်ညှိုးနဲ့ ထောက်ပွတ်ကာ ဖြေလိုက်မိသည်။

" ဘာ "

မှုန် ဘယ်လောက်တောင် ရှပ်ပျက်ဆင်းပျက် ဖြစ်သွားမလဲ

သိ။ ဖုန်း လိုင်းထဲကအသံက ငုက်ဆိုးသံလို ပူပြင်းစူးအောင့်လှသည်။

" ဘယ်လိုပြောလိုက်တာလဲ နေရယ် "

" ဟိုလေ မှုန်နှစ်ခုလုံး တစ်ပြိုင်နက်ချည်းတော့ မဖြစ်နိုင်

ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို နေတာ မှန့်ကို တန်ဖိုးမထားတာပေါ့ "

" မဟုတ်တာပဲ မှန့်ရယ် "

" ဘာလို့မဟုတ်ရမှာလဲ နှစ်ခုလုံးမဖြစ်နိုင်ရင် တစ်ခုခုတော့ ...ပေးရမယ်လေ "

" နေကြိုးစားနေပါတယ် ကွယ် "

" ဟွန်း ပျော့တိပျော့ဖတ် နေပုံနဲ့ မဖြစ်ဘူး။ ခုလောလော... ဆယ် နေ့မိဘနဲ့ မှန့်ကို အရင်မိတ်ဆက်ပေး "

တစ်ထစ်လျှော့ဆိုတဲ့မှန့်ကို သူမငြင်းသာတော့။

" အင်းပါကွာ "

" အဲဒါဆို ဘယ်နေ့လဲ "

" မလောပါနဲ့မှန့်ရယ် ဖေဖေတို့က တင်းနေသေးတယ် "

သူ တိုးတိုးလေးပြောလိုက်တော့ သတင်းစာဖတ်နေတဲ့ ဖေဖေ... ကြားသွားတယ် ထင်တယ်။ သတင်းစာဖတ်နေတဲ့ ဖေဖေ့မျက်ဝန်း... မျက်မှန်ဝိုင်းထဲမှ တစ်ချက်လှန်ကြည့်သည်။ ဖေဖေ့အကြည့်ကိုတော့ ... ပခုံးနဲ့ကွယ်ရင်း မသိချင်ဟန်ဆောင်ပစ်လိုက်သည်။

" တင်းနေရင် ချော့လိုက်ပေါ့ "

" မှန့်သဘောပါကွာ "

" ဟင့် ဟင့် ခုမှပဲ မှန့်စိတ်ကြည့်တော့တယ်၊ ဒါပဲ...





...ခ်မြန်မြန်စီစဉ် "

" စိတ်ချပါကွာ "

ဖုန်းလိုင်းထဲက အနမ်းလေးပေးရင်း ဖုန်းချသွားတဲ့ မှန့်ဖီလင် ...ကို သူခံစားလို့မရ။ ဖုန်းခွက်အသာချကာ ဖေဖေ့ရှေ့မှာ သူဝင်ထိုင်တော့ ...ဖေက သတင်းစာကို စားပွဲပေါ်ပစ်တင်ရင်း ထွက်သွားဟန်ပြင်သည်။

" ဖေဖေ "

သူခေါ်တော့ ဖေဖေငဲ့ကြည့်ပြီး

" ဖေဖေ စက်ရုံသွားရတော့မယ် "

" သား ပြောစရာရှိလို့ "

ဖေဖေက အရေးမထားတာလား၊ ဘာလား မသိ။ ညှော်ခန်း ...မှာ ချိတ်ထားတဲ့ကားသော့လှမ်းယူသည်။

" ပြောစရာရှိတာပဲ ပြော "

မေမေက သူ့ဘက်တစ်ကိုယ်လုံးလှည့်ထိုင်ကာ

" ပြောလေသား ဘာပြောမှာလဲ "

" ဟို သားမှာချစ်သူရှိနေပြီ "

သူ သွယ်ဝိုက်မနေတော့၊ ခပ်ရှင်းရှင်းလေးပဲ ပြောလိုက်တော့ ...ဖေက အရေးမပါရန်ကောဆို မျက်ဝန်းနဲ့ကြည့်သည်။

" ဖေဖေ သိတယ် "-



www.burmeseclassic.com

www.burmeseclassic.com



" ဟင် "

" ဟုတ်တယ်သား မေမေတို့ သိပြီးပြီ "

မေမေပါ ပုံမှန်အသံနဲ့ ဝင်ပြောတော့ သူမျက်ဝန်း မှိုင်းရိပ်လွှမ်း ကာ

" မေမေတို့ကို သားခုမှဖွင့်ပြောတာလေ "

" သား မပြောခင်ကတည်းက သမီးပြောပြီးသား "

ဖေဖေ့အသံက စိတ်မဝင်စားသလိုလို တကယ်ဆိုရင် သူ့ချစ် ကို ဖေဖေနဲ့မေမေအလေးထား စိတ်ဝင်စားရမှာလေ။

ခုတော့။

" သားကြိုက်တယ်ဆို ပြီးတာပဲ၊ သီသီရေ လက်ကိုင်အိတ် အခန်းထဲမှာ ထင်တယ်ကွာ "

သူပြောချင်ရာကို ဖေဖေပေါ့ပေါ့ပါးပါး ဖြတ်တောက်လိုက် လား။ မေမေက အခန်းထဲဝင်ကာ ဖေဖေ့လက်ကိုင်အိတ် ယူတော့သည် ဖေဖေက ဟမ်းဖုန်းဖွင့်ကာ ဖုန်းနံပါတ်တစ်ခုကို စိတ်ဝင်တစား နှိပ် သည်။

" မဟုတ်ဘူးလေ ဖေဖေ၊ ဖေဖေတို့သဘောထား "

ဖေဖေလက်ကာဟန့်ကာ ဖုန်းစကားပြောတော့ သူ့ရင်မှာ အ လုပ်ခံရသလို ခံပြင်းသွားသည်။



သူ့ ကိစ္စကို ဘာကြောင့်အရေးမထားချင်တာလဲ။

သူ ဆိုဖာပေါ်မှာ ဆောင့်ဆောင့်အောင့်အောင့်ထကာ ဧည့်ခန်း ထဲက ထွက်တော့

" ကိုကို ကော်ဖီ သောက်ဦး "

ကော်ဖီခွက်ထည့်ထားတဲ့ ဗန်းအပြာလေး ပင့်မလာတဲ့ နီးအပေါ် သူခံပြင်းမှု လွှင့်ကျသွားသည်။

" မသောက်ဘူး ကွာ " တဲ့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

" ဒီလောက်ကိစ္စလေးကို ခေါင်းထဲထည့်ပြီး စိတ်ညစ်… ကွာ "

ဆက်ပိုင် ဂစ်တာကိုပွေ့ပိုက်ကာ လက်ချောင်းတွေကို ကြိုး… တင်ရင်း ခပ်ပေါ့ပေါ့ပြောပေမယ့် သူ့ရင်မှာဖော့ပြီးခံစားလို့မရ။

ဆက်ပိုင်အတွက်က ဒီလောက်ကိစ္စလေးလို့ ပြောသာပေ… သူ့အတွက် ကိစ္စကြီးတယ်လေ၊ ဆက်ပိုင် သီချင်းတစ်ပုဒ် သံစဉ်ပြီး… က သူ့ကိုဘာမှ ပြန်မပြောရန် တားဆီးလိုက်သလို။

သူ့အာရုံက ဆက်ပိုင်သီဆိုနေတဲ့ မြူးမြူးကြွကြွ အချစ်သီ… ထဲ စီးမျောမသွားဘဲ ထိုကိစ္စကြီးအပေါ် စီးဆင်းလျက်။

ထိုနေ့က မှန့်တောင်းဆိုမှုအတိုင်း ဖေဖေတို့နဲ့မှန့်ကို တွေ့… ခဲ့တာ။



" ဖေဖေအစည်းအဝေး တက်ရမယ့်အချိန်နီးနေပြီ "ဟု …ရင်း ခပ်တည်တည်ရှောင်ထွက်သလို မေမေက

" ဆေးခန်းချိန်နီးနေပြီ သမီးရယ် ဟင်း ဟင်း "

ဆိုပြီး မှန့်ကိုရှောင်ထွက်သွားတာလေ ပြီးတော့

" မိပုရေ သား ညှိသည်ကို ညှိခံလိုက်စမ်းပါကွယ် "

…ပြီး မေမေပြောကာ ထွက်သွားတော့ အလှဆုံး ဆေးခြယ်ထားတဲ့ …ကနှာလေးက ကတ္တရာစေးလို ရှစေးခဲတူးခြစ်သွားပြီး ထိုင်ရုံရှိသေး …ဖိုဟာပေါ်က ဆတ်ခနဲထကာ ဘောက်တိဘောက်ဆက် ထွက်သွားတော့

" မှန့် "

လက်ဖဝါးနုနုလေးကို သူ ဖျစ်ညှစ်ဆွဲတားပေးမယ့် မှန့်ရှန်း၍

" တော်ပြီနေ၊ နေ့မိဘက မှန့်ကို သိပ်အထင်သေးလွန်းတယ်"

" မဟုတ်တာပဲ မှန့်ရယ်၊ ဖေဖေက တကယ့်အစည်းအဝေးချိန် …နေလို့၊ မေမေကလည်း ဒေါက်တာနဲ့ တွေ့ရမှာမို့ပါ "

" ထားတော့ မိပုကို ညှိခံနိုင်းတာက ဘာသဘောလဲ"

လည်တိုင်လေးကို လက်ညှိုးလေးနဲ့ထိုးပွတ်ရင်း မှန့်ကို သူဖျတ် …ကြည့်ဖြစ်သည်။ ဖေဒါရောင် ဖျော့ဖျော့ဆေးခြယ်ထားတဲ့ မှန့်က… …ခမ်းကို တွန့်ခနဲ

" မှန့်ကို အခိုင်းအစေ အဆင့်ရောက်အောင် နှိမ့်ချလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား နေ "

" မဟုတ်တာပဲကွာ၊ မိပုက ညှော်သည်တွေကို စားသော[...]
စရာ တည်ခင်းပေးနေကျမို့ မေမေခိုင်းလိုက်တာပါ မှုန့်ကို "

" မှုန် သိသွားပြီနေ၊ နေ့မိဘ မှုန့်ကို ဘာကြောင့်နှိမ့်ချလဲ[...]
တာ "

" မှုန် အထင်မလွဲပါနဲ့ကွာ "

" မှုန့်ကို အထင်မလွဲစေချင်ရင် နေ့မိဘဒီလို မဆက်ဆံ[...]
ဘူးလေ "

မကျေမနပ် လျှောက်ထွက်သွားကာ ပြောနေတဲ့ မှုန့်စိတ်[...]
သာဖို့ သူထပ်ကြပ်မခွာလိုက်၍

" နောက်တစ်ကြိမ် ဒီလိုမဖြစ်စေရပါဘူး မှုန်ရယ် "

" ဟွန့် စိတ်မဝင်စားတော့ဘူး "

" မှုန်ရယ် မှုန့်ကို နေပြောသားပဲ၊ ဒီနေ့ ဖေဖေတို့အ[...]
မဟုတ်ဘူးလို့၊ မှုန်က ဒီနေ့ပဲ မိတ်ဆက်ပေးဖို့ ဖွတ်အတင်းပြော[...]
မှုန့်ဆန္ဒအကိုင်း နေခေါ်လာတာလေ "

မှုန်ခြေလှမ်းရပ်ပစ်ကာ နောက်ကကပ်ပါလာတဲ့ နေ[...]
လည်ပြန်ကြည့်ပြီး

" ဘာကြောင့်ဖြစ်ဖြစ် မှုန့်ကို မျက်နှာလွှဲခဲ့ပစ် ဆက်ဆံတာ[...]



[...]ခံမကျေနပ်ဘူး "

" နေ တောင်းပန်ပါတယ်ကွာ "

" ဟွန့် မှုန့်ကို ခုလိုဆက်ဆံလိုက်တာ ပန်းလေညှင်းကြောင့်
[...]ဆိုတာ မှုန်သိတယ် "

" မဆိုင်တာပဲကွာ "

" နေ မဆိုင်ဘူး ပြောနေတာက ပန်းကို ကာကွယ်နေတာလေ"

သူ စိတ်ပျက်စွာကြည့်ရင်း ဆံပင်တွေကို လက်ချောင်းတွေနဲ့
[...]းဖွလိုက်မိသည်။ သူ ဆက်ပြောရင် မှုန်က ပန်းဘက်လိုက်တယ်
[...]ပြောဦးမယ် မပြောဘဲ နှုတ်ဆိတ်နေတော့လည်း

" မှုန်နဲ့ပတ်သက်ရင် နေဘယ်သူ့ကိုမှ ကာကွယ်နေဖို့မလို
[...]ဘူး ခုလိုဖြစ်ရတာ ပန်းလေညှင်းကြောင့် "

မှုန်ကျေနပ်အောင် ဘယ်လိုစွမ်းဆောင်ရပါမလဲ။

" နေ့မိဘ မှုန့်ကို အရေးတယူလက်ခံဖို့ နေမကြိုးစားပေး
[...]ဘာ၊ မှုန်ကိုယ်တိုင် ကြိုးစားရမယ် "

" ဟင် "

" ဟုတ်တယ် မှုန်ကိုယ်တိုင် ကြိုးစားရမယ်၊ ပန်းလေညှင်း
[...]ထင် သွားအောင် မှုန်ကြိုးစားရမယ်လေ၊ ဒါမှ နေ့အတွက် မှုန့်ကို
[...]မိဘလိုလိုလားလားဖြစ်လာမှာ၊ ဒါကြောင့် မှုန်ကြိုးစားမှုကို နေဝင်မရှုပ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ "

သူ ဆုပ်ကိုင်ထားတဲ့ လက်ဖဝါးလေးကို ဆွဲဖယ်ကာ ချာ…
လှည့်ထွက်သွားတဲ့ မှုန့်ကို တားဆီးခွင့်မသာတော့။

မှုန် ဘယ်လိုတွေ ကြိုးစားမှာလဲ

သူ့ရင်မှာ မီးတောက်တစ်ခုလုံးလို ဆူပွက်လာသည်။ သူ့ ဦး…
တွင်တွင်ရမ်းပစ်လိုက်တော့ ဆက်ပိုင် ဂစ်တာကြိုးတွေကို ဗျင်းခနဲ …
လိုက်ကာ

" မင်းစိတ်ရှုပ်ခံပြီး မတွေးစမ်းနဲ့ကွာ "

" မတွေးလို့ ရမလား "

ဆက်ပိုင် ဂစ်တာကို စားပွဲပေါ်တင်ရင်း ရှုံ့မဲ့ကြည့်ပြီး

" တွေးနေလို့ ဘာထူးမှာလဲ "

" ဟာ မင်း မှုန့်အကြောင့် သိသားနဲ့ "

" သိလို့ ပြောတာပေါ့ကွ၊ မှုန် လုပ်ချင်သလို လုပ်ပါ…
လွှတ်ထားလိုက် "

" ပြဿနာ ပိုကြီးလာရင်ကော "

" မှုန့်ဘာသာ ရှင်းပါစေပေါ့ကွာ "

ထိုင်ခုံမှထကာ ခြံရှေ့ဘက် သူလျှောက်ထွက်တော့ ဆက်…
နောက်ကလိုက်လာပြီး ပခုံးဖက်သည်။





" ငါပြောတာ မင်းအတွက် ပျော်ချင်လို့ ရည်းစားထားတာ၊
…အခု ဘယ်မှာပျော်ရလို့လဲ၊ မပျော်ရတဲ့အထဲ စိတ်ရှုပ်စရာတွေးပြီး
…ဘတ်အကျွမ်းခံနေတာ မင်းကိုယ်မင်း နှိပ်စက်တာနဲ့ တူတယ် နေဇင်
…ဘ် "

မျက်နှာကို လက်ဖဝါးနှင့်တစ်ချက် ပွတ်သပ်ရင်း သူ့သက်ပြင်း
…ချက် တိတ်ဆိတ်တဲ့ခြေလှမ်းက ရွေ့နေဆဲ။ ဆက်ပိုင်က အားမလို
…မရ စွေကြည့်ကာ ဘေးမှကပ်လျှောက်ပြီး

" မင်းနဲ့မှုန်ကို မဝေဖန်ချင်ဘူး နေ၊ တကယ်ဆို ချစ်သူ့အခဆင့်
… ဒီလောက်ထိ ဝင်နှောက်ဖို့မသင့်ဘူးကွ "

" မင်းဆိုလိုတာက "

" ဟုတ်တယ်ကွ ချစ်သူဆိုမှတော့ သွားမယ်၊ လာမယ် ချစ်စ
…ခဲ့တွပြောမယ်၊ ပျော်ကြမယ်၊ ဒီလောက်ပဲ၊ မိဘအသိအမှတ်မပြုဘဲ
…ည်း ချစ်သူဘဝကို ဖြတ်သန်းလို့ရတယ်လေ "

" မင်းပြောတာ သိပ်နားမလည်ဘူး "

ခြံပြင်လမ်းလယ်မှ ကျောက်ခဲတုံးလေးကို ဖိနပ်ဦးနဲ့ ကန်ပစ်
… သူပြောတော့

" မှုန်က ဘာဖြစ်လို့ နေ့မိဘအသိအမှတ်ပြုတာ ခံချင်ရတာလဲ"

" မသိဘူးလေ "



www.burmeseclassic.com

www.burmeseclassic.com



" သိအောင် မေးပေါ့ကွ "

" မှုန်က စိတ်ကောက်အလွယ်သား "

" အဲသလောက် စိတ်ကောက်နေရင် ဖြတ်လိုက်ကွာ "

" ဟင်း "

မျက်ဝန်းဝိုင်းနဲ့ ဖျတ်ခနဲကြည့်တော့ ဆက်ပိုင် မျက်ခုံးပင့် ခေါင်းဆတ်ကာ

" မှုန့်ကြောင့် မင်းစိတ်ညစ်ရသလို မင်းမိဘနဲ့လည်း အဆ မပြေဖြစ်ရတယ် မဟုတ်လား "

" အင်း "

" အဲလိုဖြစ်မှတော့ ရည်းစားထားတာ ဘာပျော်စရာကော မလဲ၊ ပျော်စရာမကောင်းမယ့်အတူ ဖြတ်ပစ်တာ အကောင်းဆုံးပဲ "

ဆက်ပိုင်ပေးတဲ့အကြံက အကောင်းလား၊ အဆိုးလား မခွဲခြားတတ်တော့။

" လာ လက်ဖက်ရည်ဆိုင်ထိုင်ရင်း အာရုံရှင်းရအောင်ကွ "

ဆက်ပိုင်ဆွဲခေါ်တဲ့အတိုင်း သူပါလာတာ စိတ်က ညစ်နေ ထိုစဉ် လက်ဖက်ရည်ဆိုင်ရှေ့ထိုးဆိုက်လာတဲ့ မာစီဒီးအဖြူလေး ဆင်းလာတဲ့ စုံတွဲတစ်တွဲကို အမှတ်မထင် မြင်ရတော့

သူ ခြေလှမ်းက ဖျတ်ခနဲ နောက်ကြောင်းပြန်လှည့်ပြီး





ဖြစ်သွား၏။

" နေဘာဖြစ်သွားတာလဲကွ "

လက်မောင်းကို ဆက်ပိုင်ဆွဲထားပေမယ့် ဆက်ပိုင်လက်ကို သူပုတ်ချကာ လှည့်ထွက်ခဲ့မိသည်။

သူ့ မျက်ဝန်းမှာ လက်ချိတ်မထားပေမယ့် ယှဉ်တွဲကာ ဆိုင်ထဲ ဝင်သွားတဲ့ ပန်းလေညှင်းနဲ့ လူချောကို အထပ်ထပ်မြင်ရင်း

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မိုးရွာပြီးစ အာရုံဦးက စိုဖတ်လန်းဆန်းနေတဲ့ ပန်းကလေး နှယ်။ ရွာသွန်းပြီးစ မိုးရနံ့နှင့်အတူ သင်းထုံမွှေးရတဲ့ စပယ်ရနံ့၊ နှာမှုတ် တိုးဝှေ့နမ်းရှိုက်လာစဉ် မေးဆင်းနေတဲ့ မျက်လွှာပွင့်လာကာ သူကိုယ်က မွေ့ရာပေါ်မှထကာ ပြတင်းပေါက်တံခါး တွန်းဖွင့်လျက်သားဖြစ်သွား သည်။

ပြတင်းဘောင်မှာ လက်ထောက်ကာ ခြံရှေ့မြင်ကွင်းကို ငေးကြည့် နေမိတဲ့သူ။ မျက်ဝန်းက စပယ်ပန်းတွေ ဆွတ်ခူးနေတဲ့ပန်းထုံ ဝဲဖြာလျက်။

စံပယ်ပန်းရနံ့က သွေးဆောင်တာလား။ ဒါမှမဟုတ် လန်းဆန်း စိုစွတ်နေတဲ့ အာရုံဦးက ဆွဲခေါ်တာလားမသိ။ သူ့ခြေလှမ်းက ခြံထဲဆင်း ကာ စပယ်ရုံဆီ ရွေ့လျားခဲ့ပြီး။





" ဟင် ကိုကို အစောကြီးနိုးတာလား "

စပယ်တွေခူးနေရင်း မော့ကြည့်ကာ ပန်းမေးတော့ သူ့စိတ်က ာစ်မျိုးဖြစ်နေပြန်။

" ငါ့ဘာသာ ငါနိုးချင်တဲ့အချိန် နိုးတာ "

ပန်း ဖက်ကလေးပုဝင်သွားသည်။ စပယ်ချိုဘေးက ြက်ခင်းစိမ်းမှာ လမ်းလျှောက်ရင်း ပန်းကို မသိမသာ စောင့်ကြည့်မိပြန် သည်။

" ကိုကို အခန်းမှာ စပယ်တွေ ထားဦးမလား "

" မထားဘူး "

" ကိုကို မနက်စာ စားတော့မလား "

" မစားဘူး "

သူ လက်နှစ်ဖက်ဆန့်ကာ သွေးပူလေ့ကျင့်ခန်းလုပ်ဖို့ပြင်တော့ ယ်လမင်းဘန်းခုံးအဖြူရောင်လေးအမောက်ဖြစ်သွားတဲ့ စပယ်ပွင့်တွေကို င်မှာပွေ့ပိုက်ကာ ပန်းထွက်သွားတော့ သူလေ့ကျင့်ခန်း ဆက်လုပ်လို့ ရအောင် ဖြစ်သွားပြန်သည်။

ပန်းမေးခွန်းတွေက ဝတ္တရားဆန်လှတာ ဘာကြောင့်လဲ။

သူ့ကို မျက်နှာချိုသွေး မေးတတ်တာ ပန်းငယ်ကျင့်ပဲ။ သူ့စိတ်က ာဝင်မကျဖြစ်မြဲဖြစ်တာ မဆန်းပေမယ့် သူ့ရင်မှာ တစ်စုံတစ်ရာကို



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံနဲ့ ယစ်ဝဲနေမိတာ ဆန်းလှသည်။

သူ ခြေဖဝါးမှ စပယ်ရနံ့ဆီ ရွေ့လျားရင်း ပန်းနောက် ဆီသွားခွာပါလာသည်။ ထမင်းစားခန်းထဲက ပြောင်ရှင်းနေတဲ့ စားပွဲပေါ် ပန်းဘန်းတင်၍ ပန်းသီရန် ခုံဆွဲထိုင်လိုက်တော့ ကိုကိုက ပန်းနဲ့မျက်နှာ ချင်းဆိုင်ထိုင်ကာ

" မနက်စာ ပြင်ကွာ "

" ဟင် ကိုကိုခုနက ပြောတော့ မစားဘူးဆို "

" ခုနက ခုနက၊ အခုက အခု "

" ကိုကိုကလည်း တစ်မျိုးပဲ "

ပန်း ဂါဝန်အောက်နားစလေးပင့်မကာပြောတော့ သူမျက်ဝန်း က ပန်းကို အောက်သိုးသိုးကြည့်ပြီး

" တစ်မျိုးမဟုတ်ဘူး ဆယ်မျိုးကွာ "

ပန်း နှုတ်ခမ်းလေးစေ့ရင်း မီးဖိုခလုတ်ဖွင့်ကာ ကြက်ဥဟင်း ဘိုက်ကြော်ဖို့ ပြင်ဆင်သည်ကို သူ ငေးကြည့်လျက်

" နင် မနေ့က ဘယ်တွေလျှောက်လည်လဲ "

သူ မအောင့်နိုင်ဘဲမေးတော့ ပန်းက ဆီဒယ်အိုးထဲ ကြက်ဥ ဖောက်ထည့်မပျက်ဘဲ

" ဘယ်မှ မလည်ဘူးကိုကို" တဲ့





ဘွစ် ဒါညာတာမဟုတ်လား။ သူ့မျက်စိနဲ့တပ်အပ်မြင်နေလျက်နဲ့။ သူ့နှုတ် ခမ်းတင်းကာ

" ဟုတ်လို့လား "

" ပန်း မညာပါဘူး ကိုကိုရယ် "

ဟွန်း မညာဘူးတဲ့။ သူ့ရင်မှာ အကဲကြောင်းလေးပေါ်လာပြီး

" နင်ရည်းစားရနေပြီ မဟုတ်လား "

" မရပေါင် "

ကြက်ဥဟပ်ဘိုင်ပူပူရွှေးကို ပန်းကန်ပက်ပက်လေးထဲထည့် ကာ သူ့ရှေ့လာချပေးတဲ့ ပန်းအမူအယာက ပုံမှန်။ ပုံမှန်မဖြစ်တာက သူ့စိတ်လား။

" ပေါင်မုန့် မီးကင်မယ်နော် ကိုကို "

" မကင်နဲ့ "

" ယိုနဲ့ပဲ စားမလို့လား "

" ဘာနဲ့မှ မစားဘူး "

" ထမင်းကြော်ပေးရမလား "

" မကြော်နဲ့ "

" ဒါဆို ကိတ်စားလေး၊ ကိုကို့အကြိုက် ချောကလက်ကိတ်၊ မေမေ အော်ဒါမှာထားတာ၊ ညနေကပဲ လာပို့သွားတာ၊ ချောကလပ်ရနံ့



www.burmeseclassic.com

www.burmeseclassic.com



ကသင်းနေ့ရော ကိုကို၊ အရင်ကိတ်တိုက်တွေနဲ့ မတူဘူး။ ဒီ ကိတ်တိုက်က ရှေးဆိုးသင်းတယ်၊ အရသာလည်း ပိုကောင်းမှာ ကိုကို့ရဲ့ စားကြည့်လေ"

ပုံမှန်အတိုင်း ရွှန်းရွှန်းဝေပြောရင်း ကိတ်အသစ်စက်စက်ကို သူ့ရှေ့လာချတဲ့ပန်းရဲ့သွက်လက်မှုက သူ့ရင်ကို တအုံနွေးနွေးဖြစ်စေသည်။

အငွေ့လှိုင်လှိုင် ပုံထွက်နေတဲ့ ကော်ဖီခွက် ကြက်ဥဟာက်တို့နဲ့ ဘြိဂံပုံလှလှပေး လှီးဖြတ်ထားတဲ့ ကိတ်တုံးလေးတွေကို အဓိပ္ပါယ်မဲ့ ငေးကြည့်ရင်း သူ့စိတ်က တစ်စတစ်စ ဆူတက်လာသည်။

" ပန်း စံပယ်တွေ သီဦးမယ် ကိုကိုဘာလိုသေးလဲ ပြောနော်"

" မပြောဘူးကွာ "

နံမှာထိုင်ချဖို့ပြင်တဲ့ ပန်းကိုယ်လုံးပြန်မတ်ကာ ကိုကို့ကို ဂရုစိုက်ကြည့်တော့ မျက်နှာက မှုန်ကုတ်နေဆဲ။

" ကိုကို ဘာဖြစ်နေတာလဲ "

" ဘာပဲဖြစ်ဖြစ် "

" မွှန်း ကိုကိုကလည်း ကလေးကျနေတာပဲ၊ ဘာဖြစ်လဲဆိုတာပြောမှပေါ့ "

အိပ်ရေးဝနေတဲ့ ကိုကို့မျက်လုံးအစ်အစ်လေးကို ကြည့်ကာပြောတော့





" မပြောဘူးကွာ "ဟု စိတ်မရှည်စွာရွတ်သလို ထိုင်ရာမှ ထွက်သွားသည်။ ပန်းနားမလည်စွာ ခေါင်းကုတ်မိပြီး

" ကိုကို မနက်စာ စားလေ အဆင်သင့်ပြင်ထားတဲ့ဥစ္စာ၊ ကိုကိုက ဘာစားချင်လဲပြောပေါ့၊ လာပါ ကိုကိုရယ် "

သူ့လက်မောင်းကို ဆုပ်ကိုင်ခေါ်တဲ့ပန်း လက်ချောင်းတွေကို သူ ငုံကြည့်တော့ ပန်း ဖျတ်ခနဲ လက်ချောင်းတွေရွှာပစ်ကာ မလုံမလဲ ချက်လွှာချသည်။

" လမ်းထိပ်က မုန့်ဟင်းခါ စားချင်လို့လား ပန်း ခုချက်ချင်း ပြေးဝယ်ပေးမယ်လေ "

သူ့စိတ်က လှုပ်ရှားနေလို့ထင်တယ်၊ ပန်းအသံငြိမ်ငြိမ်လေး တုန်ခါသလို သူထင်မိသည်။

" မဝယ်နဲ့ "

သူ ရွတ်ရင်း ပန်းကို ကျောခိုင်းထွက်ခဲ့မိတာ ဘာကြောင့်လဲ။ ညခန်းဆီ ထွက်ဖို့ မေမေတို့အိပ်ခန်းရှေ့က ဖြတ်လျှောက်သွားတဲ့ သူက သေထဲလွင့်နေသလိုလို။

" ဟဲ့သား အစောကြီးနိုးနေတာလား "

အခန်းတံခါးကို ဖျတ်ခနဲဖွင့်ကာ အိပ်ရာထလာတဲ့ မေမေက သူ့ကိုမြင်တာနဲ့ တအံ့တသြ မေးလေပြီ။ သူပြန်မဖြေမိ။ ဒေါ်ပန်းပွင့်သီ



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးချည်းတွန့်ကာ သားကို နားမလည်သလို ကြည့်သည်။

" ကိုကို ဒီနေ့အစောကြီး နိုးပြီးဘာဖြစ်နေမှန်း မသိဘူး မေမေ "

ပန်းရဲ့ စိုးရိမ်သံကြောင့် ဒေါ်ပန်းပွင့်သီ မျက်ဝန်းငြိမ်သက်သင့် သူ့ခြေလှမ်းတန့်ရပ်ကာ လည်ပြန်ကြည့်ပြီး

" ဘာလဲ ငါ့ကို အရှုးထင်နေတာလား ပန်းလေညှင်း "

"မဟုတ်တာပဲ ကိုကိုရယ် "

" မဟုတ်ရင် မပြောနဲ့ "

" ကိုကိုက တစ်မျိုးဖြစ်နေတာကိုး "

" ငါ့ဘာငါဖြစ်တာ နင်နဲ့ဆိုင်လား "

သူ ဖိဟောက်တော့ ပန်း မျက်လွှာချ နှုတ်ခမ်းဆူတော့ ဒေါ် ပန်းပွင့်သီ စိတ်မရှည်ချင်တော့။

" တော်ပါတော့ကွယ် အိပ်ရာထတာနဲ့ ရန်ပွဲမဆင်နဲ့ကွယ် "

" သား ရန်ပွဲဆင်တာ မဟုတ်ဘူး၊ မေမေ့ သမီးက စတာ "

" ဟင် "

မျက်လုံးလေး ပြူးသွားတဲ့ပန်းကို ဒေါ်ပန်းပွင့်သီ စူးစိုက်ကြည့် ပြီး

" သမီး ဘာသွားစတာလဲ "





" မသိဘူးလေ ကိုကိုဘာသာ ပြောနေတာ"

" ဘာပြောနေတာလဲ သားရဲ့ "

လှေကားလက်တန်းကိုင်ကာ အပေါ်ထပ်တက်ဖို့ လှေကားထစ် ...ဆီ သူ့ခြေလှမ်းတင်ရင်း

" မေမေ့သမီး လိမ်နေတာ "

" ဘုရားရေ "

ပန်း ဘုရားတရင်ဘတ်ဖိကာ ကိုကို့ကို ပြူးကြောင်ကြောင် ...မ်းကြည့်မိသည်။

" ပန်း ဘာကိုလိမ်မိလို့လဲ ကိုကို "

" နင့်ကိုယ်နင် သိပေါ့ "

" ကဲ တော်ကြတော့ နှစ်ယောက်လုံးကို မေမေစိတ်မရှည်တော့ ...း တကယ် "

ဘာကို ... ရေရေရာရာမသိရှာတဲ့ မေမေက ပန်းကို ပြစ်မြင်ဆဲ... ...ပြာတော့ ပန်းဝမ်းနည်းကာ ကိုကို့ကို မျက်စောင်းထိုးလိုက်သည်။

" မနက်စာ အခန်းထဲလာမို့ "

အမိန့်ပေးသလိုပြောရင်း လှေကားထစ်တွေကို တဖျပ်ဖျပ်နင်း ...တက်သွားတဲ့သားကို နားမလည်နိုင်သလို သမီးကလည်း မျက်နှာလေး ...ငန့်ဆူကာ



www.burmeseclassic.com

www.burmeseclassic.com



“ ဟုတ်ကဲ့ ကိုကို ” လို့

နာခံကာ ထမင်းစားခန်းထဲ ပြန်ဝင်သွားတော့ ဒေါ်ပန်းပွင့်[...] သက်မချရင်း ကြည့်လိုက်သည်။

“ ဘာဖြစ်ကြတာလဲ ဆူညံဆူညံနဲ့ ”

ဦးအောင်မြင့်နိုင် အိပ်မှုန်စုံမွှားထရင်းမေးတော့ ဒေါ်ပန်းပွင့်[...] အခန်းထဲ ပြန်ဝင်ကာ ခေါင်းရင်းစားပွဲပေါ်က လေးထောင့်မျက်မှန်[...] ခင်ပွန်းသည်အား ယူပေးရင်း

“ သား အစောကြီးထပြီး ပြဿနာရှာနေတာပေါ့ ”

“ ဒီကောင်ကွာ ”

မျက်လုံးပွတ်ကာ မျက်မှန်တပ်ရင်း ရွတ်တော့

“ လွှတ်ထားလိုက်ပါ ကိုနိုင်ရယ် သားက ပြဿနာသာရှာ[...] သမီးကို မမြင်ရလည်း နေနိုင်တာမဟုတ်ဘူး။ သူတို့ချင်း ကျေနပ်[...]ရင်ပြီးတာပဲ ”

“ ပြီးတာက နောက်၊ တစ်နေ့ထက်တစ်နေ့ ဆိုးလာရင် သား[...] ကိုနိုင် ပြင်းပြင်းထန်ထန် ဆုံးမရလိမ့်မယ် ”

“ ကဲပါ ကိုနိုင်ရယ် မနက်စောစောစီးစီး ဒေါသပွားမနေ[...] လန်းဆန်းသွားအောင် ရေချိုးလိုက်ဦး ”

ဇနီးသည် ဖျောင်းဖျမှုကြောင့် ဖြစ်ချင်တဲ့ဒေါသက လွင့်[...]



[...]သွားကာ ညအိပ်ဝတ်စုံချွတ်ကာ ရေလဲပိုင်းဝတ်ပြီး ရေချိုးခန်းထဲ တန်း[...]ဝင်လိုက်သည်။

“ ဟဲ့ ဘာဖြစ်တာလဲ သမီး ”

ဇနီးသည်သံ ပျံ့ဝင်လာတော့ ဦးအောင်မြင့်နိုင် ရေမချိုးဖြစ်[...]သေး။ အိပ်ခန်းထဲ ပြန်ဝင်ကာ အိပ်ခန်းဝမှာ ကျောပေးရပ်နေတဲ့ဇနီး[...]သည်ကို ကြည့်မိသည်။

“ မေမေ့သားပေါ့ ”

“ ဘာဖြစ်တာလဲ ”

“ မေမေ့ရှေ့မှာပဲ ပြောတယ်မဟုတ်လား။ မနက်စာ အခန်းထဲ [...]ပို့ ”

“ အင်းလေ ဘာဖြစ်လဲ ပို့ပေးလိုက်ပေါ့ ”

“ သွားပို့တာပေါ့ အဲဒါပြန်ယူသွားတဲ့ ”

ဦးအောင်မြင့်နိုင် မျက်လွှာမေးကျသွားကာ ဇနီးသည်နောက်မှ [...]ကျော်ပြီး မြင်နေရတဲ့ သမီးရဲ့အလိုမကျမျက်နှာလေးကို ကရုဏာသက်စွာ [...]ကြည့်မိ၏။ ဒေါ်ပန်းပွင့်သည် သက်မချကာ နံနက်စာ ဗန်းလေးကိုင်ထား[...]သမီး ဦးခေါင်းလေး ပွတ်ရင်း

“ သားကို ဒီမနက် အငတ်ထားလိုက်နော် သမီး ”

“ အငတ်ထားရင် ကိုကိုက ပန်းကိုပြောဦးမယ် ”



www.burmeseclassic.com

www.burmeseclassic.com



ငိုသံဝဲဝဲလေးနဲ့ ပြောတဲ့ပန်းကို ငုံကြည့်ရင်း သူ့ပခုံးလေးပွေ့

ပြီး —

" ပန်း မနက်စာ ပြန်နွှဲယူခဲ့ "

သား အသံကျယ်အော်တော့ သမီးမျက်နှာဖွေးဖွေးလေး ဆူ

ကာ

" တွေ့လားမေမေ မေမေ့သား "

" ကဲပါ သမီးရယ် သွားပို့လိုက်တော့ နားငြီးသက်သာတာ

" ဟွန့် "

သမီး ခြေဖနောင့်လေးဆောင့်ကာ အပေါ်ထပ်တက်သွား

ဒေါ်ပန်းပွင့်သီ ကြည်နူးစွာ သက်မချရင်း

" တော်တော် ဂွတိုက်တဲ့ကောင် "

ခင်ပွန်းသည်ရဲ့ ဘဝင်မကျ မှတ်ချက်က သမီးနဲ့သားအတွ

စိတ်ကျေနပ်မှုရစေမလား။

သားက ဂွတိုက်သလို

သမီးကလည်း စူပုတ်ပုတ်မျက်နှာပေးလေးနဲ့ အစ်ကိုဖြစ်

အလိုကျ လှုပ်ရှားနေတာလေ။

✿ ✿ ✿ ✿ ✿



## အခန်း (၁၇)

" နင် မလိမ်တာ သေချာတယ်နော် "

စားပွဲပေါ် နံနက်စာ ဘန်းထောင်သည်နှင့် မှုန်ကုတ်ကုတ်မေး

တော့ ပန်းနှုတ်ခမ်းမသိမသာ တွန့်ပြီး

" ဘာလဲ ကိုကိုရ "

" နင့်မှာ ရည်းစားမရှိဘူးဆိုတာလေ "

" လိမ်စရာလား မရှိလို့မရှိဘူး ပြောတာ "

ပန်း မျက်စောင်းလေးထိုးကာ ထွက်ခဲ့တော့

" စပယ်ကုံးပြီးရင် ခေါင်းရင်းမှာ လာထားဦး "

" မမ မှုန့်ကို ပေးဖို့လား "

သူ့ ခံပြင်းစိတ်က ထောင်းခနဲ

" လွှင့်ပစ်ဖို့ကွာ "



www.burmeseclassic.com

www.burmeseclassic.com



ပန်း ကျောပြင်လေး တွန့်ခနဲဖြစ်သွားကာ ကိုကို့ကို လှည့်မကြည့်ဘဲ အပြေးထွက်ခဲ့မိသည်။

ဟွန်း ကိုကိုစိတ်က အရှုးစိတ်။

ခုတစ်မျိုး တော်ကြာတစ်မျိုး။

ဟို တစ်နေ့ကပဲ ရည်းစားထားလို့ အမိန့်ပေးတယ်။

ဒီနေ့က ရည်းစားရှိလားတဲ့။ ဟင့်အင်းလို့ပြောတော့လည်း လိမ်သတဲ့။

ပန်းကို ရည်းစားရှိစေချင်တယ် ထင်တယ်။

စပယ်တွေ ကုံးပြီး ခေါင်းရင်းမှာ သွားထားပေးတော့ ပန်း မျက်လုံးမှေးကြည့်တာ ခြေစွန်းခေါင်းဖျား။

မမြင်ဘူးတာ ကျနေတာပဲ။

ပြီးတော့

စပယ်ကုံးတွေကို တယုတယကောက်ယူပြီး မွှေးတာလေ။ ကို စိတ်က ပန်းထွက်သွားပြီထင်တာ၊ ပန်း တိတ်တိတ်လေးခိုးချောင်း တာ ကိုကိုသိပုံမပေါ်။

ပြောတော့ လွှင့်ပစ်မလို့တဲ့။ ခုတော့ နှာခေါင်းလေး ပွပွထိ မွှေးနေတာလေ။ မွှေးမှာပေါ့ ကိုကိုချစ်သူ ပက်ကျိမလေးပေးဖို့ ပန်း ကိုကိုကသာ သည်းနေတာ။





ကိုကို့ချစ်သူက စပယ်ပန်းကို စိတ်ဝင်စားမှတဲ့လား။

ကိုကို့ချစ်သူက လည်ဖို့ပတ်ဖို့ ကဲဖို့ပဲ စိတ်ကူးနေတာလေ။

ဟိုနေ့က ဖေဖေတို့နဲ့ တွေ့ဖို့လာတဲ့ပုံကို ကြည့်ပါလား။

ဒူးဆစ်အောက် ရောက်လုလု ကိုယ်ကျပ်ဘောင်းဘီအနက် င်စီးအင်္ကျီပွပွက လည်ပင်းဟိုက်တာ၊ ကြောပြပြီး လက်တစ်ဖက်မပါ။ က်တစ်ဖက်က တံတောင်ဆစ်လောက် ပွပွချည်းနဲ့ နားဆွဲအနက်ရောင် ာ ရင်နဲ့တိုက်လုလု ရှည်သည်။ နှုတ်ခမ်းလျှာကို အင်္ကျီရောင်အတိုင်း တော်ဘယ်ရီရောင် ရင့်ရင့်ဆိုးကာ ဆံပင်က တစ်ထပ်ရှည်တစ်ထပ် ို မျက်နှာပေါ် ဖရိုဖရဲကျလျက်။ ဟီးလ်ဖိနပ်အမြင့်က ကြိုးအပတ်တွေ ာလည်း ခြေသလုံးတစ်ဝက်လောက်ထိ ရှုပ်ရှုပ်ထွေးထွေး။

လူကြီးမျက်စိနဲ့ အဆင်မပြေတဲ့ ဒီဖိုင်းကို မေမေတို့က ကြည့်ဖြူ ်လားဆိုတာ မစဉ်းစားဘူး။

"ဖေဖေ သားချစ်သူ သလင်းမှုန်လေ"လို့

ခပ်ဝင့်ဝင့်လေး မိတ်ဆက်ပေးတာ။ ဖေဖေနဲ့မေမေ မသိမသာ ှာခေါင်းရှုံ့ပြုံးရင်း အကြောင်းပြရှောင်ထွက်သွားတော့ ကိုကို့မျက်နှာ ာ ဇီးရွက်လိုငယ်လို့။

သလင်းမှုန်က ဆွေ့ဆွေ့ခုန်။ ကောင်းတယ် အဲလိုဖြစ်မှ။

မှုန့်ကို အမြဲတမ်း မျက်နှာထားနဲ့ငေါက်နေတတ်တဲ့ ကိုကိုခံရ



www.burmeseclassic.com

www.burmeseclassic.com



တာနည်းသေး။

" ဟိတ် ပန်း "

ပခုံးကို ဆတ်ခနဲ ပုတ်ခေါ်တဲ့ယမင်းအသံကြားမှ ပန်းကိုယ်ဆတ်ခနဲ တုန်ကာ အတွေးစ ပြတ်သွားသည်။

" ဘာဖြစ်နေတာလဲ မျက်နှာကို တွန့်လိုက် မဲ့လိုက်နဲ့ "

" ကိုကိုပေါ့ အမြင်ကတ်နေတာ "

" မကတ်ပါနဲ့ ယောက်မရယ် "

ပန်းဘေးကပ်ထိုင်ကာ ပခုံးတိုက်ပြောတော့ ပန်းနှာခေါင်းတွန့်ကြည့်ပြီး

" ဘာယောက်မလဲ "

" ယောက်မ မို့လို့ပေါ့ဟဲ့ "

" မစနဲ့နော် "

" အတည်ပြောတာပါ ပန်းလေညှင်းရယ် "

ကြည့် ပန်းပြောလည်းမရ၊ ရယ်ကျဲကျဲနဲ့။

" မပြောနဲ့လေ ပန်းစိတ်ဆိုးမှာနော် "

" ဆိုးပေါ့ "

" တကယ်လား "

" တကယ်ဆိုးကြည့်လေ တကယ်ဆိုးရင် တကယ်ချော့မယ်





ဘာနေတယ်လေ ယောက်မရဲ့ ဟိုမှာကြည့် "

ပြောလိုက်မှ ပိုဆိုးနေပြန်ပြီ။ ပန်း မျက်စောင်းအကြိမ်ကြိမ်ထိုးတော့လည်း မျက်နှာပိုးမသေ။

ပန်းထိုင်နေတဲ့ ကံ့ကော်ပင်အောက် ခုံတန်းဆီ တန်းတန်းမတ်တော်လာနေတဲ့ သုတ။ ကျော့ရှင်းဟန်က မိန်းကလေးတွေ မျက်စိကျစရာတိုင်လည်းကျက်ညက်နှင့်။

သုတကရုပ်ရည်ချောသလို ကိုကိုတက်ချမ်းသာတဲ့ သူဌေးသားကိုကိုလို မိဘပိုက်ဆံကို အရှုံတိုက်သုံးနေသူမဟုတ်၊ ကိုယ်ပိုင်စီးပွားရေးလုပ်နေသတဲ့။ ပန်းကို မြင်မြင်ချင်း စိတ်ဝင်စားနေတာတဲ့။ ပန်းကတယ်သူနဲ့မှ စကားမပြောတော့ မခင်ရဲဖြစ်နေတာ။ ယမင်းက လှော်နေတာလေ။

သုတနဲ့ယမင်းက ဆွေမကင်းမျိုးမကင်း တော်သတဲ့။

ပန်းကို ယောက်မဆိုပြီး စနေတာ နားကြားပြင်း ကတ်တဲ့အထိ။

" စိတ်ဆိုးချင် ဆိုးလေ ယောက်မရဲ့ "

သုတကြားအောင် အသံမြှင့်ပြောတဲ့ ယမင်းကို ခါးကြော[illegible]ဆိတ်သည်အထိ ပန်းရှက်သွား၏။ အလိုက်မသိတဲ့ ယမင်းက

" အား နာတယ်လေ လွှတ် "

" ဘာမှန်းလဲ မသိဘူး သွား "



www.burmeseclassic.com

www.burmeseclassic.com



ပန်း ရှက်ရှက်နဲ့ ထွက်ရာဆိုတော့ ယမင်းသဘောတကျရယ်ရင်

" သွားမှာပါ ယောက်မရယ်၊ ယမင်း အလိုက်သိပါတယ် ဖ

တဲ "

" အို "

ပြောပြောဆိုဆို ယမင်းတကယ်ပဲ ပန်းအပါးက ခွာထွက်တေ

လှမ်းကြည့်တဲ့သူတမျက်ဝန်းနဲ့အဆုံ ပန်းရင်ဖိုကာ

" ဘယ်သွားမလို့လဲ လာလေ ",

" ယမင်း ချိန်းထားလို့ "

" ဟို ယမင်း "

" သူတနဲ့ စကားပြောရင်း စောင့်နေလေ ယမင်း မကြာဘူ

သူတကို ပန်းဘက်တွန်းပို့ကာ မရှက်နဲ့လို့ မျက်ရိပ်ပြထွက်သွ

တဲ့ ယမင်းကို ပန်းမျက်စောင်းခဲ ပွစိစိရွတ်လိုက်မိသည်။

" ပန်း "

ကံ့ကော်ပင်စည်မှာ ပခုံးတိုက်ခွဲမှီရင်း ရှက်ဖိုနေတဲ့ ပန်းမျက်

ဖူး လေးကို အမိအရ စူးစိုက်ကြည့်ကာ သူတခေါ်တော့ ပန်းဦးခေါ

ဝပ်ဆင်းသွားသည်။

ပန်းနဲ့သူတ နှစ်ယောက်ချင်း မဆုံဖူးသေးသလို စကားလည်

မပြောဘူး။ ယမင်းက



" ကံ့ကော်ပင်အောက် ထိုင်ရအောင်" လို့ ခွယ်ပြီး ကံ့ကော်

င်အောင်ကို ပန်းထွက်ခဲ့တော့ ယမင်းနောက်ကျနေရစ်ပြီးလာတာ။

ာတော့လည်း တစ်ယောက်တည်းမဟုတ်။ သူတကိုပါ ခေါ်လာတာ။

ြီးတော့ ပန်းနဲ့သူတကိုချန်ပြီး ထွက်သွားတာ တားချိန်မရ။ သူတကလည်း

နော် ပန်းကို ဘာဖြစ်လို့ စိုက်ကြည့်နေတာလဲလို့။

" ပန်း "

ကံ့ကော်ရွက်ကို လေတိုးသလိုညက်ညောတဲ့ သူတအသံလေး

ွက်လာတော့

" ဟို ပန်းသွားတော့မယ်နော် "

ပေါင်ပေါ်တင်ထားတဲ့ ဘေးလွယ်အိတ် ဆင်စွယ်နှစ်ရောင်လေး

ကို ပခုံးပေါ်တင်ရင်း ထထွက်ဟန်ပြင်တော့

" နေပါဦး ပန်းရယ် "

သူတအသံအဆုံးမှာ သူတကိုယ်က ပန်းရှေ့ရောက်လာပြီး

" ခဏလေး ထိုင်ပါဦး "

" ဟင့်အင်း "

" ကျွန်တော့်ကို စိတ်ဆိုးတာလား "

" မဆိုးပါဘူး "

" မဆိုးရင် ခဏလေးထိုင်ပါလားလို့ ယမင်းလာတော့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြားတော့နော် ''

ပန်းက မထိုင်ရင် သုတက ထိုင်ဖြစ်အောင် ဆွဲထိုင်စေတော့မ

ထို ဖြစ်တာကြောင့် ပန်း ထိုင်ခုံမှာ မလုံမလဲပြန်ထိုင်လိုက်ရသည်

သုတက ပန်းကို ခုချိန်ထိ မျက်တောင်မခတ်ကြည့်နေဆဲ။

သုတကြည့် နေတာကို ပန်း အနေခက်လာသည်။ မျက်ခုံ

အသာလေး ပင့်ကြည့်တော့ အကြည့်ချင်းအဆုံမှာ သုတက ပြုံးလျက်

'' ပန်းကို ပြောစရာရှိလို့ ''

''ယမင်း လာတဲ့အခါ ပြောပေါ့ ''

ပခုံးလွယ်အိတ် သားရေကြိုးကို ဆုပ်ကိုင်ရင်းပြောတော့ သုတ

အပြုံးပိုပြီး လင်းဖြာလာတာ ဘာကြောင့်လဲနော်။

'' ယမင်းရှေ့မှာ ပြောလို့မရဘူးလေ ''

'' ဘာဖြစ်လို့ ''

'' ပန်းတစ်ယောက်တည်းကို ပြောချင်တဲ့စကားလေ''

'' ဘာစကားလဲ သုတရဲ့ ''

ပန်း နားမလည်သလို မျက်တောင်လေး ပုတ်ခတ်လုပ်ရင်

မေးတော့ သုတ ပန်းထိုင်တဲ့ခုံစွန်းမှာ ဝင်ထိုင်လျက်။

ဘာကြောင့်မှန်း မသိ ပန်းတစ်ကိုယ်လုံး ရှိန်းခနဲဖြစ်က

ထိုင်ခုံအစွန်းဘက် ပန်းကိုယ်လုံးရွှေ့ကာ သုတနဲ့ဝေးအောင် ထိုင်မိတ်က





မယ့် ပန်းနောက်ကျသွားပြီ။ သုတက ပန်းဘက်တိုးရွှေ့လာပြီး

'' ပန်းကို ချစ်တဲ့စကားလုံးတွေပေါ့ ''

'' ဟင် ''

အိတ်ကြိုးကိုဆုပ်ကိုင်ထားတဲ့ ပန်းလက်သီးဆုပ်လေးအပေါ်မှ

ပ်ကိုင်ဆိုတော့ ပန်း ရှက်လန့်ကာ သုတကို မော့ခနဲကြည့်မိသည်။

'' ပန်းကို ကျွန်တော် ချစ်တယ် ''

ရန်စုန်သံကြောင့် ရွှန်းစိုနေတဲ့ သုတမျက်ဝန်းလေးကြောင့်

န်းဆွဲ့အသလို မျက်လွှာလေးမေးစင်းပြီး ဖွေးသန့်သန့်လေး အုပ်မိုး

ားတဲ့ သုတလက်ကလေးကို ငုံ့ကြည့်မိသည်။

'' မောင့်အချစ်ကို လက်ခံပေးပါ ပန်းရယ် ''

ပန်း လက်တစ်ဖက်ကို ဆွဲယူကာ ရင်ခွင်မှာကပ်ရင်းပြောတဲ့

သုတမျက်နှာလေးကို ပန်းငေးကြည့်မိ၏။

ကိုကို့လို ထူထဲစိမ်းမှောင်နေတဲ့ မျက်ခုံးမျိုးမဟုတ်၊ ပါးပေမယ့်

က်ဖြောင့်ကာ အဖျားညွတ်သွားတဲ့ မျက်ခုံးက လှသလို၊ ဖြောင့်စင်းစင်း

တံအောက်မှ ပွယောင်နာတံလုံးလုံးကလည်း တစ်မျိုးလှလျက်။

စေ့ပိတ်လိုက်တိုင်း ပုံကျနေတဲ့ နှုတ်ခမ်းပါးအစုံနှင့် လိုမ့်ထွက်

ာတဲ့ စကားလုံးတိုင်းက ပန်းဆီမှာ အသနားခံတောင်းဆိုပုံနှင့်

'' ကျောင်းစတက်တဲ့နေ့ကတည်းက မြင်မြင်ချင်းပဲ မောင်စချစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ပန်းရယ်၊ မောင့်အချစ်ကို ပန်းခံစားပေးပါနော် ''

ပန်းလက်ချောင်းလေးကို ပင့်ကာ ငုံနမ်းဟန်ပြုင်တော့ ပန်း ညှင်းစွာ ဆွဲယူစဉ် သုတအလိုက်သင့်လွှတ်ပေးပြီး

'' ပန်း မောင့်ကို ''

ဘာကြောင့်မှန်းမသိ သုတရဲ့ရန်ခုန်လိုက်ဖိုနေတဲ့စကား တွေကို ပန်း နားဆင်နိုင်စွမ်းမရှိအောင် လှုပ်ရှားသွား၏။

'' ပန်း ''

ပခုံးလွယ်အိတ်လေးပိုက်ကာ ထထွက်သွားတဲ့ပန်းကို သ ရန်ခုန်တိမ်းညွှတ်စွာ ကြည့်နေဆဲ။

ပန်း လွယ်အိတ်မှာ ချည်ထားတဲ့စပယ်ကုံးလေးက အ လွင့်ကျသွားစဉ် သုတရင်ခုန်စွာ ကောက်ယူရင်မှာထွေးပွေ့ကာ

ကိုယ်ဟန်ကြော့ကြော့လေးနဲ့ ရှောင်ပြေးသွားတဲ့ ချစ်သူ ပိုင်းအလှကို ရင်ဖိုစွာ ကြည့်နေမိတာ မျက်တောင်မခတ်ရက်တော့

'' ဒါပိချစ်တယ် ပန်းရယ် ''

✿ ✿ ✿ ✿ ✿



## အခန်း (၁၈)

ည တစ်ချက်တီးသည်အထိ သူအိပ်လို့မပျော်။ သူ့အာရုံမှာ ပန်းနဲ့သုတ ပုံရိပ်တဝဲလည်လည်။

ပန်း ပြောတော့ ရည်းစားမရှိဘူးတဲ့။

သုတနဲ့ ကံ့ကော်ပင်အောက်ခုံတန်းမှာ စကားပြောတာ ဘာကြောင့်လဲ။

သုတ မျက်ဝန်းနဲ့ အမူအယာက ပန်းကိုထွေးပွေ့ထားမတတ် ခစ်နေတာ သူ့ကိုအရှုံးတိုက်နေတာလား။

ဘာဆိုင်လို့လဲ။

မျက်လုံးစုံမှိတ်ပြီး ဖွတ်အတင်း အိပ်ပျော်ရန် ကြိုးစားနေတဲ့ သူ့စိတ်က မွေ့ရာထက် ဘယ်လိုမှ လဲလျောင်းနေလို့မရတော့။ မွေ့ရာ ပေါ်က ဆင်းကာ ထူကြွနေတဲ့အာရုံကို တည်ငြိမ်အောင် ကြိုးစားဖို့ ခြံ ထဲဆင်းခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စပယ်ရုံနားသွားကာ ပွင့်ထစ်ချို ငုံတစ်ဝက်ဖြစ်နေတဲ့ စပယ်ဖူး တွေကို ငေးကြည့်နစ်မျောနေခဲ့တာ မိုးဖွဲမှုန်လေးတွေ ရွာသွန်းနေသည် ကိုပင် သူ သတိမထားမိခဲ့။

မိုးဖွဲမှုန်တွေကြောင့် တစ်ကိုယ်လုံးစိုထိုင်းအေးစိမ့်ကာ မေးဖျား လေးတုန်ခါ လှုပ်ခတ်လာမှ သူ အသိဝင်လာသည်။

စပယ်ရုံဘေးက မခွဲရက်ဖြစ်နေတဲ့ သူ့ကိုယ်ကလေပြင်းနဲ့အတူ ပါလာတဲ့ မိုးဆက်မိုးပေါက်တွေကို အံတုခံရင်း ပွင့်အာစ စပယ်တွေ ရှူးဆွတ်နေခဲ့မိသည်။

ထစ်ချုန်းလိုက်တဲ့ မိုးသံနဲ့ လျှပ်ပြက်ရောင်တွေ နောက် သူရှူးဆွတ်ထားတဲ့ ပန်းပွင့်တွေကို ဆုပ်ထွေးရင်း သူ့ကိုယ်က တိုက် ပြေးခိုလျက်။

တစ်ကိုယ်လုံး ရွှဲနစ်နေတဲ့ မိုးရေတွေက သူ့ကိုယ်ပေါ် စက် ယိုကျကာ အသည်းနှလုံးထိ အေးခဲထုံကျင်လာတဲ့အခါ သူ့ကိုယ် ရပ်တည်နိုင်စွမ်းမရှိတော့။

" ဝုန်း "

ပြိုကျသံနောက်မှာ သူဘာမှ မသိတော့သလို။

✿ ✿ ✿





ဆောင်အထပ်ထပ် ခြုံထားတဲ့ ကိုယ်နွေးနွေးက စိုစိအေးလာသလို ခံစား သိက်ရသည်နှင့် ပန်းနိုးလာသည်။

လက်ချောင်းတွေကို ဆုပ်ထွေးလက် ဆန့်ကာ ခေါင်းအုံးရှေ့ ထားပြီး ခွေခွေလေးအိပ်နေတဲ့ ပန်းလက်ချောင်းတွေက ရေခဲတုံးနဲ့ ထိထားသလို အေးခဲထုံကျင်လာမှုကြောင့် ပန်းမျက်လွှာ ဖျတ်ခနဲ ပွင့်ပြီး ကြည့်တော့။

" ဟင် "

ပန်း မွေ့ရာပေါ် ပုံလျက်သား ကျနေတဲ့ ကိုယ်လုံးတစ်ခုကို ညအိပ်မီးသီးအပြာရောင်လဲ့လဲ့အောက်မှာ ဖျတ်ခနဲမြင်လိုက်သည်။

လန့်ဖြန့်သလို ဖြစ်သွားတဲ့ ပန်းကိုယ်က မွေ့ရာပေါ်ထကာ ခေါင်းရင်းက မီးခလုတ်ကို ဖွင့်ပြီးသား ဖြစ်သွားသည်။

မီးရောင်အောက်မှာ တစ်ကိုယ်လုံး မိုးရေတွေနစ်နေတဲ့ ကိုကို က အေးစက်ကာ မေးဖျားနဲ့ လက်ချောင်းလေးတွေ တုန်ခါနေသည်။

ဘုရားရေ

ကိုကိုဘယ်လိုဖြစ်တာလဲ။

ကိုကို့အတွက် စိုးရိမ်စိတ်ကလေး ကျလာသည်။

" ကိုကို "

ကိုကို့လက်မောင်းကို ပန်းလှုပ်နှိုးပေမယ့် မနိုး။



www.burmeseclassic.com

www.burmeseclassic.com



ပန်း ဘာမှ စဉ်းစားမနေတော့။ ကိုကို့ကိုယ်ပေါ်က ရေစိုနေ[illegible] ညအိပ် ဝတ်စုံအဖြူရောင်ကို နွေးထွေးမယ့် အဝတ်အထူနဲ့အနွေးထည်[illegible] ထပ်ဝတ်ပေးလိုက်သည်။

စိုကပ်နေတဲ့ဆံပင်တွေကို သုတ်ကာ ဒရိုင်ယာနဲ့ ခြောက်အေ[illegible] စေသည်။ ခြေအိတ်ပါစွပ်ပေးထားကာ ဂွမ်းစောင်တွေဖိခြုံပေးမိတဲ့ ကို[illegible] ကိုယ်က မိနစ်ပိုင်းအတွင်း နွေးလာသည်။

မီးရောင်အောက်မှာ ကိုကို့ပါးပြင်နဲ့ နှုတ်ခမ်းလွှာ တုန်ယင်လျ[illegible] ညကြီးမင်းကြီး မိုးရေထဲ ဘာထွက်လုပ်တာလဲ မသိ။

မိုးတွေက ခုချိန်ထိ သည်းနေဆဲ။

" ကိုကို "

ဆုပ်ထွေးထားတဲ့ ကိုကို့လက်သီးဆုပ်ကြားမှာ စပယ်ပွင့်တစ်[illegible]

" ဟွန်း "

ပန်း နှာခေါင်းတွန့်ကြည့်လိုက်သည်။

မပြောလိုက်ချင်ဘူး။ ရည်းစားကို ပန်းပေးဖို့များ ညအ[illegible] မတော် မိုးရေထဲ ပန်းဆင်းခူးရတယ်လို့ အရူး။ လိုချင်ရင်ပြော[illegible] ပန်းခူးထားပေးမှာပေါ့လို့။

ပန်းစိတ်တိုချင်လာသည်။ ကိုကို့ဘေးမှေ့ရာပေါ် တင်ပ[illegible] ထိုင်နေရာမှ ထလိုက်ပြီး မကျေမချမ်း ရွှတ်မိ၏။





အဲဒီမှုန်ကလည်း သိပ်ဆိုးတာပဲ၊ မိုးရေထဲ ဆင်းခူးနိုင်ရ[illegible]လား။ မိုးရေထဲမှာ လဲကျမနေလို့ပေါ့၊ မိုးရေထဲမှာ လဲကျနေရင် ဘယ်သူ[illegible] သိမှာမဟုတ်ဘူး၊ ကံကောင်းလို့ ပန်း အခန်းထဲရောက်လာလို့ပေါ့။

အဲဒါတွေကြောင့် ကိုကို့ကို ဖေဖေတို့တဝင်မကျတာသိရဲ့လား [illegible]ကိုရဲ့။ နေရာတကာမှာ လုပ်ချင်ရာကို ဇွတ်လုပ်တတ်တာလေ။ ခုတော့ [illegible]ကိုပဲ ခံရပြီး မဟုတ်လား။

မှုန်က ဗိမ်ခံကျွေးနေတဲ့အချိန်မှာ ကိုကိုက မှုန့်အတွက် မိုးရေ[illegible]ဆင်းတာ သိတောင် သိမှာမဟုတ်ဘူး ကိုကိုတုံးရဲ့။

စာရေးစားပွဲမှာ ဝင်ထိုင်ရင်း ကိုကို့မျက်နှာကို စိုးရိမ်စိတ်နဲ့ကြည့် [illegible]ာ မကျေမနပ် ပန်းရွှတ်နေမိသည်။ မိုးရေထဲဆင်းတာ အရေးမကြီး[illegible] ဖျားမှာ ဘာမှ မတွေးတဲ့ကိုကိုက ကလေးတစ်ယောက်သာဆိုရင် [illegible]ပြီး ဆုံးမလိုက်ချင်ရဲ့။

ဒါမှ မဟုတ်လည်း ဖေဖေနဲ့ တိုင်ပြောချင်တာ ပါးစပ်ယားနေ[illegible]ာပဲ။ ပြောလိုက်လို့ကတော့ ညကြီးအချိန်မတော် ဖေဖေ့ဒေါသက မိုး[illegible]တ်သည်းမှာ မြင်ယောင်သေး။

" သနားလို့ မပြောတာနော်၊ နောက်တစ်ခါဆို တိုင်ပြောမှာ [illegible]ထင်လည်း ကိုကို ဟွန်း "

ပန်းက လူကြီးမလေးလို နှုတ်ခမ်းလေးဖိကိုက်ရင်း မိုး[illegible]အပြိုင်



www.burmeseclassic.com

www.burmeseclassic.com



မန်မဲနေတာ။

ဘယ်အချိန်ထိ မာန်မဲမိမှန်း ပန်းလည်း မသိတော့။

ပန်း အာရုံမှာ မိုးသံတွေ တအုန်းအုန်း လွှမ်းအုပ်ကာ

✿ ✿ ✿

" သမီး သမီး ထပါဦး "

ပန်းကို အတင်းပုတ်နှိုးလာတဲ့ မေမေ့အသံကြောင့် ပန်းမျက် ပွင့်၍ ဦးခေါင်းမတ်လိုက်သည်။ အိပ်ချင်စိတ်မပြယ်သေးလို့ထင် ပန်း မျက်ဝန်းက မှိုင်ဝေဝေဖြစ်ကာ

" ဘယ်လိုဖြစ်လို့ စားပွဲမှာမှောက်အိပ်နေရတာလဲ "

" ဟင် "

ပန်း မျက်လုံးကို အားယူဖွင့်ကြည့်တော့ ဟုတ်ပါရဲ့ စားပွဲ လက်နှစ်ဖက်တင်ပြီး မှောက်အိပ်နေမိတာ။

" အိပ်ချင်ရင် မွေ့ရာပေါ် ပြောင်းအိပ်မှာပေါ့၊ အိပ်တာက မေမေလိုက်ပြောနေရမှာလား ကွယ် "

ပြစ်တင်ရေရွတ်တဲ့ မေမေ့အသံဖျော့ဖျော့လေးအောက်မှာ ကြောင်တောင်တောင်ဖြစ်သွားသည်။ ပန်း မွေ့ရာပေါ်အိပ်နေတာပဲ လိုဖြစ်လို့ စာရေးစားပွဲဆီ ရောက်နေရတာလဲ။ မွေ့ရာဆီကြည့် ဝှမ်းစောင်က အပုံလိုက်။





" ဟင် "

ပန်း အခုမှ အသိဝင်လာသည်။

" ကိုကို "

ပန်း အသံတိမ်တိမ်လေး ရွတ်တော့မှ မေမေက

" ငြီးသံကြားလို့ မေမေအပေါ်တက်ကြည့်တာ သမီးကိုကိုအဖျား ငြီးနေတာလေ "

" ဟင် "

ပန်း ကမန်းကတန်း ထရပ်လိုက်သည်။ ကိုကို့ကို ပန်းခုတင်မှာ သားရဲ့နဲ့

" ကိုကိုကော "

" အခန်းထဲမှာပေါ့ "

ဟင် ဘယ်အချိန်က ထပြီးအခန်းပြောင်းသွားတာလဲ။

" သမီးက အိပ်ကြီးလိုက်တာကွယ်၊ သားငြီးသံက ဒီလောက် ယ်ကြီး၊ သမီးမကြားတာ အံ့ပါရဲ့၊ မိုးပုလည်း ဒီအတိုင်းပဲ၊ အားကိုး ဘူး၊ သုံးယောက်စလုံး အခန်းချင်းနီးနေပြီးတော့ "

ပန်းမျက်လွှာချကာ ဘာမှမပြောသာတော့။

" မေမေ ဆရာဝန်ခေါ်ပြီးပြီ၊ အအေးမိဖျားတာတဲ့ "

မသိမသာ သက်ပြင်းရှိုက်မိတဲ့ ပန်းမျက်နှာက မလှိုမလဲ။



www.burmeseclassic.com

www.burmeseclassic.com



" ရေခွေးနဲ့ချိုးတာတောင် အအေးမိတဲ့အထိ ချိုးရသလား

ပန်း ကျောပြင်အောင့်ခနဲ ရှုးသွားသည်။ မေမေမှ မသိ

" သမီးကိုကို ဂျစ်တိုက်တတ်တာ သိရဲ့သားနဲ့ကွယ်၊ သ
ဂရုစိုက်မှပေါ့ "

" ဟုတ်ကဲ့ မေမေ "

" သားနားမှာ သမီးခဏစောင့် "

" စိတ်ချ မေမေ "

ပန်း မေမေ့ရှေ့မှာ ခေါင်းငုံ့ကာ ထွက...တော့

" ဆေးလည်း တိုးထားပြီ၊ ဆေးတစ်ခွက်လည်း တိုက်
တယ်။ ခုတော့ ဆေးရှိန်နဲ့ ပြန်အိပ်ပျော်သွားနေတာ "

ဒီအခြေအနေဖြစ်နေတာတောင် ပန်းဘာလို့မသိရတာလဲ
ပန်း အဲသလောက်တောင် အိပ်ပျော်သွားသတဲ့လား။

" မေမေ အောက်ထပ်ဆင်းဦးမယ်၊ မိပုနဲ့ မနက်စာ ပြင်
မယ်၊ သမီးကိုကိုကို သမီးစောင့်နေနော်၊ မိုး ထိန်ထိန်လင်းနေပြီ သ

တတွတ်တွတ်ပြောရင်း အောက်ထပ်ဆင်းသွားတဲ့ မေမေ
လှေကားထောင့်ချိုးနောက် ကွယ်သွားမှ ပန်းမသိမသာ သက်မချ
နာရီကို မော့ကြည့်တော့မှ နံနက်ခုနစ်နာရီတောင် ထိုးနေပြီ။

ပန်း မျက်ဝန်းအိပ်ချင်စိတ်ပျယ်ကာ ကိုကို့အခန်းထဲ





သည်။

စိမ်းဖျော့ရောင် မွေ့ရာပေါ် အစိမ်းပွင့်ပါတဲ့ ဂွမ်းစောင်အဝါ
ရောင်ကို ခါးတစ်ဝက်ထိ ခြုံထားရင်း အိပ်မောကျနေတဲ့ကိုကိုက ငြိမ်သက်
တာ အသက်မှန်မှန် ရှူလျက်။

ဆေးရှိန်ကြောင့် ထင်တယ်။ နဖူးစပ်နဲ့တိုစိစိနှုတ်ခမ်းမွှေးကြား
ချွေးစလေးများ စို့ထွက်နေသည်။ ကိုကို့ ခုတင်ပေါ် တင်ပါးလွှဲထိုင်
င်း တစ်ရှူးနုနုလေးနဲ့ ချွေးစေးတွေကို တို့သုပ်ပေးမိသည်။

အဖျားရှိန်ကြောင့် ပါးသားဖွေးဖွေးက ရဲခနဲ။ နှုတ်ခမ်းလွှာက
ည်း ထို့အတူ။ ကိုကို့နဖူးက အပူရှိန်ရှိသေးသလို ကိုကို့လက်ဖျားလေး
ာ ပူခနဲ။

ကိုကို့နဖူးပေါ်ရောက်နေတဲ့ ပန်းလက်ချောင်းလေးတွေက ခါး
တစ်ဝက်ခြုံထားတဲ့ ကိုကို့ကိုယ်ပေါ်က စောင်ကို ကိုကို့ရင်ဘတ်ပေါ် ဆွဲ
င်သည့်အခါ ကိုကို့လက်တစ်ဖက်က ပန်းလက်ချောင်းတွေဆီ ရောက်
လာစဉ်၊ ကိုကို့ရင်ခွင်ပေါ်မှ ပန်းလက်ချောင်းလေးက ကိုကို့ဆုပ်ကိုင်လျက်
သားဟန်နှင့် ငြိမ်သက်သွားသည်။

ပန်း လက်ဖဝါးကို သူတဆုပ်ကိုင်စဉ်က ပန်းစိတ်လှုပ်ရှားသလို
ကို ဆုပ်ကိုင်ထားတော့ စိတ်လှုပ်ရှားမှုအပြင် ရင်ခုန်သလိုလို၊ ကိုကို
တော့ ဖသိရှာ။

အိပ်မောကျလျက်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

လက်ဖဝါးကို ဖျစ်ညှစ်ဆုပ်ကိုင်ဆွဲခေါ်တဲ့ ယမင်းကို ပန်း ဦးခေါင်းရမ်းကြည့်ကာ

" ဟင့်အင်း "

" ဘာဖြစ်လို့လဲ "

" ဟိုနေ့က ပန်းကို သုတနဲ့ထားခဲ့ပြီးတော့ "

ရှက်စိတ်မပျယ်ကာပြောတော့ ယမင်းသဘောတကျရယ်ကာ ပန်းမေးဖျားကို ဆွဲယူမျက်နှာချင်းကပ်ပြီး

" သုတက ချစ်စကားတွေပြောမှာလေ၊ ယမင်းဘယ်လိုမျက်နှာနဲ့ ပန်းအနားမှာ အဖော်နေလို့ရမှာလဲ ရှေ့ယောက်မရယ် "

" သွားပါ ပန်း စိတ်ဆိုးတယ်နော် "

" မဆိုးပါနဲ့ လာသွားရအောင် "





" မသွားဘူးဆို "

" သုတနဲ့ချိန်းပေးဖို့မှ မဟုတ်တာ "

ရယ်ကျဲကျဲပြောနေတဲ့ ယမင်းကို ပန်းမျက်နှာထားနဲ့ကြည့်တော့

" တကယ်ပြောတာ "

" မယုံပေါင် "

" ဘာလဲ ပန်းက သုတနဲ့ ချိန်းတွေ့ချင်လို့လား "

" တော်စမ်းပါ ဟယ်၊ ရှက်စရာကောင်းလွန်းလို့ "

ပန်း မခြေဖနောင့်လေးဆောင့်ကာ ရှေ့ကထွက်ခဲ့တော့ ယမင်း သဘောတကျရယ်ရင်း ပုန်းပခုံးပေါ် လက်တစ်ဖက် တင်ဖက်၍

" မရှက်ချင်ရင် ယမင်းနဲ့လိုက်ခဲ့လေ "

" ဘာလုပ်ဖို့လဲ "

" ပန်းကို ပြောစရာရှိလို့ "

" ဘာလဲ "

" လိုက်ကြည့်မှသိမှာပေါ့ ယောက်မရယ်"

" ယမင်းနော် ယောက်မလို့ မခေါ်နဲ့ "

" ချစ်လို့ပါ သူငယ်ချင်းရယ်၊ လာပါ ကွယ် "

ပန်းကို ယမင်းကားပေါ်အတင်းဆွဲတင်တော့ ပန်းမတက်ချင်

" ပန်း ပြန်တော့မယ် "



www.burmeseclassic.com

www.burmeseclassic.com



“ အို ယမင်းပြစရာရှိတာ ကြည့်ပြီးမှ ပြန်လေ ”

“ နောက်ကျနေလိမ့်မယ် ယမင်းရယ်၊ ကိုကိုက နေကောင်းသေး တာမဟုတ်ဘူး ”

“ အမလေး ရွှေယောက်မ နှင့်အစ်ကိုက နေလို့သာ မကောင်း တာ။ ရည်းစားကိုတောင် လိုက်ချော့နိုင်သေးတယ်နော် ”

မျက်စလေးပစ်ကာ ပြောတဲ့ယမင်းကို စိတ်ဆိုးရအခက် ဖြစ်လာ သည်။

“ အအေးမိပြီးဖျားတာပါဟယ်၊ သုံးလေးရက်ဖြစ်လို့ ကောင်း သွားပြီလေ၊ ပန်းကိုက အကဲပိုနေတာ ဟိုမှာ မမြင်ဘူးလား ”

စိတ်ကောက်နေတဲ့မှုန့်ကို ကိုကိုက မျက်နှာငယ်လေး လိုက်ချော့နေတာလေ။ မှုန့်ကို အမြင်ကတ်စပြုလာသည်။

“ ကိုကိုက မှုန့်အတွက် ပန်းဆင်းရဲရင်း မိုးမိပြီး ဖျားတာလေ

အဲဒါကို မသနားတဲ့အပြင် စိတ်ဆိုးနေတာ ကြည့်ပါလား ဟွန်း”

ပန်း နှုတ်ခမ်းသား စူရှုံ့ကာ မကျေမချမ်းပြောရင်း ကားပေါ်တက်လိုက် သည်။

“ အဲဒါကြောင့်ပြောတာပေါ့၊ ပန်းက ကိုကိုအတွက် သည်းသည် လှုပ်ဖြစ်နေတာ၊ ပန်းကိုကိုက အရေးတောင်စိုက်တာမဟုတ်ဘူး။ မှုန့် အတွက် အသက်ပင် သေခံနေတာလေ ”





ကိုကို့ကို ဝေဖန်တော့လည်း ပန်းက ဘဝင်မကျပြန်။

“ ဟုတ်တယ်လေ ပန်းမြင်နေရက်နဲ့ ”

“ မပြောပါနဲ့နော် ပန်းကိုကို့ကို ”

“ ပြောရမှာပေါ့ ပန်းရဲ့ ”

“ မပြောနဲ့နော် ”

“ ဟင်း ဟင်း ပန်းကတော့လည်း ”

“ ဘာ ပန်းကတော့လေလဲ၊ပန်းမှာ ကိုကိုတစ်ယောက်တည်း ရှိတာ ”

“ ဟုတ်ပါ့ နှစ်ယောက်သာရှိရင် ပန်းကျောင်းတတ်ဖို့အချိန် ရမှာမဟုတ်ဘူး၊ အစ်ကိုတွေ ဝေယျာဝစ္စလုပ်ပေးရင်းနဲ့လေ ”

“ ဟွန်း ”

ပန်း မျက်စောင်းထိုးတော့ ဒရိုင်ဘာနေရာထိုင်နေတဲ့ ယမင်းက ပက်နှိုးကာ ပန်းကိုမကြည့်ဘဲ လျှာခနဲ ကားမောင်းထွက်လိုက်သည်။ ကားမောင်းနေရင်း ပန်းကို ငဲ့ကြည့်တတ်တဲ့ ယမင်းမျက်ဝန်းကို မမြင် ချင်ယောင်ဆောင်ပစ်တော့ ယမင်းက ကြည်နူးစိတ်ဖြင့် ကြိတ်ပြုံးသည်။

ပန်းဟာ လူသလောက်ရှက်အားပိုတတ်တဲ့ မိန်းကလေး။

ပန်းမှာ စက်စက်ယိုလှသလောက် အလှဂုဏ်မမောက်တတ် သလို၊ အရာရာကို သည်းခံတတ်တဲ့စိတ်ရင်းကြောင့် ယမင်းတို့၏ ခင်တွယ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိတာဖြစ်၏။

ယမင်းဆွယ်သမျှ ဘာမှမသိရှာတဲ့ လိုက်ပါလာခဲ့တဲ့အထိ ဖြူစင်လွန်းတဲ့ပန်းကို ယမင်းလက်လွှတ်မခံနိုင်လောက်အောင် မြတ်နိုးမိတာအမှန်။ သုတက ယမင်းထက်ပိုတောင် ပိုသေး။

" ယမင်းရယ် ငါတော့ စိုက်နေပြီ "

" ဆူးလား "

" ဟင့်အင်း "

" ဒါဆို ဘာကိုစိုက်တာလဲလို့ "

" ဟိုမှာ "

သုတလက်ညှိုးနောက်လိုက်ကြည့်တော့

ရင်ဘတ်မှာ စီးကွင့်နိပန်းခြယ်ထားတဲ့ အပြာရောင်နုစိုစို ကိုယ်တိကိုစကထိရှည်နဲ့ ထက်အောက်ရောင်တူဝတ်ကာ အလယ်ခွဲ ဆံပင်ကိုရှိုးရှိုးစင်းချလျက် လွယ်အိတ်အပြာရင့်ရင့်လွယ်ရင်း စာသင်ခန်းထဲဝင်လာတဲ့ အပြာနုရောင် မင်းသမီးရဲ့ ကျော့ကြွတဲ့အလှက ယမင်းမျက်ဝန်းကို မယုံနိုင်လောက်အောင် ငြိမ်သက်သွားစေသည်။

" လှလိုက်တာဟယ် "

ဟန်မဆောင်နိုင်လောက်အောင် လွှတ်ခနဲပြောတော့ သုတမျက်နှာက ချိုမြိန်လျက်၊ စားပွဲပေါ်လွယ်အိတ်တင်၍ ခုံလွတ်မှာ တည်တည်





ငြိမ်ငြိမ်လေးထိုင်လိုက်တဲ့ ပန်းကို ယမင်းစိတ်ကမြင်ရုံနဲ့ ချစ်ခင်မိတာ

သုတက ရင်ခုန်တဲ့ချစ်ခြင်းလှိုင်းလေးနဲ့ပေါ့။

" ယမင်းရယ် ငါ့ကို ကူညီစမ်းပါ "လို့

ဆူဝေတဲ့ရင်ခုန်သံနဲ့ ပြောလာတော့လည်း

" နေပါဦး ဟိုကတည်တည်ငြိမ်ငြိမ်လေး "

" တည်ငြိမ်နေတာ မလိုက်ရဲလို့ အကူအညီတောင်းတာပါကွာ ယမင်းချစ်သူနဲ့ယမင်းအဆင်ပြေအောင် ငါကူညီတဲ့ မျက်နှာထောက်ပြီးတော့ "

" ကူညီပါ့မယ် ကျေးဇူးရှင်ရယ် တကာတည်း "

သုတရဲ့ ရင်ခုန်မှုကြောင့် ယမင်း အခြေအနေကို စောင့်ကြည့်ပြီး ပန်းကို မျက်နှာချိုသွေး မိတ်ဖွဲ့ခဲ့ရတာလေ။

ပန်းက အပေါင်းသင်း မလုပ်လိုပေမယ့် ယမင်းက သွက်သွက်လက်လက်စကားရောပြောရင်း အတင်းခင်မင်ခဲ့တာလေ။ ခင်မင်ပြီးတော့မှ သုတနဲ့ဆွယ်ရတာ

သုတက ပန်းဘဝကို နားလည်ပေးနိုင်လို့လေ။

သုတလို ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှိတဲ့ သူဌေးသား လူချောက ပန်းလိုမွေးစားသမီး အခြေမဲ့အနေမဲ့ကို မြတ်မြတ်နိုးနိုး ချစ်တာက ခေတ်တန်ရဲ့ စိတ်ထားမျိုးနဲ့ မဟုတ်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ပန်းဘာဝအနာဂတ်အတွက် သုတရဲ့ ရင်ခုန်သံကို လက်ခံဖို့ ကြားဝင်အောင်သွယ်ရတာ။

တစ်ချို့မိန်းကလေးဆိုရင် သုတက မဆွတ်ခင်က ညွတ်ကျနေတာ။

ပန်းကသာ ဆွတ်နေရက်နဲ့ မညွတ်ချင်ဖြစ်နေတာ။

ဘာပဲဖြစ်ဖြစ် စိတ်သဘောထားပြည့်ဝဖြူစင်လွန်းတဲ့ ပန်းလေညှင်းက သုတနဲ့လိုက်ဖက်ညီ ထိုက်တန်တဲ့အလှဘုရင်မလေး ဖြစ်တာကြောင့် ယမင်းအပင်ပန်းခံ အောင်သွယ်ရကျိုး နပ်ရတော့မယ်လေ။

သုတ ရင်ဖွင့်တာကို ပန်းက မငြင်းသေး။ လက်ခံဖို့ အလားအလာရှိနေတာလေ။ ပန်းက အရှက်ပိုနေလို့သာပေါ့။

✿ ✿ ✿

" ယမင်း "

ပန်း ခေါ်သံကြောင့် ယမင်းအတွေးစပြတ်ကာ ကားကို တိုက်ပုလှလှလေးရှေ့ ထိုးရပ်လိုက်ပြီး

" ပြောလေ "

" ဘယ်သွားနေတာလဲ "





" ပန်းကို ပြစရာရှိလို့လေ လာ ဆင်းကြစို့ "

ယမင်းဦးစွာ ကားမောင်းသူနေရာမှဆင်းလိုက်တော့ ပန်းသည်း ကားတံခါးဖွင့်ဆင်းလိုက်ပြီး အကဲခတ်ကြည့်မိတော့

မကျဉ်းမကျယ် ခြံဝိုင်းလေးအလယ်က သက်တန့်ဝါရောင်ဆေးသုတ်ထားတဲ့ တစ်ထပ်တိုက်ပုလှလှလေး။ တိုက်ပတ်လည်ခြံဝင်းတစ်ခုလုံးမှာ စိမ်းစိုတဲ့ မြက်ခင်းပြင်က စက်နဲ့ရိတ်ဖြတ်ထားသလို ညီညာ...းဖြာနေသည်က တိုက်ဝါလေးကို ပို၍ထင်ပေါ်လှပနေစေသလို။

" သဘောကျလား ပန်းရဲ့ "

ခြံဝင်းနဲ့တိုက်လှလှလေးကို စိတ်ဝင်တစားကြည့်နေတဲ့ ပန်းဆီကို ကားရှေ့ဘက်က ပတ်သွားရင်း ယမင်းမေးတော့

" လှတယ်နော် ရိုးရိုးစင်းစင်းလေးဆွဲဆောင်မှုရှိနေတာ၊ ဟောဒီမြက်ခင်းစိမ်းတွေကြည့်ရတာ ရင်ကိုချမ်းမြေ့စေတယ်လေ "

" ဟုတ်တယ် ပန်းရဲ့ "

" ယမင်း ပြချင်တယ်ဆိုတာက "

" ဒီတိုက်နဲ့ခြံဝင်းလေးကိုပေါ့ '

အဝါရောင်တိုက်ပုလေးရဲ့အဝင်တံခါးအနက်ရောင် မှန်ကြောင့် ...တ်ပုက ထင်းခနဲလှနေသလို တိုက်ပတ်လည်လှေကား လိမ်ခွေခွေလေး ...ရွှေမှုတဆင့် လေသာဆောင်ပုံစံ ခေါင်မျက်နှာကျက်မှာ ရေးခြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘောင်ခတ်ထားတာက အမြင်ဆန်းသစ်ကာ

" ယမင်း ဆောက်ထားတာလား "

" အမလေး အထင်မကြီးပါနဲ့ ပန်းရယ် "

" ဒါဆို ဘယ်သူ့တိုက်လှလှလေးလဲ၊ ယမင်းချစ်သူရဲ့တို
လား "

" ပန်းက ဘယ်လိုထင်လဲ "

" ယမင်းချစ်သူတိုက်ပေါ့ ဟုတ်ဘူးလား "

ယမင်းဘေးမှာ ပန်းထိုင်လိုက်သည်။

" ယမင်းချစ်သူမှာ အဲဒီလောက် အရည်အချင်းမရှိပါ
ပန်းရယ်၊ သူက ပန်းကိုကိုလို မိဘပိုက်ဆံဖြုန်းနေတဲ့ ခပ်ဆိုးဆိုး
လေး ဟဲ့ "

" လှိုမနေနဲ့နော် ကြည့်စမ်းပါဦး တိုက်နဲ့ခြံပိုင်းလေးက ချ
နစ်ယောက် ကြည်ကြည်နူးနူး မြူးမြူးလေးနေလို့ရအောင် စိတ်ကူး
နဲ့ ဖန်တီးထားတာလေ၊ ဘယ်လောက်စိတ်ဝင်စားစရာ ကောင်းသလဲ

ဘာကိုမှ မရိပ်မိဘဲ ဖြူဖြူစင်စင်လေးပြောနေရှာတဲ့ ပန်း
သားလေးကို ယမင်းလက်မောင်းသွယ်သွယ်လေးနဲ့ ချစ်စဖွယ်တို့တိုက်

" ပန်း စိတ်ဝင်စားတယ်ပေါ့ "

" ဘာလဲ "





" ဒီတိုက်လှလှမှာ ချစ်သူနဲ့ကြည်နူးနေဖို့ "

" ရှင့်အတွက် စိတ်ဝင်စားပေးတာပါနော် "

" ပန်းအတွက် စိတ်ဝင်စားလိုက်လေ "

" ဘာဖြစ်လို့ "

မျက်လုံးဝိုင်းလေးနဲ့မေးတော့ ယမင်းကြည်နူးစွာ ပြုံးကြည့်ပြီး

" ပန်း စိတ်ဝင်စားအောင် သူတဖန်တီးထားတာလေ "

" ဟင် "

" ဟုတ်တယ် ပန်းရဲ့ "

" အို "

ပန်း မျက်နှာပြင်က ရှက်သွေးဖြန်းကာ နီစွေးသွား၏။

" တကယ်ပြောတာ သူတက ပန်းအတွက် ဘယ်လောက်
ရည်ရွယ်ထားသလဲဆိုတာ ပန်းသိအောင် လာပြတာ "

" ဟွန်း "

ပန်းရှက်ကာ ယမင်းကို ကျောပေးထိုင်လိုက်၏။

" ပန်းရယ် သူတက ပန်းကိုတကယ်တန်ဖိုးထား ချစ်တာပါ
ဲ့ယ်၊ ပန်းဘဝ အနာဂတ်အတွက် ပန်းဘဝဖြစ်စဉ်ကို နားလည်လက်ခံ
ြီး တန်ဖိုးထားချစ်မယ့် ယောကျ်ားတစ်ယောက်လိုတယ်လေ "

ယမင်းကိုယ်ကို အသာစောင်းကာ ပန်းကို ဘေးစောင်းငဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လာတော့ ပန်းနှုတ်ခမ်းလွှာ ခေ့ပိတ်ကာ မြက်တိုက်လေးတွေ
ငေး ကြည့်နေမိသည်။

" ပန်း သေချာစဉ်းစားကြည့်လေ၊ ပန်း အနာဂတ်မှာ ပန်
မွေးစားမိဘတွေမရှိတော့ရင် ပန်း ဘယ်သူ့အရိပ်အောက်မှာ ခိုလှုံမ

" ကိုကို "

" စိတ်ကူးမယဉ်ပါနဲ့ ပန်းရယ်၊ နေဖင်ယော်က ပန်းကို အိ
မရွေး နှင်ထုတ်ဖို့ စိတ်ကူးနေတာလေ၊ ခုတောင် နှင်ထုတ်ချင်နေ
မိဘကိုကြောက်လို့ ငြိမ်နေတာ၊ သူ့မိဘမရှိရင် ပန်းကို သူနှင်ထုတ်မှာ
အဲဒီတော့ ပန်း ဘယ်လိုလုပ်မလဲ "

ပန်း မသိမသာ သက်မလေးချကာ မျက်နှာတစ်ဝက် ကွယ်
တဲ့ ပန်းခွေနွယ်ပျော့ပျော့လေးကို ယမင်း သဖယ်ကာ နားရွက်ပိုင်း
ကြင်နာစွာ ညှပ်ပေးရင်း

' ပန်းမျက်နှာလေးကို အမိအရကြည့်ကာ

" ပန်း ကိုကိုက သူချစ်သူနဲ့ ခုတောင် မှန်အလိုကျဖြစ်နေ
လေ၊ ပန်းဘဝကို ငဲ့ညှာမယ် ထင်လို့လား "

" ကိုကိုက အဲသလောက်လည်း စိတ်မပုပ်ပါဘူး "

" ယမင်းပြောခနေတာက ပန်းနဲ့ ပန်းကိုကို မိဘားရကို
ထိုးပေးနေတာမဟုတ်ဘူးနော်၊ အခြေအနေအရ ဖြစ်လာနိုင်



ထောက်ပြတာ။ အစစအရာရာ ပန်းအနာဂတ်အတွက် မြတ်မြတ်နိုးနိုး
ခံစားပေးနိုင်တဲ့ သူတကို ပန်းလျစ်လျူမရှုမိအောင် သူငယ်ချင်းပီသစွာ
ယမင်းက ပြောပြရတာပါ ဟယ် "

ပန်းဘဝကို နားလည်မှုပေးနိုင်တဲ့ ယမင်းစိတ်ဓါတ်ဖြူစင်တာ
ပန်း သိသည်။ သူတက ကိုကိုထက် ပန်းကို သိမ်သိမ်မွေ့မွေ့ဆက်ဆံ၏။
ပန်း နှလုံးသားက သူတအချစ်ကို ခံစားပေးဖို့ တုံ့ဆိုင်း နေရတာ
ပန်းကိုယ်တိုင် စဉ်းစားမရ ဖြစ်ရတယ်လေ။

" သူတကို စဉ်းစားပေးပါ ယောက်မရယ် နော်၊ သူတက
ပန်းကို အရမ်းချစ်တာ ပန်းကို ချစ်မိလို့ အစစအရာရာ သင့်သင့်တင့်တင့်
ဖြစ်အောင် စီစဉ်ထားတာ ပန်းအမြင်ပဲဟာနော်၊ ပန်း သူတကို စဉ်းစား
ပေးပါဟယ် "

သူတ ကိုယ်စား အသနားခံပေးတာလား ယမင်းရယ်။

" ဖေဖေနဲ့ မေမေက ပန်းကို ရည်းစားထားခွင့် မပေးဘူး
လေ "

" အပျော်သဘောရည်းစားထားဖို့ ယမင်းအောင်သွယ်တာ
မဟုတ်ဘူး ပန်းရဲ့ ဘဝအတွက် အလေးအနက် အောင်သွယ်ပေးတာပါ
ဟယ်၊ ပန်း မိဘလက်ခံရင် သူတက အားလုံးအတွက် အဆင်သင့်ပဲ
ယောက်မရဲ့ ဟင်း ဟင်း "



www.burmeseclassic.com

www.burmeseclassic.com



ပန်းလေးတိုက်ကာ ရယ်ပဟာဆိုရှာတဲ့ ယမင်းကို ပန်း အ[illegible]
သားကြည့်မိသည်။ သူတက ပန်းကို အဲသလောက်တောင် ချစ်သတဲ့[illegible]

" မယုံလို့လား ပန်း "

" အဲလိုလည်း မဟုတ်ပါဘူး ဟယ် "

" မယုံတူးဆိုရင် ပန်းယုံအောင် ပန်းမို့ဘဆိုကို သူတမိဘ[illegible]
လွှတ်ပြီး တောင်းခိုင်းရမလား "

" အိုး မဟုတ်တာ "

ပန်း ရင်ခွင်က လှိုင်းကလေးဖြတ်သွား၏။

" ယမင်း တကယ်ပြောနေတာ ပန်းရဲ့ "

" မတောင်းခိုင်းပါနဲ့ ပန်းရယ် "

" ဘာဖြစ်လို့ "

" သုတနဲ့ပန်းက ချစ်သူတွေလည်း မဟုတ်ဘဲနဲ့ "

" ချစ်သူဖြစ်မှ တောင်းရမ်းခိုင်းရမယ်သဘောလား"

" ယမင်းနော်၊ ကွေ့ပတ်ပိတ်ဆို့ပြီး ပန်းကို အစ်အက် မေး[illegible]
ပါနဲ့ "

" လောလောဆယ် ပန်းကို လာမတောင်းစေချင်ရင် သု[illegible]
ရင်ဖွင့်ထားတာကို ပန်းစဉ်းစားပေးလိုက်ပေ့ါ "

ရင်ခုန်ပျော်ဝင်တဲ့နှလုံးသား မရှိဘဲ ဘယ်လိုလုပ် စဉ်း[illegible]





[illegible]ရမလဲကွယ်။

" အချစ်ဆိုတာ စဉ်းစားတိုင်း အဖြေထွက်လို့လား ယမင်းရယ်"

" အဲလိုမေးတာကိုက ချစ်တတ်တဲ့ ခံစားချက်ရှိနေလို့ပဲ "

" ဟင် "

" ဟုတ်တယ်လေ၊ သုကပန်းကိုရင်ဖွင့်စဉ်က ပွန်းနှားဆင်ခံစား
[illegible]တာက ချစ်တတ်တဲ့နှလုံးသားကြောင့်လေ "

" တော်ပြီ ဟာ "

ပန်း ယမင်းအပါးက ထကာ ကားဆီလျှောက်သွားကာ တံခါး
[illegible]လိုက်သည်။

" သွားကြစို့ "

" ဒီလိုချည်းတော့ မစိမ်းကားပါနဲ့ဟယ်၊ ဒီတိုက်နဲ့ခြံဝင်းလေး
[illegible] စိတ်ဝင်တစားဖြစ်နေတဲ့ ပန်းနှလုံးသားက သုတကို ရင်မခုန်တာ
[illegible]နိုင်ဘူး "

ကြည့် အတင်းအကျပ်ပိတ်ဆို့နေတဲ့ယမင်းကို မျက်စောင်းထိုး
[illegible]သည်။

" ဟုတ်တယ်နော် "

" သွား မသိဘူး "

" အဲဒီ မသိတာက အဖြေပဲ၊ ဒါပဲနော် သုတကို ပန်းက



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်တယ်လို့ ယမင်းပြောလိုက်မယ်နော် "

" ယမင်းနော် "

ပန်း ကားပေါ်တက်ထိုင်ကာ မောင်းသူနေရာမှ ဝင်ထိုင်တဲ့ ယမင်းပခုံးစွန်းကို ခပ်ရှက်ရှက်ဖိထုလိုက်၏။

" ပန်းရယ် သုတသိရင် အရမ်းပျော်သွားမှာ "

" ကြည့် ပြောပြန်ပြီ "

" အဲဒါဆို မပြောတော့ဘူး၊ ဒါပဲနော် ယောက်မ သုတ နှစ်ယောက်တည်းဆုံတဲ့အခါ ရှက်မနေနဲ့ ပြီးတော့ သူ့ဟာရဲ့မွေးနေ့ည ပွဲမှာ သုတလိုချင်တဲ့အဖြေ ပန်းပေးဖို့မမေ့နဲ့နော်၊ မွေးနေ့လက်ဆောင် အဖြစ် ပန်းနှလုံးသားက ချစ်အဖြေရရင် သုတအရမ်းမြူးသွားမှာ "

ပန်း မျက်စောင်းကလေး အကြိမ်ကြိမ်ဖြာကျပေမယ့်လည်း ယမင်းမျက်နှာ၏ မြူးကြွကြည်နူးနေဆဲ။

ဘာကြောင့်မှန်းမသိ ပန်းအာရုံမှာ

သုတရယ်

တိုက်လှလှလေးရယ်

ပန်းလက်ဖဝါးလေးကို ဆုပ်ကိုင်ရင်ဖွင့်တဲ့ သုတရင်ခုန်သံ ကို ပန်းနှလုံးသားနဲ့ စစ်ကြောခံစားနေမိသည်။

အဲဒါက ယမင်းပြောသလို နှလုံးသား ခံစားချက်ကြောင့်လား





င်းအင်း ပန်းသေချာခံစားကြည့်ပါရစေ သုတရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

" ဒါက ဘယ်လဲ "

ရွှေရောင် လက်ကိုင်အိတ်ကို ဟန်ပါပါကိုင်ရင်း အခန်းထဲက ထွက်လာတဲ့ ပန်းခြေလှမ်း ညွှန်ခန်းထဲရှသည်နှင့် ကိုကို့အသံစူးစူးရှည် ပေါ်လာသည်။ ပန်းကိုယ်ရှိန်သတ်၍

" မွေးနေ့ပွဲ သွားမလို့ "

ရွှေဝါရောင် ပိုးသားကိုယ်ကျပ်ဂါဝန်လက်ပြတ်ကလေးက နောက်မှာ ခြေသလုံးခန့်ကွဲကာ ရှေ့ခြမ်းမှာ စီးကွင်းနက်ကလေးများနှင့် လှိုင်းအိအိလေးပြေးနေပုံ ဒီဇိုင်းထွင်ထားတဲ့ ပွဲတက်ဝတ်စုံဝတ်ပြီး ထွက် လာကတည်းက ပွဲတစ်ခုခုသွားဖို့ဆိုတာ သူသိနှင့်ပြီးသား။

မြင့်မြင့်စည်းထားတဲ့ ဆံပင်လျှော့လျှော့က ပန်းမှာ ဖွာကျကာ မိတ်ကပ်ပါးပါးလိမ်းထားတဲ့ မျက်နှာပေးက နဂိုကတည်းက လှနေရတဲ့





...ထဲ ပိုပြီးလှနေတာ။

မနာလိုစရာ လည်တိုင်ဖွေးဖွေးလေးမှာ စိန်ပွင့်စီ ပလက်တီနမ် ကြိုးတစ်ကုံးတည်းက ရိုးရိုးရှင်းရှင်းနဲ့ ကြည့်မဝအောင် လှနေတဲ့ ...န်းကလေး။

ဖိနပ်အမြင့်နဲ့ ခြေလှမ်းလှမ်းလိုက်တိုင်း ရင်ခုန်သံ ဗရမ်းပတာ ...ဖြစ်သွားစေနိုင်တဲ့ မိန်းကလေးက မွေးနေ့ပွဲထဲရောက်ရှိနေမှာကို သူစိတ် ...ာ မလိုလား။

" မသွားနဲ့ "

" ရှင် "

ပခုံးတစ်ဖက်ပေါ်တင်ထားတဲ့ ပဝါပါးလေးလွင့်ခနဲ ဆိုဖာပေါ် ...ကျသည်ကို ပန်းကိုယ်လုံးလေးကိုင်းကာ ကောက်ယူရင်း

" ဘာဖြစ်လို့လဲ ကိုကို "

" မသွားနဲ့ပြောရင် မသွားနဲ့ပေါ့ကွ "

နစ်ယောက်ထိုင်ဆိုဖာမှာ ကိုယ်ဆန့်လှဲ၍ ခြေနစ်ဖက်ကို ဆိုဖာ ...က်တန်းပေါ် ချိတ်တင်ပြီး စီဒီသီချင်းနားထောင်လျက် သူခပ်တင်းတင်း ...ားတော့။

ပန်း မျက်နှာလှလှလေး အလိုမကျတွန့်ကာ

" မေမေ့ကို ပြောထားပြီးပြီ ဖေဖေကလည်းသွားတဲ့ ကိုကိုရဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" မေမေ မရှိဘူးလေ "

" ဟုတ်ပါတယ် ကိုကိုရဲ့ မေမေက အရောက်နောက်ကျမယ်တဲ့ ပန်းတစ်ယောက်တည်းသွားပါလို့ ခွင့်ပေးပြီးပြီ "

ခြေနှစ်ဖက်ကို ဆိုဖာလက်တန်းပေါ်တင်ကာ သူ့ကိုယ်ကို ဆိုဖာ နောက်မှာကျောမှီပြောင်းထိုင်လိုက်ပြီး

" မေမေခွင့်ပေးလည်း ငါခွင့်မပေးဘူး ပန်းလေညှင်း "

" အဲဒါတော့ ကိုကိုမတရားဘူး "

" မတရားတော့ နင်ဘာလုပ်ချင်လဲ "

ပန်း ဝမ်းနည်းလာကာ နှုတ်ခမ်းလေး ဖိကိုက်မိပြီး

" ပန်း တစ်ခါတလေ သွားရတဲ့ဥစ္စာ၊ ပြီးတော့ ပန်း သူငယ်ချင်းမလေ "

" သူငယ်ချင်းမကလို့ ရည်းစားပဲဖြစ်ဖြစ် "

ပန်း ခြေတစ်ချက်ဆောင့်မိသည်။

" ဒီမှာ ပန်းလေညှင်း နင့်အကြောင်း ငါမသိဘူး မထင်နဲ့"

" ပန်း ဘာလုပ်နေလို့လဲ "

" နင် ဘာလုပ်နေလို့လဲ ဟုတ်လား။ တောက် မပြောလိုက်ချင်ဘူး "

သူ ဝုန်းခနဲထကာ ရူးစိုက်ကြည့်ပစ်လိုက်သည်။





" မွေးနေ့ပွဲအကြောင်းပြပြီး နင်တို့ဖြစ်ချင်တိုင်းဖြစ်နေဖို့ မဟုတ်ား "

" ကိုကိုနော် မဟုတ်တမ်းတရား မပြောနဲ့ "

" အပြောမခံချင်ရင် မသွားနဲ့ "

" ဟွန်း "

ပန်းရင်မှာ ခံပြင်းဝမ်းနည်းတဲ့ မျက်ရည်စတစ်ချို့က မျက်ဝန်း ိမ်မှာ နိုတ္တဲလာသည်။

" နင့်အခန်းထဲ နင်ပြန်ဝင်၊ ခုချက်ချင်း အဲဒီဝတ်စုံလဲ အဲဒါ ိအမိန့်ပဲ "

" ကိုကို မတရားဘူး ဟီး ဟီး "

ပန်း ဝမ်းနည်းမှုက အရှိန်မြင့်စွာ ပြိုကျလာလေပြီ။ ပန်း ာ်ကြိမ်လောက်တော့ကိုကိုကို အနိုင်ရချင်ပါတယ်ကွယ်၊ ပန်း ကြုံကြံနိုင် ုပ်ရင်း ချုံးပွဲချ ငိုကြွေးမိ၏။

" ငါ မတရားဘူး ဘာဖြစ်လဲ ပန်းလေညှင်း "

" ပန်း သည်းမခံနိုင်တော့ဘူးကိုကို "

" သည်းမခံရင် နင်က ဘာလုပ်ချင်လဲ "

" သွားမှာပဲကိုကို ပန်းသွားမှာပဲ "

်း မျက်ရည်စကို မသုတ်ဘဲ ဆတ်ခနဲ လှည့်ထွက်ခဲ့တော့ သူ့မျက်ဝန်းရဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တောက်ပြီး အုံ့ညြိဘနန်းဖြစ်သွား၏။ သူ ပြောသမျှ ခေါင်းငုံ့နာခံခဲ့တဲ့ ပန်းက ခုမှဘယ်သူ့အားကိုးနဲ့ သူ့ကိုဆန့်ကျင်နေတာလဲ။

သူ့မာနက ထောင်းခနဲ ထိုးထွက်လာသည်။

ပန်းလက်မောင်းသားပေါ် ခပ်ကြမ်းကြမ်းရောက်လာတဲ့ လက်ချောင်းတွေ ဖျစ်ညှပ်ဆုပ်ကိုင် ဆွဲလိုက်စဉ် ပန်းတစ်ကိုယ်လုံး ယိုင်ခနဲ ပါသွား၏။ ဆောင့်တွန်းလိုက်တဲ့ အရှိန်နောက်မှာ ပန်းကိုယ်လုံးလေးက ဆိုဖာခြေရင်းမှာ ပုံခနဲကျကာ

အင့်ခနဲ။

အသံမထွက်နိုင်အောင် ပန်း လန့်ဖြန့်ကာ ကိုကို့ကို စိမ်းစိမ်းချည်း ကြည့်လိုက်မိတော့၏။ဝမ်းနည်းလွန်းတဲ့ မျက်ရည်က ပူးကပ်နေတဲ့ မျက်တောင်များကြားမှ အရှိန်မပြတ်ပြိုကျကာ ကြေကွဲစွာ ရှိုက်လျက်။

" အ ဟင့် ဟင့် "

ဗိုက်အစ်ထွက်လာတဲ့ ရှိုက်သံကြောင့် သူလွန်သွားမှန်းသိပေမယ့် ပြင်ဆင်ချိန်မရတော့။ ပုံကျတဲ့အတိုင်း ရှိုက်နေတဲ့ပန်းကို သူ့ရင်ခွင်ထဲ ထည့်ပြီး နှစ်သိမ့်တောင်းပန်ရမလား။

ဟင့်အင်း။

ပန်းက သူ့ခံစားချက်ကို ငဲ့ကြည့်ခဲ့တာ မဟုတ်ဘူး။

ဟိုကောင် သုတကို ယစ်မူးပျော်ဝင်နေခဲ့တာ။





သူ့ခြေလှမ်းက အပေါ်ထပ်ဆီ ရွေ့ခဲ့မိသည်။

ပန်း ရှိုက်သံက သူ့အခန်းထဲမှာ သူငြိမ်ငြိမ်နေလို့မရအောင် ယောက်ယက်ခတ်နေမိတာလေ။

ကိုကို မတရားဘူး ဟင့် ဟင့်၊ ပန်းကို အနိုင်ကျင့်တယ်၊ ပန်း မျက်ရည်စတွေက စကားလုံးတွေအဖြစ် လိမ့်ကျနေဆဲ။

ဆွဲခါ ဆောင့်တွန်းပစ်ထားတဲ့အရှိန်က ပန်းတစ်ကိုယ်လုံးကို ပန်း သယ်မနိုင်စွမ်းမရှိတော့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ပန်း ရောက်မလာတော့ သုတရင်မှာ ဆူဝေကာ နေ ထိုင်မသာ။ ခမ်းနားလွန်းတဲ့ သုတမွေးနေ့က မျှော်လင့်သူရောက်မ တော့ အဓိပ္ပါယ်မရှိ သလိုလို။

ဆံပင်နောက်လှန်ပြီးသိမ်းကာ အနောက်တိုင်းဝတ်စုံအနက် ရင်ဘတ်ဖွင့်ဝတ်ထားတဲ့ သုတမျက်နှာက အတွင်းကဝတ်ထားတဲ့ အကျီအဖြူရောင်လို ဖွေးခနဲ ဖျော့တော့နေရှာသည်။

ယမင်းမကြည့် ရက်တော့ ညှော်ခံပွဲလာတဲ့ ဂုဏ်သရေရှိသူ နှုတ်မဆက်ချင်လောက်အောင် ပန်းကိုမျှော်နေတဲ့ သုတရှေ့ ယမင်း စွာ ရပ်မိသည်။

အချစ်ကို အရှုံးအမူးတောင့်တနေတဲ့ သုတမျက် လက်လက်ကို နားလည်စွာ မော့ကြည့်ရင်း





" ပန်း လာမှာပါ ဟယ် "

" ပန်းကို ငါသွားခေါ်ချင်တယ် "

" ဟာ နင်ကလည်း မွေးနေ့ပွဲတန်းလန်းနဲ့ "

" နေပစေ "

" ဟွန်း မွေးနေ့ရှင်မရှိရင် မွေးနေ့ပွဲ ဘယ်လိုချည်း ဖြစ်သွား မလဲ စဉ်းစားဦး သုတရယ် "

" ဖြစ်ချင်ရာဖြစ်စေတော့ ငါနေလို့မရတော့ဘူး၊ သွားခေါ်မယ် နင်လည်း လိုက်ခဲ့ ယမင်းရာ "

ပြောပြောဆိုဆို ခြေလှမ်းကျဲကျဲထွက်သွားတဲ့ သုတကို ယမင်း တားလို့ ရမည်မထင်တော့။ မွေးနေ့ပွဲလာရောက်ကြတဲ့ ဒိတ်ဒိတ်ကြဲ ညှေ့သည်ပရိတ်သတ်တွေကို ကျောခိုင်းထွက်သွားတဲ့ သုတနောက် ယမင်းအမီ လိုက်ရတော့၏။

ဘာတတ်နိုင်မလဲ။

ယမင်းက ဇတ်လမ်းစထားပြီဆိုတော့ ဇာတ်သိမ်းခန်း ရောက် တဲ့အထိ ပါရတော့မှာပေါ့။

တကယ်တန်း ပန်းကိုတွေ့ရတော့ သုတမပြောနဲ့၊ ယမင်းတောင် ဘယ်လို ဝမ်းနည်းသွားမှန်းမသိ။

ကတ္တီပါ မွေးပွဲတော်ဖောဆိုဖာပေါ် ပုံလျက်သားကျနေတဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ယုံးသုသုလေးက ဆိုဖာထောင့်မှာ။ မွေးနေ့ပွဲသွားဖို့ အလှဆုံးပြင်ဆ
ထားပေမယ့် တရှိုက်ရှိုက်ငိုကာ မျက်ရည်ပေါက်ကြီးငယ်ကျကာနှင့်

“ ပန်း ”

ပန်းရှေ့ကို ဖျတ်ခနဲရောက်ကာ သုတဒူးတစ်ဖက်ထောက်
ရင်း လက်မောင်းဖွေးဖွေးလေးကို တယုတယ ဆုပ်ကိုင်လိုက်မိပြီး

“ ပန်း ဘာဖြစ်တာလဲဟင် ”

မေးလိုက်မှ ပန်း ရှိုက်သံလေး ပိုကျယ်လာသည်။ ယ
စိတ်မချမ်းမြေ့စွာ ပန်းကို ငေးကြည့်နေတာ အပါးသွားပြီး နှစ်သိ
တောင် မေ့သွားသလို။

“ တိတ်ပါ ပန်းရယ်၊ ဘာဖြစ်လို့လဲ ဟင်၊ ရမောင် လာမကြို
လား ”

သုတ ရင်ခုန်သံက ယမင်းကိုပင် သတိမေ့တာ သူနဲ့ပန်း
ယောက်တည်းလို့ တသိမ့်သိမ့် ခံစားမိလျက်သွားဖြစ်သွားသည်။ ယ
နားလည်ပေးနိုင်မယ်ထင်ရဲ့။

ပန်း မျက်ရည်တွေ မြင်ရတာ သူ့နှလုံးသား က ချော်ရည်
စီးမျောသလို ခံစားလိုက်ရပြီး

“ ပန်းရယ် ”

အတိုင်းအဆမဲ့ ဝမ်းနည်းမိတဲ့စိတ်က ကြင်နာစွာ ပေးမ





ရှေ့မှာ ပိုရှိုက်ငိုဝမ်းနည်းလာကာ တသိမ့်သိမ့်ရှိုက်ငင်မိ၏။ မျက်ရည်တွေ
ခိုနေတဲ့ မျက်နှာလေးကို ရင်ခွင်မှာ ထွေးလိုက်စဉ် အလိုက်သင့်
ဝင်လာသည်။

“ မောင် နားလည်ပါတယ်ကွယ် ”

“ ပန်းကို ကိုကိုအနိုင်ကျင့်တာ ”

အောင့်အီးထားသမျှ တုန်တုန်ယင်ယင်လေး ပြောရှာတဲ့ ပန်းရဲ့
နည်းမှုက သူ့ရင်ကို ကူးဆက်ဝမ်းနည်းလာစေသည်။

“ ပန်းရယ် ပန်းဘဝကို မောင်မကြည့်ရက်ဘူးကွယ် ”

“ ပန်း ကံက ဆိုးပါတယ်လေ ”

“ အားငယ်စရာတွေ မပြောပါနဲ့ကွယ် ”

“ ဟုတ်တယ်လေ ပန်းဘဝက ငယ်ငယ်ကတည်းက မိဘတွေ
စ်တာ ခံခဲ့ရတယ်။ ဖေဖေနဲ့ မေမေ့မေတ္တာကြောင့် ပန်းဘဝပြည့်စုံ
ပေမယ့် ကိုကိုကြောင့် ပန်းအမြဲတမ်း ဝမ်းနည်းခဲ့ရတာ ဒီတစ်ခါ
ဝမ်းနည်းဆုံးပါပဲ ဟင့် ဟင့် ”

ပြောရင်း ရှိုက်သံက ပိုကျယ်လာသည်။

“ သုတမွေးနေ့သွားဖို့ ဖေဖေနဲ့မေမေခွင့်ပြုပြီးသားပါ
တရယ်”

“ မောင်လည်း ပန်းအလာကို ယမင်းနဲ့အတူ မျှော်နေရတာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းရယ် ''

" အဲဒါပေါ့ ပန်း ဖွတ်ထွက်လာဖို့ လုပ်တော့ ကိုကို ဆွဲပစ်လိုက်တာလေ၊ ဟင့် ပန်းတစ်ကိုယ်လုံး ရိုက်ထားသလို နာနေတာ ''

ဆိုဖာဘေးမှာ ပုံလျက်သား ငိုရှိုက်နေရှာတဲ့ ပန်းကို ရုတ်တရ... မြင်လိုက်ရတော့ သုတဘာကိုမှ စဉ်းစားချိန်မရဖြစ်ကာ ချစ်သူလေး... ရင်ခွင်ထဲ နှစ်သိမ့်ပေးလျက်သား ဖြစ်သွား၏။

ချစ်သူကလည်း အလိုက် သင့် ခိုဝင်လာတော့ ရင်ခုန်သံ... မထိန်းနိုင်ဖြစ်ရပြီး ရွှေဝါရောင် ဝတ်စုံလေးနဲ့ အိအိထွေး... လုနေတဲ့ချစ်သူ ပါးပြင်ကမျက်ရည်တွေကို ကြင်နာတစ်ရှုးလေး... တယုတယတို့သုတ်ကာ

" မောင်လည်းလေ ပန်းရောက်မလာသေးတော့ ဘာဖြ... ဆိုတဲ့ စိုးရိမ်စိတ်နဲ့ ပန်းဆီလာခဲ့မိတာ ''

ကလေးလေးလို ပွေ့မ၍ ဆိုဖာပေါ် တင်ပေးတဲ့ သုတအကြ... နာကို ပန်းမငြင်းရက်ခဲ့။ ပန်းဘဝမှာ ကိုကို့ အကြင်နာတွေကိုတော... ခဲ့တာ မရခဲ့တော့ အလိုက်သင့်ရလာတဲ့ သုတအကြင်နာပေါ် ပျော်... မိသလို ။

" ပန်း ငိုနေတာ မောင် မကြည့်ရက်ဘူးကွယ် ''

" ပန်းလေ ကိုကို့ကြောင့် ဒီလောက်ထိ မျက်ရည်မကျခဲ့ဖူးဘူး''





" မငိုလိုက်ပါ ပန်းရယ် နော် ''

လက်ဖဝါးလေးကို ဖျစ်ညှစ် နှစ်သိမ့်ရှာတဲ့ သုတအကြင်နာနွေး...မှုက ပန်းနှလုံးသားရဲ့ ဖြေဆေးပဲလားကွယ်။

" ပန်းကို မောင်အရမ်းချစ်တယ်ကွာ၊ ပန်းဘဝရဲ့ ဝမ်းနည်းကြေ...မှုကို မောင့်ချစ်ခြင်းနဲ့ ထွေးပိုက်ခွင့်ရချင်တယ် ပန်းရယ် ''

ချစ်သူလေးရဲ့ ဝေဒနာကို မကြည့်ရက်ရှာဖြစ်ကာ ပါးချင်းကပ်...တော့ ပန်းက ပါးပြင်နုနုလေးအသာခွာသည်။

" ပန်း မောင့်အချစ်ကို လက်ခံလိုက်ပါ ပန်းရယ် လက်ခံမယ်...တ်လား ဟင် ''

ချစ်ခြင်းတွေ ဖိတ်ဖိတ်တောက် ပျော်ဝင်နေတဲ့ သုတမျက်ဝန်း...းလေးက ပန်းမျက်လွှာလေးချကာ သိမ့်ခနဲ ရှိုက်မိပြီး

" ပန်း ပန်းအရမ်းဝမ်းနည်းနေတာပဲ သိတယ်၊ သု သုတရယ်"

" ပန်းရဲ့ ဝမ်းနည်းမှုကို မောင် နှစ်သိမ့်ပေးချင်လို့ပါ ပန်း...ယ်"

ဖွေးနုတဲ့ နားပိုင်းအဖျားလေးမှ စိန်ပွင့်နားဆွဲတိုတိုလေးက...မျက်ရည်စလို လက်ခနဲဖြစ်ကာ ပြုံးကျလုလု။

" ပန်းရယ် ''

ချစ်ရှာလွန်းတဲ့ သုတနဲ့ဝမ်းနည်းနေတဲ့ ပန်းကို ပ...င်းရင်မှာ



www.burmeseclassic.com

www.burmeseclassic.com



နီးစပ်သွားစေလိုတဲ့ စေတနာ ဖိတ်လျှံလာသည်။ သုတ ရင်ခွင်မှာ… နွဲ့လေး မှိုကာ ရှိုက်နေတဲ့ ပန်းအပါး ယမင်းကပ်၍ထိုင်ချပြီး

" သုတကို ပန်းမငြင်းပါနဲ့တော့ကွယ် "

လက်ခံဖို့ ငြင်းဖို့ဆိုတာထက် ပန်းရဲ့ဝမ်းနည်းကြေကွဲမှုတွေ… ရင်ခွင်တစ်ခုမှာ ခိုဝင်ဖို့လိုအပ်တယ်ဆိုရင် အဲဒီရင်ခွင်က အဆင်… ရှိနေတယ်ဆိုရင် ပန်း တွေတွေထူးထူး စဉ်းစားဖို့ မလိုတော့ဘူး ထင်သ…

" ပန်း လက်ခံရင် ပန်းဖေဖေနဲ့ မေမေဆီမှာ မောင်ထိုက်ထိုက်… တန်တန် တင်တောင်းယူပါ့မယ် ပန်းရယ် "

ပန်းလက်ဖျားလေးကို ကြင်နာ စွာ ဖျစ်ညှစ်ပြောတဲ့သုတ… ပန်းအားကိုးတကြီး မော့ကြည့်တဲ့မျက်ဝန်းက မျက်ရည်စတွေ လျှော… လာသည်။

" ဟုတ်တယ် ပန်းရယ်၊ သုတက သုတမိဘကိုတောင်… ပြောထားပြီလေ၊ သုတမိဘက ပန်းကို မမြင်ဘူးပေမဲ့ သုတချစ်… ဘယ်မိန်းကလေးကိုမဆို သင့်တင့်ခမ်းနားစွာ မင်္ဂလာဆောင်ပေးဖို့ အဆ… သင့်ရှိတယ်လေ "

" ပန်း အားမငယ်နဲ့နော် မောင့်ကြောင့် ပန်းဘဝကြည်နူး… မြဲစေရမယ်ကွယ် "

" နော် ပန်း ပန်းခေါင်းညိတ်လိုက်ပါ သူငယ်ချင်းရယ် "





ယမင်းက ပန်းပခုံးစွန်းလေးပေါ် လက်တင်ရင်း ခေါင်းညိတ် …က်ခံဖို့ တွန်းအားပေးပြောရှာသည်။

ကိုကိုကြောင့် ဝမ်းနည်းစွာကျတဲ့မျက်ရည်ကို တယုတယသုတ် …လာတဲ့ သုတလက်ချောင်းတွေကို ပန်းဆုပ်ထွေးစဉ်

" မောင့်ချစ်ခြင်းကို လက်ခံပေးပါ ပန်းရယ် နော် "

ကျန် လက်တစ်ဖက်နဲ့ ပန်းပခုံးသိုင်းဖက်လာတော့ သုတ …ခွင်ထဲ လျှောကျတဲ့ ဦးခေါင်းလေး ငြိမ့်ခနဲ

" ဝမ်းသာလိုက်တာ ပန်းရယ် "

ဝမ်းသာအယ်လဲ သုတရင်ခုန်သံနောက်မှာ ဘာကြောင့်မှန်း …သိ။ ပန်း ရှိုက်ကာ သည်းသည်းလှုပ် ငိုကြွေးမိတော့၏။

" ပန်းရယ် "

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

" ကျစ် "

ခံတွင်းကို စေ့ပိတ်ရင် သွားကြားကလွတ်ထွက်လာတဲ့ ခံပြ
သံက စေ့ပိတ်လိုက်တဲ့ နှုတ်ခမ်းပါးနောက် ပျောက်ကွယ်ကာ သူ့လ
နှစ်ဖက်က လေ့ကားတန်းမွှာလုံးကို ဆုပ်ကိုင်လျက်နဲ့ ဖျတ်ခနဲ ကော
နိုင်းမိတော့၏။

ပန်းကို အဲသလောက် မရင့်သီးသင့်ဘူးဆိုတာ အသိဝင် လာ
တပြိုင်နက် ဝမ်းနည်းတကြီး ငိုနေရှာတဲ့ ပန်းကို ထွေးပွေ့ဓျေ
မော့ဖို့ပြန်ဆင်းအလာမှာ

သုတရင်ခွင်ထဲရောက်နေတဲ့ ပန်းကိုမြင်ရတော့ သူ မခံစာ
နိုင်တော့ပြီ။

အခန်းထဲ ပြေးဝင်ကာ မြင်မြင်သမျှကို ဆွဲကိုင်လွှင့်ပစ်နေမိတ





ခန်းတစ်ခုလုံး ပွစာကြဲလျက်။

ဒီကောင်က ဘာကောင်မို့ ပန်းကို ရင်ခွင်ထဲထည့်ထားရတာလဲ။

ပန်းကလည်း ဒီကောင့်ရင်ခွင်ထဲ ဘာကြောင့်ဝင်ရတာလဲ။ ချစ်
သူတွေလား။ ထိုအတွေးက သူ့တစ်ကိုယ်လုံး အားအင်မဲ့စွာ မွေ့ရာပေါ်
နှဲ့လန်ပြုတ်လဲကျသွားစေသည်။

ဟင့်အင်း မဖြစ်ရဘူး။

သူ ဦးခေါင်းတရစပ် ရမ်းခါသွားကာ ဝုန်းခနဲထလိုက်မိပြန်
သည်။ ပန်းရယ်။

ပန်း ဘယ်သူ့ရင်ခွင်မှာမှ ခေါင်းချစရာမလိုဘူး။

ခေါင်းချခွင့်မပေးနိုင်ဘူး ပန်းရယ်။

ကိုကို့အတွက် ပန်းကို ဘယ်လောက်ထိ အမြစ်တွယ်နေခဲ့သလဲ
ဆိုတာ မသိလို့လား ပန်းရယ်။

ပန်း တယုတယရှုးပြီး တယုတယသိကုံးခဲ့တဲ့ စပယ်ကုံးတွေ
ကို ရင်ခုန်ခြင်းနဲ့နမ်းရှိုက်ပြီး ပန်းမမြင်အောင် ဘာကြောင့် သိမ်းမိမှန်း
ဒီတုန်းက ကိုကိုမသိခဲ့ဘူး။

အခုမှ သိမ်းထားရခြင်းအကြောင်းကို ကိုကိုခံစားတတ်လာ
ဘယ်။

ဒါတင်မက ပန်းကိုပစ်ပစ်နှစ်နှစ် ရှုတ်ချပြီး မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ခဲ့တဲ့ မှုန်အတွက် ကိုကိုမထင်မှတ်ဘဲ ကြားခဲ့တယ်။

အဲဒီနေ့က မှုန်က ပန်းကိုထိပ်တိုက်တွေပြီး တိုက်ခိုက်တာလေ

ကိုကို့နှလုံးသား တဆတ်ဆတ် တုန်ခါနေခဲ့တာ ခုချိန်ထိပါ

✿ ✿ ✿

မှုန့်ရဲ့ မနာလိုမုန်းတီးသံကြောင့် ပန်း တအံ့တဩလေး မော့ကြည့်ပြီး ပုံမှန်အသံနှင့်

" ဩော် မမမှုန် လာထိုင်လေ "

ဖတ်လက်စ လက်ချာစာအုပ်ကို စားပွဲပေါ်တင်ရင်း နေရာကာ ဖိတ်ခေါ်လိုက်သည်။

" ဟွန်း နင်က နေမိဘကို စကားလုံးချိုချို ရိုးသားဟန်လေးနဲ့ ညှို့ပြီး လိုချင်တာကို ချိုင်ယူတဲ့နေရာမှာ သိပ်တော်ချင်တော်မယ် မှုန့်ကိုတော့ ဒီလိုလာသဲ့ယူလို့ရမယ် ထင်မနေနဲ့ "

" မမမှုန် ဘာတွေလာပြောနေတာလဲ "

" နင့်စိတ်ဓာတ်ဆိုးကို ဖတ်ပြနေတာလေ ပန်းလေညှင်း "

" မဟုတ်တမ်းတရားတွေ လာမပြောနဲ့ မမမှုန် "

" နင်ငါ့ကို မမမှုန်လို့ မခေါ်နဲ့ "

" မမမှုန်က ကိုကို့ချစ်သူ မို့လို့ပါနော် "





" ဘာကိုကိုလဲ "

ချိုးဖွဲ့တဲ့ မှုန့်မျက်နှာလေးနဲ့ အသံကြောင့် ပန်း မျက်နှာနုချော ချောက ငယ်ကျသွားကာ ဝမ်းနည်းဟန်လေးနဲ့ မှုန့်ကိုမျက်တောင် ပုတ်ခတ်လုပ်ရင်း ကြည့်ပြီး

" ကိုကိုက ပန်းကိုကိုပါ မမမှုန်ရယ် "

" ခေါက်ထားစမ်းပါ ပန်းလေညှင်းရယ်၊ နင့်စိတ်ဓာတ်ကို မသိရင်ခက်ရချည်ရဲ့။ နေမိဘနဲ့နေ့ကို မျက်နှာချင်းမဆိုင်ဖြစ်အောင် ဟိုဘက်ဒီဘက် သွေးထိုးပြီး အပိုင်ကြံနေတာ ငါမသိဘူး ထင်နေသလား"

" မမမှုန် မတရားမစွပ်စွဲနဲ့နော် "

" ငါ စွပ်စွဲတာမဟုတ်ဘူး၊ တကယ်ဆို နင့်ဘဝက နင်သိနေရမယ်၊ နေမိဘ သနားလို့ ကောက်ယူမွေးစားလို့ လူဖြစ်လာတဲ့ မိန်းကလေး က နေမိဘကို ကျေးဇူးမဆပ်ချင်နေပါ မိသားစုအရင်းကြီးကို သွေးထိုး ပေးစရာမလိုဘူး သိရဲ့လား "

လက်ညှိုးထိုး စွပ်စွဲလာတဲ့ မှုန့်ကို ပန်းခံပြင်းစိတ်နဲ့ အံတင်းတင်း ကြိတ်ကြည့်ရှာသည်။

" နေပါဦး ဒီအကြောင်းတွေ မမမှုန်ပြောရလောက်အောင် ပန်းတို့မိသားစုမှာ ဘယ်လောက်အရေးပါလို့လဲ "

" ဟင်း ဟင်း မသိရင်မှတ်ထား၊ သလင်းမှုန်က နေ့ချစ်သူ၊



www.burmeseclassic.com

www.burmeseclassic.com



နေ့ဖနီးလောင်း ''

'' ဘာပဲဖြစ်ဖြစ် လက်ရှိမဖြစ်သေးဘဲနဲ့ ဝင်မစွက်ပါနဲ့ ''

'' နှင့်လို လမ်းပေါ်က အညတြမိန်းမက နေ့မိသားစုထဲ မှာနောက်နေနိုင်ရင် ငါကဘာဖြစ်လို့ ရေငုံနှုတ်ပိတ်နေရမလဲ ပန်းလေညှင်း''

ခံပြင်းဒေါသကြောင့် ပန်းမျက်ဝန်း စိမ့်ဖန့်ကာ လက်ချောင်းလေးကိုကျစ်နေအောင်ဆုပ်ပြီး ခပ်မတ်မတ်မှုန့်ကို ရင်ဆိုင်ရပ်ကြည့်သည်။ မှုန်က မာန်တဝင့်ဝင့်နဲ့ မျက်နှာမော့ကာ ပန်းပခုံးကို လက်တစ်ဖက်နဲ့ တွန်းပြီး

'' ဒီမှာ ပန်းလေညှင်း နှင့်ကို ငါနောက်ဆုံးသတိပေးလိုက်မယ်၊ နေ့မိသားစုထဲက နင်အမြန်ဆုံးထွက်သွား ''

'' အို ''

'' မအိုနဲ့ နှင့်ကို ဟိုကောင်သုတက အရူးအမူးချစ်နေတာ သုံတကို ယူပြီး နေ့မိသားစုနဲ့ကင်းအောင် နေလိုက်စမ်းပါ ''

'' မမမှုန်နော် ''

'' ဒီ့ထက်ရှင်းအောင် နှင့်ကိုပြောလိုက်မယ် ပန်းလေညှင်း နေ့မိသားစုကြားထဲက နင်ထွက်မသွားရင် နှင့်ဘဝလမ်းပေါ် ပစ်စလက်ခတ်လွင့်သွားအောင် ငါလုပ်ရလိမ့်မယ်၊ အဲဒီတော့မှာ နင် မျက်ရည်





ချောင်းစီးသွားစေရမယ် သတိထား ''

အနိုင်ပိုင်းပြောကာ ချာခနဲခါထွက်သွားတဲ့ မှုန့်နောက်မှာ ကျန်ရစ်ခဲ့တဲ့ ပန်းရဲ့မျက်ဝန်းလေးကို သူငေးကြည့်ရင်း ရင်မှာတစ်စုံတစ်ခုတိုး ထွက်လာခဲ့တာ ပန်းမှမသိဘဲ။

မှုန့်ကို ပန်းပြန်ပြောခွင့်မရတဲ့အတွက် ပန်းထိခိုက်ဝမ်းနည်းနေမှာ အလိုလိုခံစားသိနှင့်တဲ့ ကိုကို့ခံစားမှုက မှုန့်ကို တုန့်ပြန်လျက်သား ဖြစ်သွားခဲ့တာ ပန်းမသိဘူးဆိုရင် ကိုကိုပြန်ပြောချင်တယ် ပန်းရယ်။

✿ ✿ ✿

'' သလင်းမှုန် ''

'' ဟင် နေ နေဘယ်လိုခေါ်လိုက်တာလဲ ''

လက်မောင်းကို ဆုပ်ကိုင်လှုပ်ခတ်ကာမျက်လုံးဝိုင်းနဲ့ တအံ့တသြမေးလာတဲ့ မှုန့်လက်ကို ပယ်ချကာ ကုံကော်ပင်စည်ကို ပခုံးတိုက်လျက်သား လက်ပိုက်ရပ်ကာ မှုန့်ကိုစိုက်ကြည့်သည်။

'' သလင်းမှုန်လေ ''

'' ဟွန်း နေဘယ်တုန်းက မှုန့်ကို သလင်းမှုန်လို့ ခေါ်ဖူးလဲ''

'' အခု ခေါ်ရမယ် ''

'' ဘာဖြစ်လို့ ''

'' သလင်းမှုန် သိပ်ရင့်သီးလွန်းတယ် ''



www.burmeseclassic.com

www.burmeseclassic.com



" ဘာတွေလာပြောနေတာလဲ နေ "

သူ့ရှေ့ ဖျတ်ခနဲခြေစုံရပ်ကာ ခပ်တင်းတင်းလေးဆူလာတဲ့ မှုန့် မျက်နှာကို မကြည့်ဘဲ

" ပန်းလေညှင်းကို မှုန်ဘလိုင်းချည်း တိုက်ခိုက်ဖို့ မလိုအပ်ဘူး"

" နေ ဆိုလိုတာက "

" မှုန် တောင်းဆိုတဲ့အတိုင်း နေ့မိဘနဲ့ မိတ်ဆက်ပေးပြီးပြီ"

" နေ့မိဘက မှုန့်ကို အလေးထားလို့လား "

" နေ့မိဘအလေးထားလာအောင် သလင်းမှုန်ကြိုးစားခွင့်ရှိတာပဲ "

သူ လက်ပိုက်ဖြုတ်ကာ ပင်စည်မှာလက်ထောက်၍ ခပ်ကိုင်းကိုင်းရပ်ကာ မှုန့်ကိုငုံ့ကြည့်ပြီးဆိုတော့ မှုန့်မျက်ဝန်းက မီးခဲလို ရဲခနဲ ဖြစ်လာပြီး

" မှုန် ကြိုးစားနိုင်မယ့် အခွင့်အရေးရှေ့မှာ ပန်းလေညှင်း ပိတ်ဆို့နေတယ်၊ ပန်းလေညှင်းကို အရင်ရှင်းထုတ်မှ မှုန်ကြိုးစားခွင့် ရမယ်လေ "

" ပန်းလေညှင်းကို ရှင်းထုတ်ပိုင်ခွင့် သလင်းမှုန်မှာ မရှိဘူး ဆိုတာ သတိထားဦး "

" မှုန်က နေ့ချစ်သူလေ "





" ချစ်သူဘဝမှာ နေ့မိသားစုအတွင်းရေးကို ဝင်နှောင့်ယှက်နေရင် နေမျက်နှာသာ ပေးနိုင်မှာ မဟုတ်ဘူး သလင်းမှုန် "

" ဘာ ဘာပြောလိုက်တယ် "

ချစ်သူကို အခွင့်အရေးမပေးနိုင်လောက်အောင် ရန်ကြွလာတဲ့ သူ့စိတ်က ပြင်းရှရှလေး လှိမ့်ထွက်လာသည်။

" တကယ် သလင်းမှုန်၊ နေတို့မိသားစုထဲက ပန်းထွက်သွားဖို့ နောက်ထပ်ဖိအားပေးလာရင် နေ့အံဆိုး မဆိုနဲ့ "

" ဟင် "

မှုန့်မျက်ဝန်းက မယုံနိုင်လောက်အောင် စူးစူးစိုက်စိုက်ကြည့်မိပြီး

" နေက ချစ်သူဖြစ်တဲ့ မှုန့်ဘက်က မရပ်ဘဲ ပန်းလေညှင်းဘက်က ရပ်တည်ကာကွယ်နေတာ၊ ဟာ နေဖင်ယော် နင် သိပ်အတ္တကြီးပါလား "

ခံပြင်းမှုကြောင့် တသိမ့်သိမ့်ရင် လှုပ်ခတ်သွားတဲ့ရင်ခွင်က မတ်ခနဲကြွသွားပြီး

" လတ်စသတ်တော့ နေက မှုန့်ကို ပန်းလေညှင်းလောက် တောင် နေရာမပေးနိုင်လောက်အောင်ဖြစ်နေတာကိုး "

" ဟုတ်တယ်၊ နေဖင်ယော့်မိသားစုထဲကို မှုန်မဝင်လာရင်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှဖြစ်စရာမရှိပေမယ့် ပန်းထွက်သွားရင် လုံးဝမဖြစ်နိုင်ဘူး။ ဒါကြောင့် ပန်းကို သလင်းမှုန် ရှေ့ဆက်တိုက်ခိုက်ဖို့ မကြိုးစားနဲ့ ''

'' တောက် ရှင် ''

ခံပြင်းဒေါသကြောင့် မှုန်လက်တစ်ဖက်မြောက်တက်သွားတော့ သူဆီးဖမ်းပြီး

'' မသိရင် မြဲမြဲမှတ်ထား သလင်းမှုန်၊ ဖေဖေနဲ့မေမေနဲ့အတွက် ပန်းက မရှိမဖြစ်လိုအပ်တယ်၊ သလင်းမှုန်ကိုတော့ Sorry နဲ့ ကြားကန့်လို့ရတယ် ''

ဆုပ်ကိုင်ထားတဲ့ လက်ဖဝါးကို ဆောင့်တွန်းတဲ့အရှိန်ကြောင့် မှုန့်ကိုယ်လုံးလေး ယိုင်ခနဲဖြစ်ကာ ကုံကော်ပင်စည်မှ ကပ်သွားသည်။ ပြောပြီး ချာခနဲလှည့်ထွက်သွားတဲ့နေ့ကို မှုန်မျက်ရည်ပေါက်ပေါက်ကျပြီး အရှုံးပေးလိုက်ရမလား။

ဟင့်အင်း ပြိုကျချင်လာတဲ့ မျက်ရည်ကို မျက်တောင်စိပ်စိပ်လေးကြားမှ မျက်လုံးအိမ်ထဲ ပြန်ပုတ်သွင်းကာ မျက်နှာလေးကို မာနနဲ့ ဆတ်ခါပြီး

'' နေဖင်ယော် ''

သူ ခြေလှမ်းတန့်သွားပေမယ့် နောက်လှည့်မကြည့်မိ။

'' နင် အဲသလောက်အတွင်းမှုံယိုနေမှတော့ နင့်ကို မှုန်ဆိုထဲ





မိန်းမက ချစ်သူအဖြစ် ပယ်ချလိုက်ဖို့ ဝန်မလေးဘူး သိရဲ့လား။ နေနဲ့ မှုန် ဒီနေ့ဒီအချိန်ကစပြီး ဘာမှမဆိုင်ဘူး ဆောရီးပဲ ''

မာနနဲ့ကျောခိုင်းသွားတဲ့ မှုန့်ကို သူဝမ်းမနည်းစွာ လှည့်ကြည့်ရင်း သူခနိုးခနဲ့ပြုံးလိုက်၏။

ချစ်သူ ကျောခိုင်းသွားခြင်းက သစ်ရွက်တစ်ရွက်ကြွေသလောက်တောင် ခံစားမှုမဖြစ်စေတာ ဘာကြောင့်လဲ၊ ပန်း မသိတာလားကွယ်။

ပန်းအတွက်ချစ်သူကို ကိုကိုဝမ်းမနည်းတမ်း စွန့်လွှတ်ခဲ့တာ ပန်းရယ်။ ပန်း ကိုကို့ခံစားချက်ကို ကျောခိုင်းပြီး တပါးသူရင်ခွင်မှာ ခေါင်းချမယ်ဆိုရင်

ဟင့်အင်း။

ကိုကို့နှလုံးသားက လက်မှိုက်ရပ်ကြည့်နေမှာ မဟုတ်ဘူး။

'' ပန်းရယ် ''

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

" ဟယ် သန်းသန်းသော် "

" သီသီ "

အမျိုးသမီးနှစ်ဦး အားရဝမ်းသာဖက်ကာ ချစ်ခင်စွာအပြုံး အလှန်အကြည့်ဆုံ၏။

အပြာခံပေါ် အဝါနုပွင့်စိပ်လေးတွေပါတဲ့ ကီမိုထဘီကို ဗာအင် နုရောင်ခါးတို လက်ရှည်နှင့် တွဲဝတ်ထားတဲ့ ဒေါ်သန်းသန်းသော်က ပြည့်ပြည့်ဖြိုးဖြိုးဖြစ်ကာ ဆံထုံးမြင့်မြင့်မှာ သစ်ခွပန်းဝါဝါ ပန်ထားခြင်း ဖြင့် မြန်မာဆန်ဆန် ကြော့မော့လှပနေသလို ဒေါ်ပန်းပွင့်သီကလည်း လိမ္မော်ရောင်အခံမှာ စိန်ပွင့်နုနုလေးတွေ ကြဲပက်ထားတဲ့ အင်ဒိုနီးရှား ပါတိတ်ဝမ်းဆက်နဲ့အပြုံင် လှနေပါသည်။

ကားပေါ်ဆင်းပြီး ဧည့်ခန်းထဲဝင်လာတဲ့ ဒေါ်သန်းသန်းသော်





ကို အခန်းထဲကထွက်လာတဲ့ ဒေါ်ပန်းပွင့်သီမြင်တာနဲ့ အားရဝမ်းသာ ပြေးဖက်ခြင်းဖြင့်

" ကြည့်စမ်း နေနိုင်လိုက်တာ သော်သော်ရယ်၊ ခုမှ လာဖေါ် ရတော့တယ်ကွယ် "

" ပြောပါတော့ သီသီ၊ ပြောပါတော့ ဟင့်ဟင့် "

" ပြောရမှာပေါ့၊ သီသီ့မှာတော့ မျှော်လိုက်ရတာ သော်သော် က သီသီကို သတိမရတော့ဘူး ထင်နေတာ "

" စိတ်ကတော့ သတိရတာပေါ့ သီသီရယ်၊ လာမယ် လာမယ် နဲ့ တကဲကဲ၊ လူကသာ မရောက်ဖြစ်တာ သီသီရယ် ဟင်း ဟင်း "

" သူငယ်ချင်းတွေ တွေ့တာနဲ့ပဲ ကျွန်တော်တို့ကိုတောင် မခေါ် တော့ဘူးလား သီသီရယ် "

" ဟင် "

ကြားဖြတ်ဝင်လာတဲ့ အသံကြည်ကြည်ကြောင့် သော်သော့်ကို ကားပြောရင်း ဆွဲခေါ်ကာ ဆိုဖာမှာ ထိုင်စေတဲ့ ဒေါ်ပန်းပွင့်သီ မျက်ဝန်း လေး နောက်လှည့်ကြည့်ကာမှ

" ကိုစိုး "

တိုက်ပုံပုဆိုးအပြာရောင်နဲ့ ကြော့ကြော့လေး ပြုံးနေရှာတဲ့ ဦးစိုး ဝေါကို ဒေါ်ပန်းပွင့်သီ အားရဝမ်းသာကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ကြည့်စမ်း ကိုစိုးလည်း အခုမှပေါ်လာတော့တယ် "

" ဟုတ်တယ် သီသီရယ် "

" ဟွန်း မလာတော့လည်း တစ်ယောက်မှ ပေါ်မလာဘူး လာပြန်တော့လည်း စုံတွဲလိုက် ကြော့လို့ မော့လို့ "

" ဟဲ ဟဲ စုံတွဲတင်မက မမကြီးတို့ လင်မယားလည်းပါတယ်ဗျ "

" အဲ ဟုတ်ပါရဲ့ "

ကားပေါ်မှ နောက်ကျဆင်းလာတဲ့ ဒေါ်မမကြီးတို့လင်မယားကို ဒေါ်ပန်းပွင့်သီ အားတက်သရော ပြုံးပြတော့ အပြန်အလှန် ပြုံးပြရင်း

" လာပါ မမကြီးတို့ရယ်၊ ဒီနေ့က သိပ်ပြီးမင်္ဂလာရှိပါတယ် သီသီအရမ်းဝမ်းသာပါတယ်ကွယ်၊ လာကြပါ ထိုင်ကြပါ "

ပိုးသားချိတ် အပြာရောင်ဝမ်းဆက်နဲ့ မမကြီးကို ဒေါ်ပန်းပွင့်သီ တွဲ၍ ဆိုဖာပေါ်နေရာချပေးလိုက်သည်။

ဒေါ်သန်းသန်းသော်နဲ့ ဦးစိုးပေါ် က တစ်တွဲ၊ ဒေါ်မမကြီးတို့ သင်မယားက တစ်တွဲ၊ နှစ်ယောက်ခုံဆိုဖာမှာ အသီးသီး စုံတွဲဝင် ထိုင်ကြသည်။

ဒေါ်မမကြီးတို့ လင်မယားနဲ့က ဒေါ်ပန်းပွင့်သီတို့ သိပ်မရင်းနှီး ပေမယ့် မျက်မှန်းတန်းမိနေကျ။

ခုလို အိမ်တိုင်ရာရောက် လာလည်တော့ ဒေါ်ပန်းပွင့်သီက





အားတက်သရောရှိလှစွာ

" ဘယ်က ဘယ်လိုသော်သော်တို့နဲ့တွေ့ပြီး တကူးတကလာ လည်တာ သီသီအရမ်းဝမ်းသာတယ် မမကြီးရယ်။ အစ်ကိုကြီးလည်း ကျန်းမာတယ်နော် "

ဒေါ်မမကြီးက ဝသလောက်လှသလို ဦးဘိုကြီးက ပိန်ပိန် ပေမယ့် တိုက်ပုံခဲရောင်ကြောင့် ခန့်ထည်နေသည်။ ဦးဘိုကြီး အားတက် သရောပြုံးကာ

" အသက်ကြီးလာတော့လည်း အခုပဲ ကျန်းမာလိုက်၊ အခုပဲ နေမကောင်းဖြစ်လိုက်ပေါ့ကွယ် "

" ဟုတ်ပါတယ် ကိုဘိုကြီးရယ်၊ ဟင်း ဟင်း သီသီဆို ပိုဆိုး သေးတာပေါ့၊ အချိန်ပြည့်ဆေးနဲ့ဆရာဝန်နဲ့ ပြတ်တယ်လို့ မရှိပါဘူး ဟင်း ဟင်း "

" ဒီလိုပါပဲ သီသီရယ်၊ သော်သော်လည်း ဘာထူးလို့လဲ "

သော်သော်ပြောတော့လည်း

" ဟုတ်ပါ့ ဟုတ်ပါ့ "

ဆိုပြီး အားလုံးပေါ့ပေါ့ပါးပါးရယ်မောကာ ညှော်ခန်း၌ ပိုပြီး သာဒဖြစ်တည် သက်ဝင်လာသည်။

ထိုစဉ် ညှော်ခန်းထဲ ရွှေဝါရောင် ပိုးပုဆိုးနဲ့ ရှင်လက်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ဖျော့ဖျော့၊ ရွှေရောင် တိုက်ပုံထပ်ဝတ်ထားတဲ့ သုတနဲ့ ဝန်းစီရောင်ပြောင်သား ဝမ်းဆက်လေးနဲ့ ယမင်းက ဝင်လာသည်။

ဒေါ်ပန်း ပွင့်သီ မျက်ဝန်းက ပိုပြီး အံ့ဩရောင် တောက်လာသည်။

" သြော် သမီးသူငယ်ချင်းတွေကို လာ လာ ထိုင်ကြ "

" ဟုတ်ကဲ့ အန်တီ "

ယမင်းက သော်သော့်ဘေးက တစ်ယောက်ထိုင်ဆိုဖာမှာ ထိုင်သလို၊ သုတက ဦးဘိုကြီးဘေးမှ ဆိုဖာလွတ်မှာ ထိုင်ပြီး

" ဒါဖေဖေနဲ့ မေမေလေ အန်တီ "

သုတ သိမ်မွေ့စွာပြုံးပြုံးလေးပြောတော့ ဒေါ်ပန်းပွင့်သီ မျက်နှာလေးပင့်တက်သွားသည်။

" သြော် ကြည့်စမ်း တိုက်တိုက်ဆိုင်ဆိုင် ဆုံကြတယ်နော် "

" ဟုတ်တယ် သီသီရယ်၊ သားပြောမှ မမကြီးလည်း သိတာ အဲဒါနဲ့ သော်သော်တို့လင်မယားကိုခေါ်ပြီး လာခဲ့ကြတာ ဟင်း ဟင်း "

ဒေါ်မမကြီးက ဟန်ဆောင်ကင်းစွာ ပြောရင်း သဘောတကျ ရယ်သလို အားလုံးလည်း ကြည်နူးစွာ ပြုံးကြပြီး

" ဟို ပန်းကော အန်တီ "

ယမင်းမေးတော့ ဒေါ်ပန်းပွင့်သီ ခုမှ သတိဝင်လာပြီး





" ဟုတ်ပါရဲ့ သမီးအပေါ်ထပ်က အခန်းထဲမှာ စာကျက်နေလေရဲ့၊ သမီးကို သွားခေါ်လိုက်ပါ ယမင်းရယ် "

ယမင်း အပေါ်ထပ်သို့ ပြေးတက်သွားတော့ သုတမျက်ဝန်းကပ်ပါသွားသည်။ ဖြစ်နိုင်ရင် ပန်းကို ကိုယ်တိုင်ခေါ်ခွင့်ရချင်တယ်။ ပန်းက ရှက်နေမလား။

" မိပုရေ ဧည့်သည်တွေအတွက် စားသောက်စရာတွေ ယူခဲ့ပါကွယ် ဟင်း ဟင်း၊ ဧည့်ခံဖို့ မေ့နေလေရဲ့ "

မိပုကိုအော်ပြောတဲ့ အန်တီ့အသံက ကြည်နူးကာ ဧည့်သည်အားလုံးကို ဖြန့်ကြည့်၍ အားနာသယောင်ဆိုသည်။

" ဒါနဲ့ ကိုနိုင် ကောသီသီရဲ့ "

" ကုမ္ပဏီသွားလေရဲ့ သော်သော်ရယ်၊ နေ့တိုင်းဆို ဒီအချိန် ပြန်ရောက်နေကျ "

" သြော် "

" ခုလည်း ပြန်ရောက်ပါပြီ သီသီရယ်၊ တိုက်ရှေ့မှာ ကားတွေ ရပ်ထားတာတွေ့လို့ ဘယ်ကဧည့်သည်တွေလဲလို့၊ ကိုစိုးတို့ ဖြစ်နေတာကိုး "

ကုမ္ပဏီကအပြန်တိုင်း မောလှသလိုဖြစ်လာတတ်တဲ့ ခင်ပွန်းသည်က ဒီနေ့တော့ ရွှင်ရွှင်လန်းလန်းလေးဆိုရင်း ဧည့်သည်တွေထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



ထဲ့သို့အနောက်တက်က ပတ်ကွေ့ကာ ကိုစိုးနဲ့ဖနီးသည်ကြား ဆိုဟာလွှ မှာ ဝင်ထိုင်ရင်း လက်ကိုင်အိတ်ကို စားပွဲပေါ်ချတင်လိုက်သည်။

" ဟုတ်တယ် ကိုနိုင်၊ ကိုနိုင်တို့လင်မယား အံ့ဩသွားအောင် အကြောင်းမကြားဘဲ လာခဲ့တာ "

" ဘယ်လိုလဲ မအံ့ဩဘူးလား "

" အံ့ဩတာပေါ့ဗျာ ဘယ်နှယ့်ပြောပါလိမ့် "

" သီသီလည်း အရမ်း အံ့ဩပြီး ဝမ်းသာမိတာ၊ ရောက် ပျော်ကင်းသလိုပဲ "

" ဟား ဟား ဟား "

" ဟင်း ဟင်း ဟင်း၊ ဖြစ်ရမယ်လေ "

လှူကြီးတစ်လိုက် အံ့ဩခြင်း၊ ဝမ်းသာခြင်းများနှင့် ပျော်ရွှင် တူးနေချိန်မှာ သုတက ရင်ခုန်သံမြန်ကာ

မိပု လာချပေးတဲ့ အအေးဖန်ခွက်ကိုပင် မျက်စိမရောက် ဘုတတောင့်တနေတာက ချစ်သူလေးကို မြင်ရဖို့ ပေဘာ။

ဖြူစွတ်ဖွတ်ကိုယ်ကျပ်ဝမ်းဆက်လေးနဲ့ ဆံပင်အလယ်ခွဲအတိုး ဖြန့်ချထားတဲ့ ပန်းက

စံ၊ ယ်ပန်းလေးလို နှမ်းရှိုက်ဖွယ်ကောင်းနေတော့၏။ ယမင်း





ယှဉ်တွဲကာ ဧည့်ခန်းထဲဝင်လာဟန် ရှက်ရိပ်လေးက ပန်းကိုပို၍လှစေသလို၊

" သမီး လာမေ့မေ့နားကို "

ဒေါ်ပန်းပွင့်သီက သမီးကို ချစ်စနိုးနဲ့ အပါးခေါ်ယူထိုင်စေသည်၊ သမီးအပေါ် ချစ်မြတ်နိုးစွာ မျက်တောင်မခတ်တမ်းကြည့်နေကြတဲ့ ဧည့် သည်အားလုံးနဲ့ ကောင်လေးမျက်ဝန်းကို စူးစမ်းခြင်းဖြင့် တစ်စုံတစ်ရာ ခံစားမိသလို ဦးအောင်မြင့်နိုင် မျက်နှာပေးတည်ငြိမ်သွား၏။

" အို ချစ်စရာလေးပါလား "

" ကြည့်စမ်းပါဦး သမီးလေးက ဖြူဖြူလေးနဲ့ လှနေလိုက်တာ၊ သမီးချောကို ဘယ်လိုဝှက်ပြီး မွေးထားတာလဲဗျာ "

ဒေါ်မမကြီးတို့လင်မယား လိုက်လိုက်လှဲလှဲပြောပြီး သုတကို ပြန်ကြည့်သလို သုတကလည်း ပီတိဖြာတဲ့မျက်ဝန်းနဲ့ ပန်းကို ငေးကြည့် ရှာတာ။

" ခြော် ကိုဘိုကြီးတို့ ပြောသလောက်လည်း မဟုတ်ပါဘူး"

" ဟင့် ဟင့် "

ဖနီးသည်က အထူအပါး ရိပ်မိသလို ရိုးရိုးရှင်းရှင်းပြောကာ သမီးဆံနွယ်လေးကို တယုတယ ပွတ်သပ်နိုင်ရှာပေမယ့် ဦးအောင်မြင့်နိုင် စိတ်မှာ ဆူဝေစပြုလာသည်။ သမီးကလည်း ရှက်စနိုးနဲ့ မျက်လွှာချနေ ရှာတာ။



www.burmeseclassic.com

www.burmeseclassic.com



" သီသီတို့ကတော့ သမီးချောကို ဖွက်ပြီးမွေးထားပေမယ့် ကံနိမ့်သူက ရှာတွေ့ပြီဆိုတော့လဲ "

သော်သော် မျက်စပစ်ပြောတော့ ဒေါ်ပန်းပွင့်သီက ဘာမှနား မလည်စွာ

" ဘာလဲ သော်သော်ရဲ့ စကားကို ရှင်းအောင်ပြောပါကွယ် "

" အဟင်း ဒီလိုပါ "

ဦးစိုးပေါ် လည်ချောင်းရှင်းကာ အတည်ငြိမ်ဆုံးပြောတော့ ဦး အောင်မြင့်နိုင်တို့လင်မယား ငြိမ်သက်ကာ နားထောင်လိုက်ရ၏။

" သူတက ကိုနိုင်ရဲ့သီသီရဲ့ သမီးလေးကို မေတ္တာရှိနေလို့တဲ့ "

" ဟင် "

ဦးအောင်မြင့်နိုင်တို့ လင်မယား အကြည့်ချင်းဆုံကာ မျက်နှာ ပေးလေး နွမ်းဖျော့စွာ သမီးကို ဖျတ်ခနဲကြည့်တော့ သမီးက ဦးခေါင်း လေးငုံ့ ငြိမ်သက်လျက်။

" အဲဒါ သမီးရှင်ဆီမှာ ဂုဏ်သိက္ခာရှိရှိ တင်တောင်းချင်ပါ တယ်"

ဦးအောင်မြင့်နိုင် မျက်နှာအိုကျသွားသည်။ ဒေါ်ပန်းပွင့်သီက ဦးခေါင်းလေး တစ်ချက်ရမ်းကာ သမီးလေးကို တယုတယ ဖက်ထားလိုက် မိသည်။





" ဟုတ်ပါတယ် ကိုအောင်မြင့်နိုင်၊ သားက မေတ္တာရှိနေတော့ ...ဘိုတို့အနေနဲ့ သမီးရှင်ကျေနပ်အောင် တင်တောင်းချင်ပါတယ်၊ အဲဒါ ...ကြောင့် ကိုစိုးပေါ်နဲ့ သော်သော်တို့ကို ပြောပြပြီး လာခဲ့တာပါ "

" ဟုတ်ပါတယ် မမကြီးသဘောက သီသီတို့ဘက်က တောင်း ...ဆိုသမျှကို လိုက်လျောပေးဖို့ အဆင်သင့်ပါပဲကွယ် "

ဒေါ်မမကြီးနဲ့ ဦးဘိုကြီးရဲ့ လိုက်လိုက်လျောလျော ပြောသံနောက် ...ာ ဒေါ်ပန်းပွင့်သီ ဟန်မဆောင်နိုင်လောက်အောင် မျက်နှာပျက်လျက်။ ...တစ်ခုခုပြောဟန်ပြင်သည်။ ခင်ပွန်းသည်က ဇနီးသည်ပခုံးပေါ် လက်တစ် ...က်တင်ဟန့်တားမြန်လို့သာပေါ့။

သီသီကတော့ တစ်ထိုင်တည်း ငြင်းပစ်ဖို့ အဆင်သင့်ပါပဲ။

သမီးလေးကို သားနဲ့လွဲရင် ဘယ်သူ့လက်ထဲမှ မထည့်ရက် ...နိုင်တာ ဒေါ်ပန်းပွင့်သီရဲ့ ကြီးမားတဲ့မေတ္တာပါ။

" သူတကလည်း ကိုစိုးတို့လက်ပေါ်မှာ ကြီးလာတဲ့ ကလေးပါ ...ဘွား၊ ဒါကြောင့် သော်သော်နဲ့တိုင်ပင်ပြီး လာခဲ့တာပါ ကိုနိုင် "

" ကိုနိုင့်သမီးကလည်း သော်သော့်သမီးလိုပါပဲ၊ သူတကလည်း ...သိမှာရေးခြားရှိနေတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖြစ်စေချင်ပါ ...တယ် သီသီရယ်နော် "

" သမီးလေးအပေါ် မေတ္တာသက်ဝင်နေတဲ့ သူတနဲ့ ကိုနိုင်တို့



www.burmeseclassic.com

www.burmeseclassic.com



လက်ခံပေးပါဗျာ ”

ဦးစိုးပေါ်နဲ့ ဒေါ်သန်းသန်းဆော် ကိုယ့်လူသူတက်သားပီပီ လှ
မပအောင်သွယ်လာတော့ ဦးအောင်မြင့်နိုင် နှုတ်ခမ်းလွှာကို စေ့ပိတ်
ကိုက်ပြီးမှ ဖနီးသည်ကို တိုင်ပင်သလို ကြည့်သည်။

ဖနီးသည်မျက်ဝန်းမှာ လက်ပြာနေတဲ့အရောင်ကို ဦးအောင်မြ
နိုင် မဖတ်တတ်ဘဲ နေပါ့မလား။

ဦးအောင်မြင့်နိုင် ကိုယ်တိုင်ကလည်း သားနဲ့သမီးကို ရည်ရွ
ပြီးသား။

သားဘက်က ရင့်သီးမှုတွေကြောင့် သားနဲ့သမီးကို ဖွင့်မပြေ
ဘဲ မြှုထားမိတာ။ ကျောင်းပြီးမှ တစ်ခါတည်း ဖွင့်ပြောပြီး မင်္ဂလာဆော
ပေးလိုက်မယ်ပေါ့။

ခုတော့။

အသက်တမျှ ချစ်ရတဲ့သမီးကို သူတစ်ပါးလက်ထဲ ထည့်
တော့မယ့်ဆုံးရှုံးမှုကိုမြင်ရစဉ် ပူလောင်လာတဲ့ရင်က မျက်နှာပြင်အ
ချွေးစများ စို့ထွက်လာစေသည်။

မျက်နှာပေါ်မှ ချွေးစကို လက်ဖဝါးနဲ့ ဖိအုပ်ပွတ်ရင်း

“ သမီး ငယ်ပါသေးတယ် ”

“ ဟုတ်တယ် သီသီ့သမီးက ကလေးလေးပါပဲကွယ် ”





ဦးအောင်မြင့်နိုင်တို့ လင်မယားအသံက အဖျားခတ်တုန်ခါ
နေသည့်သုတ မျက်နှာလေး မှိုင်းကျသွားကာ ဟန်ပင်မဆောင်နိုင်တော့။

“ ဒီလိုပါ အန်တီ၊ ပန်းကို အန်တီတို့နဲ့ခွဲဖို့မဟုတ်ပါဘူး အန်တီ
ရယ်၊ အန်တီတို့သဘောအတိုင်း ပန်းကို အန်တီတို့ ရင်ခွင်မှာပဲ ထားပါ့
မယ်ဗျာ ”

“ ဟုတ်ပါတယ် သီသီရယ်၊ သီသီနဲ့သမီး ခုလိုပဲ နေသွား
လို့ရပါတယ် ကွယ် ”

“ သမီးလေး သဘောကိုလည်း မေးပါဦးနော် ”

ဟင့်အင်း။ သမီးက မေမေ့သဘောပဲဖြစ်ရမှာပေါ့နော်၊
ဆော်သော် ကြားဝင်ဆိုစဉ် သမီးကို တစ်ချက်ငုံ့ကြည့်တော့ သမီးမျက်ဝန်း
မှာ မျက်ရည်တစ်ချို့။

သမီးက သုတကို မေတ္တာရှိနေတာလား။

“ သုတနဲ့ပန်းက ချစ်သူတွေအန်ကယ်ရဲ့ ”

“ ဟင် ”

ယမင်းဖျတ်ခနဲဆိုဟော့ ဦးအောင်မြင့်နိုင် အသက်ရှူဖို့
မေ့သွား၏။

“ သမီးနဲ့သုတက. . . ”

ဆက်မမေးရဲတော့



www.burmeseclassic.com

www.burmeseclassic.com



“ ဟုတ်ပါတယ် အန်ကယ်၊ ပန်းနဲ့ကျွန်တော် ဆွေးနွေးပြီးပြီ ပန်းလက်ခံလို့ အန်ကယ်တို့ဆီမှာ ကျွန်တော့်မိဘတွေခေါ်လာပြီး. . . ”

ဦးအောင်မြင့်နိုင် လက်ကာဟန့်တားလိုက်တော့ သုတအသံ ကြည်ကြည်လေး တန့်သွား၏။

“ သမီး ဟုတ်လား ဟင် ”

ဒေါ်ပန်းပွင့်သီ ကတုန်ကယင်မေးတော့ ပန်း ပါးပြင်ပေါ် လှိမ့်ကျလာတဲ့ မျက်ရည်စီးကြောင်းကို လက်ဖမိုးနဲ့အသာသုတ်လိုက်မိသည်။

“ ပြောပါ သမီးရယ် ”

ဦးအောင်မြင့်နိုင် အံတင်းသံကြီးနဲ့ ဝမ်းနည်းတကြီးဆိုသည်။

“ သမီးက ဖေဖေတို့သမီးအရင်းလိုပါပဲ၊ ဖေဖေတို့စိတ်ကူးယဥ်အစီအစဥ်ကိုဖျက်ပြီး သမီးစိတ်တိုင်းကျ လိုက်လျောပေးပါ့မယ် သမီးရယ် ”

ဒေါ်ပန်းပွင့်သီက လတ်မခံချင်တဲ့မျက်ဝန်းနဲ့ ခင်ပွန်းသည်ကို ကြည့်တော့

“ သမီးက ကိုနိုင်တို့ကို တစ်သက်လုံးစိတ်ချမ်းသာမှုပေးတယ်လေ၊ သမီးလေးစိတ်ချမ်းသာအောင် ကိုနိုင်တို့ အတ္တကြီးနေလို့ မရဘူးလေ သီသီရယ် ”





ဇနီးသည့် လက်ဖဝါးလေး ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အားပေးရှာသည်။

“ သမီးလေး ဆန္ဒအတိုင်း ကိုနိုင်တို့ လိုက်လျောပေးရမှာပေါ့ ”

ဇနီးသည်ခမျာ မျက်ရည်ကျရှာပြီ။ ယောက်ျားတန်မဲ့ ကိုယ်တိုင် မျက်ရည်ကျချင်သော်လည်း မာန်တင်းကာ သမီးဆန္ဒကို ဦးစားပေးဖို့ ကြိတ်မှိတ်ဆုံးဖြတ်လိုက်မိသည်။

သမီးလေး စိတ်ချမ်းသာဖို့က အဓိကလေ။

“ ပြောလေ သမီး၊ သမီး သုတကို တကယ်မေတ္တာရှိနေတာလား ”

ပန်း ဘယ်လိုဖြေရမလဲ သုတရယ်။

ကိုကို့ကြောင့် ကြေကွဲကျလာတဲ့ ပန်းမျက်ရည်တွေက သုတရဲ့ ရင်ခွင်မှာ ရပ်တန့်သွားခဲ့တာလေ။

ပန်းကို နားလည်လွန်းတဲ့ သုတချစ်ခြင်းကို ပန်းလျစ်လျူရှုရတော့လား။

“ ပန်းရယ် ပြောလိုက်ပါနော်၊ ပန်းနဲ့ မောင်. . . ”

မျှော်လင့်ကြီးစွာ ပြောရှာတဲ့ သုတရဲ့ လမ်းကြောင်းဖော်ပေးမှုကို ပန်းလျှောက်ရတော့မှာပေါ့။

ဟုတ်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကို မြင်နေရရင် ကိုကိုက စိတ်ဆင်းရဲနေတာ။

မေမေ ဖေဖေတို့ရင်ခွင်မှာ ပန်း ခိုလှုံနေတာကို ကိုကိုတင်

မကဘူး ကိုကို့ချစ်သူကပါ မလိုလားတာလေ။

ကိုကိုနဲ့ ကိုကို့ချစ်သူကို ဖေဖေနဲ့မေမေ ကြည်ကြည်ဖြူဖြူလက်

ဖို့ ပန်း ဒီတိုက်ထဲမှာ ရှိမနေဖို့လိုအပ်တယ်ဆိုတဲ့ ကိုကို့အယူအဆအတွက်

သုတရင်ခွင်ထဲ ခိုလှုံခြင်းနဲ့ ပန်းရှောင်ပေးလိုက်ရုံပေါ့။

ဟုတ်တယ်၊ ကိုကိုစိတ်ချမ်းသာဖို့ ပန်းရှောင်ပေးပါ့မယ်ကွယ်

လူကြီးသူမအားလုံးရှေ့မှာ မရှောင်နိုင်ဘဲ ပန်းနဲ့မောင်ဆိုတဲ့

လွှတ်ခနဲထွက်သွားတဲ့ သုတစကားလုံးနောက်မှာ ဦးအောင်မြင့်နိုင်

အရာရာကို သဘောပေါက်ကာ ဝမ်းမနည်းမိအောင် ကြိတ်မျိုချရင်း

" သမီးပြောလေ "

" သမီးရယ် သမီး သုတကို မေတ္တာရှိနေတာလားဟင် "

ဒေါ်ပန်းပွင့်သီနဲ့ ဦးအောင်မြင့်နိုင် စိတ်ရှုပ်ရှားစွာ မေးတော

ပန်း မျက်လုံးစုံမှိတ် ခေါင်းညိတ်လိုက်တော့၏။

အတိုင်းမသိ ဝမ်းသာကြသူများအလယ်မှာ လက်လွှတ်ဆုံး

ရတော့မယ်ဆိုတဲ့အသိက နှစ်ယောက်ထံမှ နင့်ခနဲ ဟာသွားစေသည်

" သမီးရယ် "

ဒေါ်ပန်းပွင့်သီ သမီးကို ဖက်၍ မျက်ရည်ပေါက်ပေါက်ကျ



ည်။ ဦးအောင်မြင့်နိုင်က ညှိုသည့်တွေရှေ့မှာ မျက်ရည်မကျမိအောင်

က်လွှာကို အကြိမ်ကြိမ်ပုတ်ခတ်လုပ်ရင်း ထိန်းရှာသည်။

သုတနဲ့ပန်းက လူငယ်ချင်းမေတ္တာမျှနေတာဆိုတော့လည်း

စကားလုံးတွေ ဆက်ထွက်မလာနိုင်အောင် ဝမ်းနည်းအစ်စို့နေတော့

ည်း မိဘနဲ့ထပ်တူ ပန်းမျက်ရည်ကျမိပြန်သည်။

သုတ မျက်ရည်စက ဝမ်းသာလွန်းတော့လည်း ကျသည်လေ။

" ကိုနိုင်နဲ့သီသီတို့ သားနဲ့သမီး မေတ္တာမျှတာကို လက်ခံရင်

ကြီးတို့ ဘယ်လိုဆောင်ရွက်ပေးရမလဲ၊ အားမနာပါနဲ့ ပြောပါကွယ် "

" ဟုတ်သားပဲ သီသီရဲ့၊ မမကြီးတို့ဘက်က သီသီတို့ပြောသမျှ

စေရပ့ါမယ်ကွယ် "

သော်သော်လည်း အားတက်သရော ထောက်ခံရှာသည်။

အကြည့်ချင်းဆုံတော့ လင်မယားနှစ်ယောက် ဝမ်းနည်းကာ

သက်သွားသည်။

အတန်ကြာမှ ဦးအောင်မြင့်နိုင်က

" အင်းလေ သမီးက မေတ္တာရှိနေမှတော့ ကျွန်တော်တို့

မယား ကျေကျေနပ်နပ်လက်ခံပေးပါ့မယ်ဗျာ "

ဦးအောင်မြင့်နိုင်အဆုံးမှ အားလုံးမျက်နှာပြင်ပေါ်မှာ လင်း

သို ပြုံးပြည့်သွားပေမယ့် ထိုအပြုံးတွေ ချက်ချင်းအရောင်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com





သွားသည်က

✿ ✿ ✿

" သား လက်မခံနိုင်ဘူး ဖေဖေ " တဲ့

ဆောင့်ခနဲပြေးဝင်လာတဲ့အသံကျယ်ကြောင့် အားလုံးမျက်
က ညည်းခန်းဝမှာ ဘွားခနဲပေါ်လာတဲ့ နေဖင်ယော်ကို မျက်ခုံးချည်း
ပင်။ မျက်မှောင်တွေ တွန့်ကျုံ့ကာ ဖြုန်းခနဲကြည့်ကြ၏။

သမီးကို ဆုံးရှုံးရတော့မယ်ဆိုတဲ့အသိကြောင့် ဖြစ်တည်လာ
ဝမ်းနည်းမှုက ဒေါသအဖြစ် သားအပေါ် ပုံကျသွားကာ

" မင်း ပါးစပ်ပိတ်ထားစမ်း နေဖင်ယော် "

ဖေဖေ ဝုန်းခနဲထရပ်ကာ ဟန့်တားတာကို သူ ဂရုမစိုက်
တော့။ သူ့မျက်ဝန်းမှာ ပန်းကလွဲပြီး ဘာကိုမှ မမြင်နိုင်သလို ဖြစ်လာသည်
မေမေ့ဘေးမှာ ဖွေးဖွေးစင်စင်လေးမော့ကြည့်ရှာတဲ့ ပန်းလက်မောင်း
လေးကို သူဆတ်ခနဲ ဆောင့်ဆွဲလိုက်တော့ ပန်းကိုယ်လုံးလေးက ကို
ရင်ခွင်မှာ ယိုင်ခနဲပါကာ မှေးမှီထားသလို ဖြစ်သွားတော့၏။

" သား "

အစစအရာရာ ဖွတ်တိုက်လေ့ရှိတဲ့ သားကို ဒေါ်ပန်းပွင့်
ဟန့်တားချိန်မရတော့။

" မင်း မိဘကို အရှက်ခွဲနေတာလား နေဖင်ယော် "





" မဟုတ်ဘူး ဖေဖေ "

ပန်းခမျာ ကြောက်ကြောက်ရွံ့ရွံ့ကလေးနဲ့ ကိုကို့ရင်ခွင်ထဲက
ထွက်ဖို့မေ့နေရှာသည်။

" မဟုတ်ရင်မင်းဘာလို့ ဖေဖေတို့အစီအစဉ်ကို နှောင့်ယှက်
ဘာလဲကွ "

" သား နှောင့်ယှက်တာမဟုတ်ဘူး သားခွင့်မပြုနိုင်ဘူး။ သား
လေးကို သားဘယ်သူ့လက်ထဲမှ ထည့်မပေးနိုင်ဘူး ဖေဖေ "

ဒေါ်ပန်းပွင့်သီ သိမ့်ခနဲ ရှိုက်လိုက်သလို ဦးအောင်မြင့်နိုင်ရင်
ဒုခနဲ အောင့်တက်သွား၏။ ညည်းသည်အားလုံးက ညီမအရင်းမဟုတ်
ယ့် ချစ်ရှာတဲ့ အစ်ကိုပါလားဆိုတဲ့ မျက်ဝန်းနဲ့ ကရုဏာသက်စွာ
ည့်ရှုကြသည်။

ပန်း နှုတ်ခမ်းလေးတွန့်ကာ လက်မောင်းပေါ်က ကိုကို့လက်ကို
နေလိုက်မိသည်။

ဟွန်း။

ညီမလေးတဲ့။

ဘာ အခုမှ ညီမလေးလဲ။

ပန်းကို နိုင်စက်လို့မရမှာစိုးလို့ သည်းပြနေတာ ပန်းမသိဘူး
နေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



" ပန်း "

" မခေါ်နဲ့ "

" ပန်းနော် ကိုကိုလက်ခံမနိုင်ဘူး "

" ဘာ ကိုကိုလဲ ခုမှ "

ပန်းရင်ထဲက ဝမ်းနည်းမျက်ရည်က စိုစွတ်နေတဲ့ မျက်တော စိမ်းစိမ်းများကြားမှ ဖြာကျလာသည်။

" ပန်းရယ် "

လက်လွှတ်ဆုံးရှုံးမခံနိုင်တဲ့ ခံစားချက်က ပန်း ခါးကျဉ်းကျဉ် လေးဆီ ထွေးဖက်လျက်သား ဖြစ်သွား၏။ ထိုအခါ လူကြီးတွေအား နှုတ်ခမ်းလွှာလေး ဟခနဲ။

သူတဒီအခြေအနေကို ကြည့်မနေနိုင်တော့။ ဖျတ်ခနဲရပ် ရှေ့တိုး၍ ပန်းခါးမှာ ယှက်ထွေးထားတဲ့ နေဇင်ယော် လက်နှစ် သူတဆွဲဖယ်ကာ ပန်းကို ဆွဲယူလျက်သားဖြစ်သည်နှင့် တပြိုင်နက်

" ဒီမှာ နေဇင်ယော်။ ပန်းနဲ့ကိုယ်ချစ်သူ ဖြစ်သလိုမိဘကော သဘောမျှလို့ မင်္ဂလာကိစ္စဆွေးနွေးနေတာကို မင်းဘာမှ ကြား ကန့်ကွက်ခွင့်မရှိဘူး "

" သိပ်ရှိတာပေါ့ "

" ဘာကွ "





" တော်ကြစမ်း "

လူငယ်နှစ်ယောက် ခံပြင်းရင်ဆိုင်မှုကို မကြည့်ချင်သည့် ဦးအောင်မြင့်နိုင် ဒေါသတကြီး ဟန့်တားလိုက်တော့ သူတခြေတစ်လှမ်း ဆုတ်ပေးမယ့် သူမဆုတ်။

သူတလက်ထဲရောက်နေတဲ့ ပန်းကိုဆွဲယူဟန် လက်ဆန့်တော့ ဖေဖေအပါးရောက်လာကာ သူ့လက်ကို ပုတ်ချလိုက်သည်။

" ဖေဖေ "

" မင်း ပါးစပ်ပိတ်ထားစမ်း "

" သားရယ် "

ခင်ပွန်းသည်ဟန့်တားလိုက်တော့ သားမျက်နှာနီမြန်းပွအစ်ကာ အောက်သိုးသွားတာမြင်ရတော့ ဒေါ်ပန်းပွင့်သီ အတိုင်းမသိ သနားစိတ် ဖြစ်မိပြန်၏။

" ဖေဖေတို့လူကြီးတွေ စီစဉ်တဲ့ကိစ္စမှာ သားဝင်စွက်ဖက်ခွင့် မရှိဘူး "

" ဘာလို့မရှိရမှာလဲ ဖေဖေ "

" ဘာပြောတယ်ကွ "

" ဟုတ်တယ် ဖေဖေ၊ ဖေဖေတို့စီစဉ်တဲ့ကိစ္စကသား လက်ခံနိုင် တာ အကြောင်းမဲ့မဟုတ်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဘာ "

အစွမ်းကုန်ရုစ်တိုက်မိုက်မဲဖို့ တာဆူနေတဲ့ ကိုကို့မျက်နှာကို ပန်း ကြည့်မရတော့။

ညှိုသည့်တွေရှေ့မှာ ဖေဖေ့ကို ပြန်ပက်နေတဲ့ ကိုကို့ ရိုင်းစိုင်းမှုကြောင့် ဖေဖေရှက်လည်း ရှက်သလို ဒေါသလည်း ဖြစ်ကာ လက်သီးဆုပ်လိုက်သည်။ သူကတော့ အဆုံးထိ မိုက်ဖို့ဝန်မလေး တော့။

" ဟုတ်တယ် ဖေဖေ "

" ဘာ ဟုတ်တာလဲ "

" သားနဲ့ပန်း "

" ကိုကို ဘာဖြစ်နေတာလဲ "

ပန်း သည်းမခံချင်တော့။ သူတရှေ့ကနေ ကိုကိုရှေ့တိုးကပ်ကာ အသံကုန်ရွှတ်လိုက်မိသည်။ ကိုကို မခိုးမခန့်ရယ်ကာ ပန်းကို စူးစူးရဲရဲ စိုက်ကြည့်ပြီး ——

" ကိုကိုဘာကြောင့် လက်မခံသလဲဆိုတာ ပန်းသိရမယ် "

" အိုး ပန်းဘာမှ သိစရာမလိုဘူး "

" လိုတယ် ပန်း၊ ပန်းနဲ့ကိုကို ဘယ်အခြေအနေလည်းဆိုတာ ပန်းဖုံးကွယ်ချင်လို့လား "

" ဟင် "





ပန်းနဲ့အတူ အားလုံးသော မျက်ဝန်းတွေ သို့လော သို့လော ဖြစ်ကုန်၏။

" ပြောလေ ပန်း "

ပခုံးသားကို ဆုပ်ကိုင်ထားတဲ့ ကိုကို့ လက်နှစ်ဖက်နဲ့ ကိုကို့မျက်ဝန်းကို ပန်း နားလည်လို့မရတော့။

" ပန်း ငြင်းရဲလား "

ကိုကို့အသံကြီး ဟိန်းခနဲ ထွက်လာသည်က အားလုံးသော မျက်ဝန်းတွေကို ပိုပြီးစူးလက်သွားစေ၏။

" ဘာ ဘာကိုလဲ ကိုကို "

" ဝန်း မွေ့ရာပေါ်မှာ ကိုကို့ကို အိပ်စက်ခွင့်ပေးခဲ့တာလေ"

" ဟာ "

ဟာ တက်သွားတဲ့ ပန်းနှုတ်ခမ်းလွှာက စေ့ပိတ်မရအောင် ဖြစ်သွားသလို

" ဟင် "

" အို "

ဆိုတဲ့ အာမေဋိတ်သံတွေနဲ့ ကြက်မှေသေသေသူ အံ့သြလွန်းကာ ကြောင်တောင်တောင် ရပ်ရပ်လိုက်သူ၊ ပြူးကြောင်ကြောင်ငေးကြည့်သူ များကြောင့် ညှိုခန်းတစ်ခုလုံးက တိတ်ဆိတ်ခြောက်သွေ့ကာ



www.burmeseclassic.com

www.burmeseclassic.com



" ပန်း ငြင်းရဲလား၊ ငြင်းရဲရင် ငြင်းလိုက်စမ်းပါ "

ကိုကို အသံရိုင်းချည်း ဟိန်းထွက်လာမှ အားလုံးအသိဝင်လာ ကာ ပန်းနဲ့ ကိုကိုမျက်နှာကို ခေါက်တုံ့ခေါက်ပြန် ကြည့်ရင်း

" သား သားဘာတွေ ပြောနေတာလဲ "

ဒေါ်ပန်းပွင့်သီ ထိတ်ထိတ်ပျာပျာ မေးလိုက်တော့

" ဟုတ်တယ် မေမေ၊ မေမေတို့ရိပ်မိမှာစိုးလို့ သားတို့ "

ဒေါ်ပန်းပွင့်သီ ဆက်ကြားနိုင်စွမ်းမရှိတော့တဲ့ကိုယ်က ဆိုဖာပေါ် အရုပ်ကြိုးပြတ် ကျသွားသည်။

" ပန်းနဲ့သား "

" တော် "

ဖေဖေ့ရဲ့ရှက်ဒေါသသံက မိုးကြိုးသို့ ခြိမ်းလေ၏။ မိဘအုပ်ထိန်း မှုအောက်မှာ သားအရင်းနဲ့ မွေးစားသမီးက ဒီလိုတွေဖြစ်နေသတဲ့လား

ဘုရား ဘုရား။

သမီးကို ဂုဏ်သိက္ခာရှိရှိ တောင်းရမ်းဖို့ လာသူတွေရှေ့မှာ သူတို့မျက်နှာဘယ်လိုပြရမလဲ။

" ပန်း မဟုတ်ဘူးနော် မဟုတ်ဘူးနော် "

သုတက မယုံနိုင်တဲ့စိတ်နဲ့ပန်းကို ငုံ့ကြည့်ရင်းမေးတော့ ပန်း ခမျာ မျက်ရည်ပေါက်ကြီးငယ်ကျကာ





ဖြစ်နိုင်ရင် ပန်းတစ်ကိုယ်လုံး နံရံကြားထဲ နစ်ဝင်ပျောက်ကွယ် ချင်လောက်အောင် ရှက်စိတ်တာ ဒီရေလို တက်နေတော့၏။

" နင် မငြင်းရဲဘူး မဟုတ်လား ပန်း ကိုကိုနဲ့ ပန်း "

"အဲလောက်ထိတောင် ငြိစွန်းနေရက်နဲ့ သုတကို လက်ခံလိုက် တာ ဘာသဘောလဲ ကိုနိုင် "

" ဘာလဲ ကိုနိုင့်သားနဲ့ဖြစ်ချင်ရာဖြစ်စေပြီးမှ ကိုယ့်လက်က တ် သတင်းကျွတ်ဆိုပြီး မမကြီးသားအပေါ် အပုပ်ကောင်မကို ပုံချ ချင်လို့ပေါ့ ဟုတ်လားကွယ်၊ ရင်နာစရာကောင်းလိုက်တာ "

" လာ သား သားကမြတ်နိုးတာ သူတို့က မပြောလိုက်ချင်ဘူး "

ဒေါ်မမကြီးတို့လင်မယားရဲ့ အထင်အမြင်သေးလွန်းတဲ့ မှုတွေနဲ့ ပုတ်ခတ်ကာ သုတကို လက်ဆွဲထွက်သွားစဉ် ဦးအောင်မြင့် ရှက်လွန်းကာ ဘာကိုမှ မြင်နိုင်စွမ်းမရှိအောင် မှောင်တူးသွားလေ

" ဟင်း ဟင်း သော်သော် ပြန် ပြန်ပါဦးမယ် "

" ဒီလိုတွေ ဖြစ်နေမှန်း အတွင်းရေးမသိလို့ အားတက်သရော ခဲ့တာ ခုတော့ကွာ "

ဦးစိုးပေါ်နဲ့ ဒေါ်သန်းသန်းသော် ထိပ်ပါးပုတ်ခတ်တဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတွေနဲ့ မသတီစွာ ရှောင်ထွက်သွားမှုနောက်မှာ ခြောက်တက်

တဲ့ ဦးအောင်မြင့်နိုင်ရဲ့ လက်သီးက သား မျက်နှာပေါ် အရှိန်ပြင်း

ကျရောက်သွားတော့၏။

“ မိဘကို အရှက်ခွဲကြတဲ့ သားမိုက် သမီးမိုက်၊ နင်တို့

ငါတို့အရှက်သိက္ခာအားလုံး သွားပြီကွာ သွားပြီ ”

✿ ✿ ✿ ✿ ✿



## အခန်း (၂၄)

ဘယ်နှစ်ချက်ခြောက်မှန်းမသိ ကျရောက်လာတဲ့ ဒယ်ဒီ လက်သီးချက်ကို သူမရေတွက်တော့။ အက်ကွဲလာတဲ့ မေးရိုး၊ ပါး၊ နှာခေါင်းနှင့် မျက်ခမ်း စပ်တို့မှ စီးဖြာကျလာတဲ့ သွေးတွေက တဝောက် ဝောက်

“ သိပ်ကို အောက်တန်းကျလွန်းတယ် သိပ်ရုက်ဖို့ကောင်းတယ်၊ မင်းတို့လုပ်ရပ်ကြောင့် ပတ်ဝန်းကျင်ကို ဘယ်လိုမျက်နှာပြရမလဲ၊ ခုတော့ ကွာ မင်းကို ဖေဖေခွင့်မလွှတ်နိုင်ဆုံးပဲကွာ ခွပ် ”

ဖေဖေ့ဒေါသကြီးတ်ခဲသံနောက်က ကပ်ပါလာတဲ့ အပြင်းဆုံး လက်သီးတစ်ချက်က ယာဘက်ပါးရိုးပေါ်ကျလာသည်နှင့် တစ်ပြိုင်နက် သူ့ကိုယ်သူ မထိန်းနိုင်ဖြစ်ကာ ဝုန်းခနဲလဲပြိုကျတော့၏။

“ အခု ဘယ်လိုလုပ်ကြမလဲ၊ ပြောကြစမ်း၊ နှမ်းယောက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



တောက် ငါ သတ်ပစ်ချင်တယ်ကွ ''

ရှက်လွန်းလို့ မျက်နှာကို လက်နှစ်ဖက်နဲ့အုပ်ကာ ရှိုက်ငိုနေတဲ့ ပန်းခမျာ အသံပင် မထွက်ရဲတော့။

မျက်လုံးအစုံမှ ယိုကျလာတဲ့သွေးက သူ့ဝတ်ထားတဲ့ ကော်လာပ တိရှပ်အဖြူစွတ်စွတ်ကို အနီရောင်ချင်းချင်းနီလို့။ သူမျက်ဝန်း မဖွင့်နိုင် လောက်အောင် ထုပိန်းကျဥ်စပ်လာသည်။

နှုတ်ခမ်းတစ်ဝိုက်က စီးကျလာတဲ့ သွေးတွေကို လက်ခုံနဲ့သုတ် ရင်း ဆိုဖာနောက်မှီကို ဆွဲကိုင်အားပြုထလိုက်ကာ ဘယ်တော့မှ နောင် တမရမိဖို့ အားတင်းလိုက်၏။

" သားရယ် သားတို့သိပ်မိုက်တယ်၊ သိပ်ပြီး အောက်တန်းကျ လွန်းတယ် သိပ်ပြီးအရှက်မဲ့လွန်းတယ် ''

မေမေ့ခမျာ စိတ်လှုပ်ရှားရာမှတဆင့် ဒေါသတွေ ရောပွမ်းလာ ကာ ရှက်လန့်တကြား ရွတ်သံက ပန်းရင်ကို တဆစ်ဆစ် နာမျက်လာစေ သည်။

" ဘာဖြစ်လို့ မေမေတို့ကို အသိမပေးခဲ့တာလဲ ဘာဖြစ်လို့ လူအများကြားမှာ ရှက်စရာကိစ္စကို ဖွင့်ပြောရတာလဲ သားရယ် အရ ပတ်ဝန်းကျင်က ဘာပြောကြမလဲ မေမေသိပ်ရှက်တယ်ကွယ် ၊ သမီး သမီးကို မေမေယုံကြည်ခဲ့တာ ခုတော့ ခုတော့ နှစ်ယောက် လုံးပေါင်းပြီး





မေမေတို့ကို လူတောမတိုးရဲအောင် အရှက်ခွဲရက်တယ် သမီးရယ် ''

မျက်ရည်ပေါက်ကြီးငယ်ကျရင်း ပန်းတို့နှစ်ယောက်ကို တစ်လှည့် ကြည့်၍ မချိမဆန့်ပြောနေတဲ့ မေမေ့ကို ပန်း ဘယ်လိုအဖြေပေးရမလဲ ဘင်း။

ပန်း အရှက်ခွဲတာ မဟုတ်ဘူး၊ ကိုကို ပန်းဘဝကို အညွန့်ချိုး ်တာကို မေမေတို့နားလည်အောင် ပန်းဘယ်ကစပြောပြရမလဲကွယ်။

" တောက်ကွာ စဥ်းစားမိတိုင်း အသည်းတဆတ်ဆတ် နာလာ ယ်၊ ကိုယ့်မျက်နှာကိုယ် ဓါးနဲ့လှီးဖြတ်ပစ်ချင်လောက်အောင် အရှက် တယ် နေဖင်ယော်၊ ဒီမှာ ဖေဖေတို့ရည်ရွယ်ချက်က သားနဲ့သမီးကို ကျောင်းပြီးရင် လက်ထပ်ပေးဖို့ ဖေဖေတို့သဘောထားကြီးကြီးနဲ့ ိတ်ကူးပြီးသားပါကွ၊ မင်းက သမီးအပေါ် ရင့်သီးနေလို့ ဖေဖေတို့ ကြီးရှည်ရှည်နဲ့လွှတ်ထား တာ။ မင်း စိတ်ကြိုက်ရည်စားထားတာတောင် သစ်လှူရှုပ်စခဲ့တာကွ၊ ဒီလိုတွေ ငြိနေရင် ဘာဖြစ်လို့ မင်းရည်းစားထား ဘာလဲ၊ ဘာဖြစ်လို့ သမီးအပေါ် ရင့်ရင့်သီးသီး ဆက်ဆံတာလဲ၊ ဘာဖြစ်လို့ဖေဖေ တို့ကို ဖွင့်မပြောခဲ့တာလဲ ''

ခံပြင်းဒေါသတွေကြောင့် မျက်နှာထား မာကျစ်ကျစ်နဲ့ ေ့ခွန်းတွေ တရစပ် ထုတ်နေတဲ့ ဖေဖေ့ကို သူဖြေနိုင်စွမ်းမရှိတော့။

ပန်းက သူ့ကို မီးတောက်မီးလျှံမျက်ဝန်းနဲ့ ရှုးရှုးရဲရဲကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



အံ့တင်းတင်းကြိတ်မျက်နှာလွှဲလိုက်သည်က သူ့အပေါ် အမုန်းတီးဆုံး
ကြွေးကြော်လိုက်သလို။

ပန်းရယ် ကိုကိုမှားရင်တောင် ပန်းကိုလက်လွှတ်ဆုံးရှုံးမ
လို့ဆိုတာ တစ်ဆိတ်နားလည် ပေးလှည့်ပါကွယ်။

" သမီးဘာဖြစ်လို့ သမီးကိုယ်သမီး တန်ဖိုးမထားရတာ
ဟင် "

" သားနဲ့ငြိစွန်းနေတဲ့ သိသိချည်းနဲ့ ဘာဖြစ်လို့ သုတ
လက်ခံတာလဲ ဘာဖြစ်လို့ သုတနဲ့ ချစ်သူတွေလို့ ဖေဖေတို့ကို ညာ
တာလဲ "

" ဖေဖေ့စိတ်မှာတော့ သမီးလေးစိတ်ချမ်းသာပါစေဆိုတဲ့
နာနဲ့ သုတကို လက်ခံပေးခဲ့တာ၊

ခုတော့ ဟိုသက်ကို မလွှတ်ချင်၊ ဒီက ငြိတွယ်ခံပြီး ဖေဖေ
ဘာဖြစ်လို့ အရှက်ကွဲအောင် ဖန်တီးရတာလဲ သမီးရယ် "

" သမီးကိုယ်သမီး သိသိချည်းနဲ့ သုတကို မိတ်တွေနဲ့ ဘာဖြ
လာတင်တောင်းခိုင်းရတာလဲ ဟင်၊ သမီးတို့ဖြစ်စဉ်ကို မေမေတို့တယ်
နားလည်လက်ခံပေးရမလဲ သမီးရယ် "

အရှက်တကွဲဖြစ်မှုကြောင့်ဖြစ်ပေါ်လာတဲ့ ဖေဖေမေမေ
အသံတုန်တုန်တွေက ပန်းဘဝနဲ့နှလုံးသားကို တဖျစ်ဖျစ်ထုချေနေသ





က်စေသည်။

ဖေဖေနဲ့မေမေ ပန်းကို နားလည်မှုလွဲရတာ ဘာကြောင့်လဲ။
ပန်းစိတ်ကြိုက်ရွေးချယ်မိတဲ့ သုတရှေ့မှာ မိန်းကလေး
စ်ယောက်ရဲ့ အဖိုးတန်ဂုဏ်သိက္ခာကို မွမွချေဖျက်ဆီးပစ်တာ
ကြောင့်လဲဆိုတာ ပန်းသိပါပြီ ကိုကို။

ပန်းဘဝကို ကိုကိုဒီမျှထိ အငြိုးထားစော်ကားရက်တယ်နော်။

" ပြောလေ သမီး၊ မေမေတို့ ဘယ်လိုနားလည်ပေးရမလဲဟင်
ဲ့ အရှက်တကွဲဖြစ်ပြီးမှ သားနဲ့သမီးကို မင်္ဂလာဆောင် ပေးရင်
ဝန်းကျင်က ဘယ်လိုသတ်မှတ်ကြမလဲ၊ ဖေဖေနဲ့မေမေ့ကို ရော
ကာဘယ်လို မေးငေါ့ကြမလဲ သမီးရယ်၊ မေမေ သိပ်ရှက်တယ်
ယ် ဟီး ဟီး "

ရှက်တတ်လွန်းသည့် မေမေ့ခမျာ အဖက်ဖက်ကို ခံစားရင်း
လေးတစ်ယောက်လို ချုံးပွဲချငိုကြွေးသည်ကို ပန်းမကြည့်ရက်တော့။

မေမေ ဖေဖေတို့ရဲ့ ကောက်ချက်တွေအောက်မှာ ပန်း အသက်
င့်ကာ အခန်းထဲ ပြေးဝင်ပုန်းအောင်းရင်း စိတ်ရှိလက်ရှိ ငိုကြွေး
တော့၏။

" သားဟာ ဖေဖေနဲ့မေမေအပေါ် အမြဲကျစ်တိုက်ပြီး စိတ်ဆင်း
ောင် နှိပ်စက်တာနဲ့ အားမရလို့ အရှက်ကွဲအောင် ရက်ရက်စက်စက်



www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ရက်တယ်ကွာ၊ ဖေဖေသားတို့နှစ်ယောက်စလုံးကို ချစ်လို့မရ[illegible] ဘူးဗျာ၊ မရတော့ဘူး ''

'' မေမေတို့ အရိုပ်တကြည့်ကြည့် စောင့်ကြည့်ထိန်းကျောင်း[illegible] လျက် ဒီလိုတွေဖြစ်နေကြတဲ့ သားတို့ကိုယ်ကျင့်တရားကို ဘယ်လို[illegible] အထင်ကြီးလို့ မရတော့ဘူးကွယ်၊ သွား ထွက်သွား အရှက်မရှိ[illegible] မျက်နှာတွေကို မမြင်ပါရစေနဲ့တော့ မမြင်ပါရစေနဲ့ ဟီး ဟီး ''

မေမေ့ခမျာ ပြောရင်းငိုရင်းနှင့် ရှိုရင်းခွဲနလုံးရောဂါကြော[illegible] ခွေခနဲမှိုကျသွားသည်အထိ စိတ်ထိခိုက်ရရှာလေပြီ။

'' မေမေ ''

'' မခေါ်နဲ့ မေမေ့မှာ သားလည်းမရှိဘူး၊ သမီးလည်း မရှိ[illegible] မခေါ်နဲ့ လုံးဝမခေါ်နဲ့ ဟီး ဟီး ''

သူ့ရဲ့မိုက်မဲမှုက ဖေဖေနဲ့မေမေအတွက် အဲသလောက် ထိ[illegible] စရာဖြစ်သွားစေမယ်လို့ မထင်ခဲ့ဘူး တကယ်ပါ။

'' ဟော့ကောင် နေဇင်ယော် မင်းမျက်နှာကို မမြင်ချင်[illegible] ထွက်သွား ''

ဖေဖေ့ရဲ့ထပ်ဆင့် နှင်ထုတ်သံနောက်မှာ မေမေ့အပါး သိ[illegible] မရတဲ့ သူ့ခြေလှမ်းများက မိဘအမြင်အောက်မှ ထွက်ခဲ့ရတော့သည်[illegible]

'' တိရစ္ဆာန်တွေ အသိတရားခေါင်းပါးလွန်းတဲ့ ခွေးစိတ်ခိ[illegible]





မင်းကို အောင်မြင့်နိုင်သားလို့ ပြောရမှာ ရှက်တယ်ကွ ရှက်တယ်၊ သွား ဘယ်တော့မှ ငါ့မျက်စိရှေ့မလာနဲ့ မလာနဲ့ ''

'' သမီးရယ် သမီးကို တစ်သက်လုံး ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တဲ့ မေမေတို့မေတ္တာကို ဒီနည်းနဲ့ ရက်စက်လိုက်တာလားကွယ်၊ ဘာဖြစ်လို့ အရှက်တကွဲဖြစ်စရာတွေ ဖန်တီးရတာလဲ၊ ရှက်တယ် သိသိတော့ ရှက်လို့သေလိုက်ချင်တယ် ကိုနိုင်ရယ် ဟီး ဟီး ''

မေမေ့ရဲ့ချုံးပွဲချငိုသံ၊ ဖေဖေ့ရဲ့အံတင်းဒေါသကြိတ်သံ ပန်းရဲ့ ငိုရှိုက်သံတွေအားလုံး ဟာ ပန်းဘဝကို ရက်ရက်စက်စက် စော်ကားတဲ့ ကိုကို့အတွက်ကြောင့်ပဲလေ။

ကိုကို့အတွက်ကို ပန်းမုန်းတယ် မုန်းတယ် ကိုကို။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

## အခန်း (၂၅)

" ကိုနိုင် ဘယ်လိုသဘောရလဲ ဟင် "

" ဘာကိုလည်း သီသီရယ် "

" ဘာရမလဲ သားနဲ့သမီးကိုပေါ့ "

ဦးအောင်မြင့်နိုင် မျက်နှာပြင်ကို လက်ဖဝါးနှစ်ဖက်နဲ့ အုပ်တိုင် ပွတ်သပ်ရင်း ဆိုဖာမှာထိုင်နေရာမှ စိတ်ပျက်လက်ပျက်ထကာ ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်၏။

" သီသီ့သဘောက "

" သီကတော့ ရှက်တာပဲ သိတယ် "

ပခုံးပေါ် လွှားတင်ထားတဲ့ သိုးမွေးအနွေးထည်ကို ခေါ်ပန်းမွှင့်သီ စိတ်မရှည်သလို ယူ၍ စားပွဲပေါ်ဆောင့်အောင့်ပစ်တင်ကာ မျက်ရည်မကျမိအောင် နှုတ်ခမ်းပါးလေးတင်းစေ့ပိတ်ထိန်းမိသည်။





ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်လျှိုရပ်နေတဲ့ ဦးအောင်မြင့်နိုင် သအေးတစ်ချက်ရှူကာ ဇနီးသည်ကို စာနာစွာ ငဲ့ကြည့်ရင်း

" ရှက်တာလဲ ရှက်ရတာ တစ်ကဏ္ဍပေါ့ သီသီ၊ ငြိမ်းချမ်းနေ ပြီးမှတော့ကွာ ကိုနိုင်တို့စိတ်ကူးရှိတဲ့အတိုင်း မင်္ဂလာဆောင်ပေးလိုက်ရုံ ပေါ့ "

" ပတ်ဝန်းကျင်က ဘယ်လိုမေးငေါ့ကြမလဲ ကိုနိုင်ရယ်၊ သီသီ ဘော့ အဲဒါတွေတွေးပြီး ရှက်မဆုံးဖြစ်ရပါတယ် "

" ဘယ်တတ်နိုင်မလဲ နှစ်ယောက်စလုံးဆင်ခြင်တုံတရားမရှိ ခဲ့ကြတာ ပတ်ဝန်းကျင်တစ်ခုလုံးသိနေရက်နဲ့ ဒီအတိုင်းဆက်ထားလို့ မသင့်တော်ဘဲ သီသီရယ် "

" သီသီလေ သားနဲ့သမီးကို မင်္ဂလာဆောင်ပေးရရင် သိပ် ကျော်ရှင်စရာကောင်းမှာပဲလို့ တွေးရင်းပျော်နေခဲ့မိတာ၊ ဒါပေမဲ့ ဒီလို ပြီး လူတကာမေးငေါ့ကြမယ့် ပုံစံမျိုးနဲ့ မင်္ဂလာဆောင်ပေးရလိမ့်မယ် လို့ လုံးဝထင်မှတ်မထားခဲ့ဘူး ကိုနိုင်ရယ် "

ဇနီးသည်ရဲ့ခံစားချက်ကို ထပ်တူခံစားပေးနိုင်တဲ့ ဦးအောင်မြင့် ရဲ့ စိတ်ကလည်း ထိုနည်းလည်းကောင်းပဲဖြစ်၏။

ဇနီးသည်က ရောဂါအခံရှိတော့ စိတ်ထိခိုက်မှုက ပိုဆင့်

www.burmeseclassic.com



ချောင်းကြည့်လာမှာကို စိုးရိမ်နေမိသည်။ ဦးအောင်မြင့်နိုင် ဇနီးသည်အပေါ် ထိုင်ချလိုက်သည်။ ဇနီးသည် လက်ဖဝါး ကို နှစ်သိမ့်စွာ ဆုပ်ကိုင်ရင်း

“ ဖြစ်လာတဲ့အတိုင်း ရှေ့မျက်နှာနောက်ထားပြီး အကောင်း ဆုံးဖြစ်အောင် စီစဉ်ပြီးလုပ်ကြတာပေါ့ကွာ ”

“ ကိုနိုင် လုပ်ချင်သလိုသာ လုပ်ပါတော့၊ သီသီတော့ အခါ ကျရင် တရားစခန်းသွားပြီး အေးအေးဆေးဆေး တရားအားထုတ် နေလိုက်ဖို့ စိတ်ကူးထားတယ် ”

“ ဖြစ်ရလေ သီသီရယ် ”

“ သီသီ ဘယ်သူ့နဲ့မှ မျက်နှာချင်းမဆိုင်ချင်သလို သားနဲ့သမီး ကိုလည်း မမြင်ချင်တော့ဘူး တကယ် ”

ဦးအောင်မြင့်နိုင် သက်ပြင်းအသာချကာ ဇနီးသည်ကို ချော့ ဖက်နှစ်သိမ့်ပေးရုံသာ တတ်နိုင်တော့၏။

အရည်လဲ့ပြီးကျလုလုဖြစ်နေတဲ့ ဇနီးသည်မျက်ရည်ကို ကြိုးစားသုတ်ပေးရင်း လင်မယားနှစ်ယောက် ရတက်မအေးစွာ ငြိမ်သက် နေမိ၏။ ထိုစဉ်

“ မေမေ ”

သမီးခေါ်သံတိုးတိုးလေး လိုဖ့်ဝင်လာသည့်အခါ လင်မယားနှစ် ယောက်ရင်မှာ ပို၍မွန်းကြပ်သလိုဖြစ်လာသည်။





ထိုနေ့ကတည်းက ဖေဖေနဲ့မေမေ မမြင်ချင်ခဲ့တဲ့ ပန်းမျက်နှာ ကို ဒီနေ့အထိ လှည့်မကြည့်ချင်တာဖြစ်မည်။

ရှက်တဲ့စိတ်ကြောင့် ဘာကိုမှ ရင်မဆိုင်ချင်သလို ဖြစ်နေပေမယ့် ရင်မဆိုင်ဘဲ နေလို့ရမှာမှ မဟုတ်တာ။

ပန်း တိုးညှင်းညှင်းခေါ်တော့ မေမေ့မျက်နှာက ပန်းဘက် လှည့်မလာ။ ဖေဖေက နှမ်းဖျော့ကာ စိတ်ခံစားကျနေရှာတဲ့ မေမေ့ကို တစ်ချက်ကြည့်ရင်း မေမေပခုံးပေါ်မှ လက်ကိုလျော့ချသည်။

“ ဖေဖေ ”

ပန်း ထပ်ဆင့်ခေါ်၍ မျက်လွှာချလိုက်သည်။

ဖေဖေနဲ့မေမေထိုင်နေတဲ့ ဆိုဖာရှေ့ ကတ္တီပါကော်ဇောနီပေါ် ကျုံ့ကျုံ့လေးထိုင်သည်။

“ ဖေဖေတို့ သိပ်စိတ်ထိခိုက်နေတယ် သမီး ”

“ ပန်း နားလည်ပါတယ် ဖေဖေ ”

“ သမီးနားလည်ရင် ခုချိန်မှာ ဖေဖေတို့မေမေတို့နဲ့ မျက်နှာချင်း ဆိုင်ပါနဲ့လားကွယ်၊ သမီးတို့မျက်နှာမြင်ရရင် ဖေဖေတို့ပိုပြီး ရှက်နေ ရလို့ပါ သမီးရယ် ”

ဖေဖေအံကြိတ်ပြောသံက ပန်းရင်ကို ပို၍နှမ်းဖတ်ဝမ်းနည်း စေသည်။ ပန်း မျက်ရည်မကျမိအောင် မျက်နှာထားလေးမြင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်လိုက်ရသည်။

“ သမီး တောင်းပန်ပါတယ် ဖေမေ ”

“ ဖြစ်ပြီးတာကို တောင်းပန်လို့လည်း ပကာတိအကောင်းအတိုင်း ပြန်ဖြစ်လာမှာမဟုတ်ဘူး သမီးရယ်၊ အရှက်ကွဲတာ ကွဲခဲ့ပြီ အရှက်ခွဲ လဲ ခွဲခဲ့ပြီးပြီပဲ ”

“ ရှက်တာတွေ ဘေးဖယ်ပြီး ဖေဖေတို့ လုပ်စရာရှိတာ လုပ် ဖို့ စီစဉ်နေတယ် သမီး ”

“ ဒီရက်ပိုင်းမှာ သားနဲ့သမီးကို မေမေတို့လက်ထပ်ပေး စိတ်မပူကြနဲ့ ”

ဖေဖေနဲ့မေမေရဲ့ ခံစားချက်ကင်းမဲ့တဲ့ စကားလုံးတွေကြော ပန်း အသာမော့ကြည့်မိသည်။

မိဘနှစ်ပါးမျက်ဝန်းမှာ မဖြစ်မနေလုပ်ပေးရမယ့် တာ သဘော ကြီးစိုးကာ ခြောက်သွေ့နေသည်က စိတ်မချမ်းသာစရာ ကော လှသည်။

ပြီးတော့ ပန်းတို့ကို အထင်ကြီးလို့မရတော့တဲ့ မျက်ဝန်း မသတီသလို ရှုကြည့်ခံစားနေသည်က ပန်းရဲ့ဆုံးဖြတ်ချက်ကိုပို၍ ခိုင် လာစေဖို့ တွန်းအားပေးသည်နှင့် တူတော့သည်။

“ မေမေနဲ့ဖေဖေဆီမှာ ပန်း တောင်းဆိုပါရစေ ”





ပန်း တည်ငြိမ်အောင် ထိန်းချုပ်ကာဆိုတော့ ဖေဖေ့မျက်နှာတစ် ဘက်ပင့်ကာ

“ ဘာမှမတောင်းဆိုပါနဲ့တော့ သမီးရယ်၊ သားနဲ့သမီးကို မေမေတို့အကျဉ်းရုံး လက်ထပ်ပေးမယ်။ ညှော်ခံပွဲတော့ ဖေဖေတို့ရှက် နှန်းလို့ မလုပ်ပေးနိုင်ဘူး သမီး ”

“ မဟုတ်ဘူး ဖေဖေ၊ ပန်းတောင်းဆိုမှာ အဲဒီကိစ္စမဟုတ် ဘူး ”

“ ဒါဆို ဘာတောင်းဆိုချင်တာလဲ ”

“ ပန်းကို ဖေဖေ မေမေတို့ရဲ့ အရိပ်အောက်က ထွက်သွား ခွင့်ပြုပါ ”

“ ဟင် ”

“ ဘယ်လို ”

ဒေါ်ပန်းပွင့်သီနဲ့ ဦးအောင်မြင့်နိုင်တို့ရဲ့ မျက်ဝန်းက ဝိုင်းခနဲ ကာ သမီးမျက်နှာကို ငြိုငြင်စွာစိုက်ကြည့်ကြသည်။ မျက်ရည်တို့ကြောင့် ဝင်ပူးတွဲနေတဲ့ မျက်တောင်များကြားမှ ရုတ်ချည်းပြိုကျလာတဲ့ မျက်ရည်ကို ပန်းမသုတ်ဘဲ။

“ ပန်း ဒီနေ့ပဲ မေမေတို့အရိပ်အောက်က ထွက်သွားပါရစေ ”

“ မ မဖြစ်နိုင်တာ ”



www.burmeseclassic.com

www.burmeseclassic.com



" သမီး ဆုံးဖြတ်ပြီးပါပြီ ဖေဖေ "

" ဟင့်အင်း မေမေခွင့်မပြုနိုင်ဘူး သမီး "

ပန်းကို မေမေဘယ်လောက်ချစ်လဲဆိုတာ ပန်းသိပါတယ် ဒါပေမဲ့ ပန်းဆုံးဖြတ်ချက်အတိုင်း ပန်းထွက်ခွာရမယ့်အကြောင်းက အ[illegible] အလုံရှိတယ်လေ၊ ဆိုဖာပေါ်မှ ခြေနှစ်ဖက်စုံချထိုင်နေသည့် မေမေ့[illegible] ပန်း မျက်နှာလေး မော့ကာချမိပြီး

" မေမေဘာကြောင့်ခွင့်မပြုသလဲဆိုတာ ပန်း နားလည်ပါတ[illegible] မေမေ၊ ဒါပေမဲ့ ပန်း မနေပါရစေနဲ့မေမေ၊ ပန်းကို တစ်ဆိတ်ငဲ့ညှာ[illegible] မေမေ "

" သမီးကိုမေမေစိတ်ဆိုးပေမယ့် မေမေ့ရင်ခွင်ထဲက သ[illegible] ကို ထွက်ခွင့်မပေးနိုင်ပါဘူးကွယ် "

" ဟုတ်တယ် သမီး၊ အစကတည်းက သမီးနဲ့သမီးကိုကို[illegible] ကျောင်းပြီးရင် မင်္ဂလာဆောင်ပေးဖို့ စိတ်ကူးပြီးသားပါ၊ ခုလိုဖြစ်သွား[illegible] တော့ ကျောင်းပြီးအောင် စောင့်လို့မဖြစ်တော့ဘူး ဒါကြောင့် ဒီရက်[illegible] အတွင်း စီစဉ်ပေးမယ်။ သမီး ဘယ်မှထွက်သွားစရာမလိုဘူး "

" မဟုတ်ဘူး ဖေဖေ "

ပန်း ဦးခေါင်းသွင်သွင်ရမ်းကာ ဖေဖေ့မျက်နှာလေး[illegible] မော့ကြည့်ပြီး





" သမီးထွက်သွားချင်တာ ထွက်သွားရမှာ ကိုကို့ကြောင့်ပါ"

" ဘာဖြစ်လို့ "

" သားက လက်မထပ်ဘူး ငြင်းလို့လား "

လင်မယားနှစ်ယောက်စိုးရိမ်တကြီး ဆိုရှာသည်။

" မဟုတ်ဘူး ကိုကိုပြောတာ ဖေဖေနဲ့မေမေ ယုံလားဟင်"

ငိုသံနဲ့ပြောလိုက်တဲ့သမီးကို ဒေါ်ပန်းပွင့်သီ ခေါင်းကလေးမတ်ကာ ကြည့်မိလျက်သားဖြစ်သွားသည်။ ဦးအောင်မြင့်နိုင်က ဘာကိုမှ နားမလည်သလိုနှင့်

" ဘာကိုလဲ သမီးရယ် "

" ပန်း ခုတင်မှာ ကိုကို့ကို အိပ်ခွင့်ပေးခဲ့တယ်ဆိုတာလေ"

" သမီးရယ် ပြီးခဲ့တာပြီးခဲ့ပြီပဲ "

" မဟုတ်ဘူး ဖေဖေ၊ ကိုကို့ကို ပန်းခုတင်မှာ အိပ်ခွင့်ပေးခဲ့တယ်ဆိုတာ အဲဒီညက တင့် ဟင့် "

ပန်း ရှိုက်ငိုသံလေးရောကာ

" မိုးရေတွေရွှဲပြီး ချမ်းချမ်းငေါ့နှ်တုန် သတိလစ်နေတဲ့ ကိုကို့ကို အစ်ကိုရင်းတစ်ယောက်လို ပန်းချွေးချွေးထွေးထွေး အိပ်ခွင့်ပေးခဲ့တာပါ မေမေရယ်။ သတိလစ်နေတဲ့ ကိုကို့ကို စိုးရိမ်လို့ ပန်းစောင့်ကြည့်ခဲ့တာပါ ဖေဖေရယ်၊ အများကောက်ချက်ချနိုင်သလို ဘယ်လိုစိတ်နဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်ခွင့်ပေးခဲ့တာ မဟုတ်ပါဘူး မေမေရယ်၊ ပန်းပြောတာကို ယုံ
ဖေဖေရယ် ပန်း မညာတတ်ပါဘူး။

ကိုကို့ကို ပန်းအစ်ကိုရင်းလိုချစ်တယ် လေးစားတယ်၊ ဂရုစိုက်
ခဲ့တာပါ မေမေ၊

အဲဒီဖြစ်စဉ်ကို အခွင့်အရေးယူပြီး ကိုကိုပန်းဂုဏ်သိက္ခာ
ဖျက်ဆီးပစ်ခဲ့တာ ပန်းဘယ်လိုခံစားရမလဲဟင်၊ ဘယ်လိုခံစားရမလဲ
မေမေရယ် ''

အဆက်မပြတ် ရှိုက်ငိုဝန်ခံနေတဲ့သမီးကို မိဘနှစ်ပါး ပါးစပ်
အဖွင့်သားနဲ့ ပြူးကြည့်နေရှာသည်။

'' ပန်းဘဝအနာဂတ်ကို ကိုကိုဖျက်ဆီးပစ်တာ ပန်းနားလည်
သွားပြီ မေမေ၊ ကိုကို့စိတ်ဓါတ်ကို ပန်းကောင်းကောင်းချည်းနားလည်
သွားပါပြီ၊

ပန်းကို မေမေတို့ရင်ခွင်ထဲက ထွက်ခွာဖို့အကြိမ်ကြိမ် နှင်ထုတ်
ခဲ့တာကို ပန်းက ကိုကိုစိတ်ဆိုးလို့ပါဆိုပြီး ဖော့တွေးရင်း ခိုကပ်နေခဲ့
တယ်၊

ပန်း ဒီမှာရှိနေရင် ဖေဖေ မေမေတို့ပိုင်ဆိုင်မှုတွေကို ချိုင်း
မယ်လို့လဲ မြင်ခဲ့တယ်၊ ဒါတင်မကဘူး ပန်းကြောင့်ကိုကို့ချစ်သူကို မေမေ
တို့ လက်မခံတာလို့ မြင်ခံရုံမက ကိုကို့ချစ်သူကာပါ ပန်းမေမေတို့ ရှေ့





နိုင်အောင်က ဖွဲ့ထွက်သွားရအောင် အမျိုးမျိုး တိုက်ခိုက်ခဲ့တယ်လေ၊

ပန်း မေမေနဲ့ဖေဖေကို မခွဲနိုင်လို့ ထွက်ကပ်နေခဲ့တာပါ၊ ကိုကို
ထင်သလို ဘာပိုင်ဆိုင်မှုကိုမှ မက်လို့မဟုတ်ပါဘူး မေမေရယ်၊ ကိုကို
စိတ်ချမ်းသာပါစေတော့ဆိုပြီး မေမေတို့ရင်ခွင်ထဲက ထွက်သွားဖို့ သုတ
ကို ရွေးလိုက်တာပါ မေမေရယ်၊

ပန်း မရှိတော့ရင် ကိုကိုလည်း စိတ်ကျေနပ်မှုရမယ် ကိုကို့ချစ်
သူကိုလည်း မေမေတို့လက်ခံမှာပဲလေဆိုပြီး သုတကို ပန်းရွေးဖြစ်တာပါ၊

ခုတော့ ပန်းကိုမြတ်နိုးနေတဲ့ သုတတို့ရှေ့မှာ အရှက်ခွဲပစ်လိုက်
တယ်၊ ပန်း တန်ဖိုးကို ဖျက်ဆီးပစ်ခဲ့တယ် ကိုကို့ရဲ့အတ္တကြီးကို ပန်းမခံ
စားပါရစေ မေမေ၊

ပန်းကို ထွက်သွားခွင့်ပေးပါနော် ပန်းသွားပါစေ ပန်းကို မတား
ပါနဲ့၊

ပန်းလေ ဖေဖေနဲ့မေမေ့ကျေးဇူးကို တစ်သက်လုံး မမေ့ပါဘူး''

မျက်ရည်တွေ ရှိုက်သံတွေနဲ့ ရောယှက်ကျလာတဲ့ သမီးရဲ့
စကားလုံးတွေနောက်မှာ ဒေါ်ပန်းပွင့်သီ ပြန်မပြောရက်လောက်အောင်
သမီးအပေါ် သနားမိကာ မျက်ရည်များပေါက်ခနဲ လွှင့်ကျလျက် ဦးအောင်
မြင့်နိုင်က သမီးရဲ့ကြေကွဲမှုကို မျက်တောင်ခတ်ဖို့ မေ့လောက်အောင်
စိုက်ကြည့်ရင်း ဝမ်းနည်းနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



" မေမေနဲ့ဖေဖေကို ပန်း ကန်တော့ခဲ့ပါတယ် "

လက်အုပ်ကလေး ချီ၍ ဦးကျကန်တော့နေတဲ့ သမီးဦးခေါင်းလေးကို ဒေါ်ပန်းပွင့်သီ မကိုင် ရက်လောက်အောင် မေတ္တာနှီးနှော‌ွေးကျလာစဉ်

" သမီးရယ် "

" သမီး သမီး ဘယ်မှမသွားရဘူး မသွားရဘူး "

ဒေါ်ပန်းပွင့်သီ ခံစားနိုင်စွမ်းမရှိတော့ပြီ။

တသိမ့်သိမ့်လှုပ်ခတ်နေတဲ့ နှလုံးသားက သမီးကို လက်လွှတ်ဆုံးရှုံးမခံနိုင်တော့ သမီးထွက်သွားပြီးကတည်းက ရောဂါနဲ့စိတ်ဖိစီးမှုများက ပုံကျသွားရာတဲ့ နှင်းသည်က သတိဝင်လာသည်နှင့် သွေးရူးသွေးတန်းတား မြစ်နေရှာသည်။

" သီသီရယ် "

" ကိုနိုင် သမီးကို ပြန်ခေါ်ပေးပါ၊ သမီးကို သီသီယုံပါတယ် ယုံပါတယ် သမီး၊ သမီး မသွားရဘူး သမီးသွားရင် မေမေ့ကို သတ်ပြီးသွား လှည့်ပါ သမီးရယ် "

အော်ဟစ် တောင့်တနေတဲ့ နှင်းသည်အသံက ဆေးရုံနံရံမှာ တဖြေးဖြေးမှိန်ဖျော့ပျောက်ကွယ်ကာ ငြိမ်သက်သွားတော့မှ ဦးအောင်မြင့်နိုင် သက်ပြင်းချကာ နှင်းအပါး ထိုင်နိုင်တော့သည်။





နှင်းသည်က ဆေးရုံနံရံကြောင့် အိပ်မောကျနိုင်ပေမယ့် သူ့ရင်မှာ နှင်းသည်လက်ဖျားလေးကို ကြင်နာစွာ ဆုပ်ကိုင်ကာ တစ်စိမ့်စိမ့်ကြည့်ရင်း မျက်ရည်တစ်ကြောင်း စီးကျလာတော့၏။

သမီးလေးအပေါ် ရက်စက်လိုက်တာ သားရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

" သားကို မေမေမုန်းတယ်၊ သမီးလေးကို သားသိပ်ရက်စက်တယ် မေမေ့ သမီးလေးကို အရှက်တကွဲဖြစ်အောင် လုပ်ရက်တယ် သားကို မေမေဘယ်တော့မှ ခွင့်မလွှတ်ဘူး။ ခွင့်မလွှတ်ဘူး "

မြင်သည်နှင့် သူ့ရင်ဘတ်ကို တဝုန်းဝုန်းထုကာ ကြေကွဲစွာ ပြောလာတဲ့ မေမေ့အသံက တုန်ခါလိုက်ဆူလျက်

" သားကြောင့် မေမေ့ သမီးငယ်ငယ်ကတည်းက စိတ်ဆင်းရဲခဲ့ရတယ် အခုလည်း သမီးဘဝအညွန့်ကျိုးအောင် အတွကြီးကြီးနဲ့ ရက်စက်လိုက်တယ်၊ အခု သမီးမရှိတော့ဘူး၊ သမီးမရှိတော့ဘူး၊ အဲဒါ သားကြောင့်၊ သားကို မေမေ ခွင့်မလွှတ်ဘူး လုံးဝခွင့်မလွှတ်ဘူး ခွင့်မလွှတ်ဘူး "

ဒေါသနဲ့ ကြေကွဲမှုပေါင်းစပ်ထားတဲ့ စိတ်ဖိစီးမှုနောက် နောက်





ရောဂါသည်ဖြစ်တဲ့မေမေ့ခမျာ ပုံကျသတိလစ်သွားရှာသည်။

" မင်းအမေ မသေစေချင်ရင် မင်းအမေရှေ့ မင်းမလာနဲ့ နေဖင်ယော် "

ဖေဖေကာပါ သူ့ကိုဒေါသတကြီးဟန့်တားတဲ့နောက်မှာ သူ့ရင်မှ ယူကြုံးမရဖြစ်တဲ့နောင်တတွေနဲ့ ဆူဝေလာသည်။

မေမေရယ်။

သား အဲဒီလောက်ထိ မရည်ရွယ်ခဲ့ပါဘူး။

ပန်းကို ဘယ်သူ့ရင်ခွင်ထဲမှ မထားရက်နိုင်တဲ့စိတ်ကြောင့်ပါ မေမေ၊ ပန်းဂုဏ်သိက္ခာကို ဖျက်ဆီးချင်လို့ မဟုတ်ခဲ့ရိုးအမှန်ပါ။

ဖေဖေနဲ့ မေမေ သူတကိုလက်ခံတဲ့အချိန် သားရင်မှာ ဘယ်လောက်တောင် မီးတောက်နေလဲဆိုတာ မေမေတို့မှ မမြင်တတ်ခဲ့ပဲ။

ညီမလေးကို သားနှလုံးသားက အဆုံးရှုံးမခံနိုင်လို့ပါ။

ခုတော့ သားကြောင့် ပန်းအရှက်တကွဲဖြစ်ပြီး မေမေတို့ရင်ခွင်ထဲက ထွက်သွားသတဲ့လား။

ဟင့်အင်း။

ပန်းကို မေမေတို့ပိုင်ဆိုင်ခွင့်ရဖို့ သားရဲ့အတ္တကို သားကိုယ်တိုင် ခဝါချတောင်းပန်ပါမယ်။

ပန်းခွင့်လွှတ်လက်ခံတဲ့အထိ သားတောင်းပန်ပါမယ်၊ ဖေဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံခွင်ထဲ ရောက်တဲ့အထိ သား ကြိုးစားပါ့မယ် မေမေရယ်။

သား နှလုံးသားနဲ့ရင်းပြီး ကြိုးစားပါ့မယ်။

✿ ✿ ✿

" ပန်း ညီမလေး "

ရှေ့ပိတ်ရပ်ကာ လက်တစ်ဖက်ကို ဖျတ်ခနဲဆွဲခေါ်တဲ့ ကိုကို့ကို ပန်းမျက်နှာတွန့်ခနဲမဲ့ကာ ပန်းကြည့်ပစ်လိုက်သည်။

" ဘာ ညီမလေးလဲ "

ဆုပ်ကိုင်ထားတဲ့လက်ကို ပန်းခါထုတ်သည်။

" ပန်းရယ် ကိုကိုပြောပါရစေ "

" ဘာမှ လာမပြောနဲ့ ကိုကို၊ ပန်းကို တစ်သက်လုံ အငြိုးထား ခဲ့သမျှ ဒီတစ်ချက်တည်းနဲ့ အပြတ်စော်ကားလိုက်တာ "

" မဟုတ်ဘူး ညီမလေး "

" အိုး ပန်းက ကိုကို့ညီမအရင်းမှ မဟုတ်တာ၊ လမ်းပေါ်က ကလေးကို အမြင်မတော်လို့ ကောက်ယူမွေးစားခဲ့တဲ့ မေမေတို့ရဲ့ မွေး စားသမီး အညတြမိန်းကလေးပါကိုကို "

" မဟုတ်ဘူး ညီမလေးက ကိုကို့အတွက် အဖိုးတန်ပန်းကလေး ပါကွယ် "





" အဟွန်း တစ်လောကလုံး မေးငေါ့အောင် ရက်စက်ပြီးမှ အဖိုးတန်ပန်းပါလို့ လာဟစ်ကြွေးနေတာ ကိုကို မရှက်ဘူးလား "

ပူကျစ်နေတဲ့ ပန်းစကားလုံးက သူ့နှလုံးသားကို ကျင်စက်နဲ့ ခွတ်ချည်းတိုက်သလို တစ်ကိုယ်လုံးကို တုန်ခါလွင့်ကြွသွားစေ၏။

" ဒီမှာ ကိုကို၊ ပန်းဟာ အညတြတမိန်းကလေးပါ၊ ဒါပေမဲ့ ဒုဋ်သိက္ခာကို အသက်ထက်မြတ်နိုးတဲ့ မိန်းမသား စစ်စစ်ပါ၊

ကိုကို တစ်ခွန်းဟစ်ကြွေးလိုက်တဲ့အတွက ပန်းဘဝ ဘယ်လောက်ထိ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားစေသလဲဆိုတာ သိသိချည်း နဲ့ ရက်စက်ပစ်လိုက်တာ၊ ပန်း ဘယ်လိုခံစားရမလဲ အသိတရားနဲ့ ဝေဖန်စားကြည့်စမ်းပါ ကိုကို "

သူ့ရင်အုံက လှိုင်းလုံးကြီးတွေ ရိုက်ခတ်သလို မငြိမ်မသက် ထိရိုက်နေစေသည်။ ပန်း မာနနဲ့မေးဖျားကို ဆတ်ခနဲပင့်မကာ

" ကိုကိုပြောလိုက်တဲ့စကားဟာ ပန်းနှလုံးသားကို မွမွခြေပစ် လိုက်သလိုပဲ ကိုကို ၊

ပန်းနဲ့ကိုကိုဘယ်အခြေအနေလည်းဆိုတာ ပန်းဖုံးကွယ်ချင်လို့ သား၊ ပန်းမွေ့ရာပေါ်မှာ ကိုကို့ကို အိပ်စက်ခွင့်ပေးခဲ့တာလေ၊ ပန်း ငြင်းရဲလား၊ ဘာလားနဲ့ သူများနားမခံသာအောင် အရှက်သည်း တဲ့မေးခွန်းမျိုးနဲ့ ပန်းအနာဂတ်ကို အရောင်ညစ်ဆိုးပေးလိုက်တာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ပတ်ဝန်းကျင်အမြင်မှာ ကိုကိုနဲ့ပန်းက ဘာလိုလိုနဲ့ အမိအဖ အုပ်ထိန်းမှုအောက်မှာ ရှိလျက် ဒီလိုတွေ ငြိစွန်းကြလေရဲ့ဆိုတဲ့ ခေါင်းစဉ်အောက် ပန်းဟာ အရာရာကို လက်လွှတ်ဆုံးရှုံးရပြီလေ ကိုကို။

ပန်း ဘဝအဲသလိုဖြစ်သွားအောင် ကိုကိုတစ်သက်လုံး မြဲမြဲအကွက်ချစီစဉ်တာ အဲသလိုစီရင်ဖို့ ကိုကိုပန်းအခန်းထဲ အယောင်ဆောင်ဝင်လာပြီး ဖန်တီးယူခဲ့တာလေ ”

လိမ့်ကျလာတဲ့မျက်ရည်စီးကြောင်းကို ပန်းမသုတ်ဖယ်မိ။

“ မဟုတ်ဘူး ညီမလေးရယ်၊ ကိုကို့အခန်းမှားဝင်ခဲ့မိတာ ရုတ်တရက် ကိုကိုနိုးမှ သိရတယ်၊ ညီမလေးစားပွဲပေါ်မှာ မှောက်ကျလျက် အိပ်နေတာကို မနိုးဘဲ ကိုကို့အခန်းထဲကိုကို ပြန်ပြောင်းသွားတာပါကွယ် ကိုကို အယောင်ဆောင်ပြီး ကြံစည်ခဲ့တာ မဟုတ်ဘူး ”

“ မကြံစည်ရင် ဘာဖြစ်လို့ သုတတို့ရှေ့မှာ မဟုတ်ရမ်းတရား ပြောချတာလဲ ကိုကို ”

နှလုံးသားမှ ပျို့တက်လာတဲ့ အစိုင်အခဲက လည်မျိုမှာ အဆို့ လာသည်။

“ ပန်းဘဝ တင့်တောင်းတင့်တယ်ဖြစ်မှာ ပန်းဘဝလှပနေ ပန်းဘဝ ဂုဏ်တင့်နေမှာ မလိုလားတဲ့ ကိုကို့အတ္တနောက်မှာ ပန်းဘဝ





ဖက်တွယ်ပိုင်ခွင့်မရတော့ဘူး။ ဒါကြောင့် ပန်းဘဝကို နောက်ထပ် ကိုကိုအဆိပ်ခတ်ဖို့ မကြိုးစားပါနဲ့ ”

“ ပန်းရယ်၊ ကိုကို အဲဒီရည်ရွယ်ချက်မျိုးနဲ့မဟုတ်ဘူး ကိုကို ပြောတာ ယုံပါကွာ ညီမလေး ”

သူ့ စကားဆုံးအောင် နားမထောင်တဲ့ ပန်းနောက် သူထပ်ကြပ် ကွာလိုက်ခဲ့မိသည်။

“ ပန်း စွပ်စွဲသလို မဟုတ်ရပါဘူးကွာ၊ ညီမလေးကို ကိုကို ဆုံးရှုံးမခံနိုင်လို့ ကိုကိုရက်စက်သလို ဖြစ်ခဲ့ရတာပါ။ ပန်းကို ဘယ်သူ့ ခွင်မှာ ခိုလှုံခွင့်မပေးချင်တဲ့ ခံစားချက်နဲ့သုတ အလွယ်တကူ နောက် တွဲသွားဖို့ ကိုကို မဆင်မခြင် ပြောမိတာပါ ”

“ ပန်းရယ် ”

“ ဒီမှာ ကိုကို ပန်းနောက်လိုက်မလာနဲ့နော်၊ ဒီအချိန်မှာ ယ်သူ့ကိုမှ ငဲ့ညှာထောက်ထားမှာ မဟုတ်ဘူး၊ ပန်းဘဝအတွက် ပန်း ဖြတ်ချက်နဲ့ ပန်းရှေ့လျှောက်တော့မယ် ”

ပန်း ဖျတ်ခနဲရပ်ကာ ကိုကို့ကို ခပ်စိမ်းစိမ်းစိုက်ကြည့်ပြီး

“ ကိုကို အချိန်တိုင်းနှင်ထုတ်နေတာကို ပန်းခါးမာပြီး တွယ် နေခဲ့တာ ပန်းအမှား၊ အဲဒီအမှားကြောင့် ပန်းရဲ့အပျိုစင်ဘဝ ဂုဏ် ကျိုးသွားတာ ကိုကို၊ နောက်ထပ်ဒီလိုမဖြစ်ရအောင် ပန်းက ကိုကို့နှင်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်တဲ့အတိုင်း ထွက်ခဲ့ပြီးပြီ၊ ပန်းမရှိရင် ကိုကိုတို့မိသားစု ပျော်ေ
ရွှင်ရွှင် နေလို့ရသွားပြီ ကိုကိုချစ်သူနဲ့ကိုကို ရွှေလက်တွဲပြီး နေခွင့်ရပြီေ

" အို ကိုကို ဘယ်ချစ်သူနဲ့မှ လက်တွဲနေဖို့ စိတ်မကူးခဲ့
ပန်းရယ် "

" ဟွန်း စိတ်မကူးခဲ့ဘူးတဲ့ ရယ်တောင် ရယ်ချင်တယ် "

" တကယ်ပါ ပန်းရယ် ကိုကိုမှုန်ကိုချစ်ခဲ့တာမဟုတ်ဘူး "

" ဟွန်း "

ပန်း မဲ့ရွဲ့ကြည့်ကာ တိုးရွှေ့လာတဲ့ ရင်ဘတ်ကို ဆောင့်
လိုက်၏။

" ယုံပါ ပန်းရယ်၊ ကိုကို့ရင်ခွင်ထဲမှာ ကိုကိုတကယ် မြတ်
နိုးနိုးချစ်ခဲ့တာ ပန်းကိုပါ "

" ဘာ "

ပန်း မျက်လုံးလေးပြူးကာ ကိုကို့နှုတ်ခမ်းကို ငြိမ်သ
ငေးလျက်သား ဖြစ်သွား၏။

" ကိုကိုချစ်တာ ညီမလေးကိုပါ ပန်းကိုလေ ညီမလေး
ချစ်တယ်၊ ချစ်သူလိုလည်း ချစ်ရပါတယ် ပန်းရယ် "

ပန်း ခေါင်းရမ်းကာ နားနှစ်ဖက်ကို အသေပိတ်လိုက်
" ပန်းကိုချစ်တဲ့ ကိုကို့နှလုံးသားက ဝန်ခံရမှာကို ရှ





ခဲ့တယ်။ ပန်းသိသွားမှာကို ကိုကိုစိုးရိမ်နေခဲ့မိတယ်၊ ပန်း မရိပ်မိအောင်
ကိုကိုမှုန်နဲ့ အပျော်တွဲခဲ့ပေမယ့် ကိုကို့စိတ်က မှုန့်အပေါ် ဘယ်လိုမှ
ခံစားလို့မရခဲ့ဘူး ပန်းရယ် "

ပန်းရှေ့မှာ ကိုကိုက လူကြမ်းကြီးလို နိုင်ထက်စီးနင်း ဆက်ဆံ
နေခဲ့သည်။ ပန်းနောက်ကွယ်ရောက်ရင် ကိုကို့နှလုံးသားက ဖယောင်းလို
ပျော့ပျောင်းနေခဲ့သည်။

ပန်းကို တစ်ယောက်ယောက် ချိုးချိုးဖဲ့ဖဲ့ပြော တာကို
ကိုကိုတင်းမခံနိုင်ခဲ့ဘူး၊ ပန်းဘက်က ကိုကိုရပ်တည်ခဲ့တယ် ပန်းရယ်၊

အဲဒါကြောင့် ကိုကို့ကို မှုန်အဆက်ဖြတ်ပစ်ခဲ့တာ ကိုကိုကြိတ်ပြီး
ခံမ်းသာနေခဲ့တာ ပန်းမှ မသိဘဲ "

ဟုတ်ရဲ့လား၊ ပန်းဂုဏ်သိက္ခာကို အညွှန့်ချိုးခဲ့ပြီးမှ စကားလုံး
နုတွေ တန်ဆာဆင် ခင်းကျင်းပြခဲ့ပြီး ဆွဲဆောင်နေတာလား။

ဟင့်အင်း။ ပြင်းလွန်းတဲ့ ကိုကို့အတ္တကို ပန်းရက်ရက်စက်စက်
ခံခဲ့ရပြီပဲ၊ ပန်း စိတ်ကို တင်းကာ နှုတ်ခမ်းပါးကို ကိုက်ပစ်လိုက်မိ၏။

" ဒီမှာကိုကို မိန်းမသားတစ်ယောက်ရဲ့အရှက်နဲ့ တန်ဖိုးကို
သက်တလုံးခြား ဝါဒဖြန့်ပြီး စော်ကားတတ်တဲ့ ယောကျ်ားတစ်ယောက်
ရဲ့နှလုံးသားက မြင့်မြတ်လှချည်ရဲ့လို့ ကောင်းကင်ပေါ်တက်ရပ်ပြီးလို့က
ဆော့ ပန်းလေညှင်းဆိုတဲ့ မိန်းမက ဘယ်တော့မှ သွားရည်ကျမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်း အဲဒါ ပန်းရဲ့နောက်ဆုံးစကား။

ရှေ့ဆက်ပြီး ကိုကိုပန်းရှေ့လာဖို့ မကြိုးစားနဲ့၊ လုပ်ချင်ရာလု
ပြီးမှ ဘွာခတ်တာ ကလေးတွေရဲ့အလုပ်၊

ဂုဏ်သိက္ခာတစ်ခုနဲ့ ရပ်တည်နေရတဲ့ မိန်းမသားဘဝကို အ
အဆိပ်တွေ သွန်းလောင်းပြီး ချစ်လို့ပါဆိုတဲ့ စကားလုံးနဲ့ ဘွာခတ်
အောက်တန်းကျလွန်းတဲ့ စရိုက် နားလည်လား၊ နားလည်လား ကိုက

" ပန်း "

" မပြောနဲ့ "

ပန်း ဘာကိုမှဆက်လက်နားထောင်နိုင်စွမ်းမရှိတော့။ ပန်းအ
က လျှော်တစ်ခုလို လှိုင်းခတ်တုန်ယင်သွား၏။

" ကိုကို့ကိုပန်း မုန်းတယ်၊ ရွံတယ်၊ သိရဲ့လား သိရဲ့လား

ပန်းဟစ်ကြွေးလိုက်တဲ့ နောက်ဆုံးစကားက သူ့နှလုံးသား
အပြန်ပြန်အလှန်လှန် ရိုက်ခတ်ကာ

သူ့နှလုံးသားမှာ ချစ်ခြင်းတွေ အရည်ပျော် စီးကျလာတော့

✿ ✿ ✿ ✿ ✿



## အခန်း (၂၇)

" ပန်း "

ပန်းထွက်သွားပြီဆိုတဲ့အသိကြောင့် သူလိုက်ရှာလိုက်ရတာ
ရာအနှံ၊ တွေ့မယ့်တွေ့တော့ ရေကန်နက်ထဲ တရွေ့ရွေ့သွားနေတဲ့
သူ။

သူ ဘာကိုမှ စဉ်းစားမနေတော့ ရေကန်ထဲပြေးဆင်းကာ ရင်
သောက်ထိနစ်နေပြီဖြစ်တဲ့ ပန်းကိုယ်လုံးလေးကို သူ သိုင်းဖက်လိုက်
တော့၏။

" ပန်း ရယ် ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲကွယ် "

" ဟင့်အင်း ပန်းကိုလွှတ်ပေး လွှတ်ပေးပါ သုတရယ် "

ရုန်းဆန်နေတဲ့ ပန်းကို သူမလွှတ်ရက်နိုင်၊ ပန်းကိုယ်လုံးလေး
ကို တင်းသထက်တင်းအောင် ပွေ့ဖက်ရင်း ရုန်းနေတဲ့ကြားက အတင်း



www.burmeseclassic.com

www.burmeseclassic.com



ခွဲထုတ်ခဲ့မိသည်။

" လွှတ်ပေးပါ သုတရယ်၊ ပန်းဘဝက ဘာမှတွယ်မက်စရာ မရှိတော့ဘူးလေ "

" မောင့်နှလုံးသားအတွက် ပန်းက အဖိုးမဖြတ်နိုင်တဲ့ ပန်းကလေးပါကွယ် "

" ဟင့်အင်း မန်းဘဝနဲ့ ပန်း "

" မောင် နားလည်ပါတယ် ပန်းရယ်၊ ပန်း ဒီလောက်ထိ စိတ်ဆင်းရဲခံနေစရာမလိုပါဘူး ပန်းစိတ်ကို ခဏလေး လျှော့လိုက်ပါ ပန်းရယ် နော် "

" ဟင့်အင်း ဟင့်အင်း ပန်းအရှက်ကွဲတာကို မခံစားပါရစေနဲ့ တော့ ပန်းရှက်တယ် သုတရယ် "

ခြေသလုံးနားရောက်နေတဲ့ ဂါဝန်ပန်းဖျော့လေးက ရေစိုခဲ့လို့ ကိုယ်မှာကပ်နေသည်က ပန်းရဲ့ကိုယ်လုံးအလှကို ထင်းခနဲပန်းချီ ရေးသူမလေးလို ငေးစွယ်ဖြစ်နေတဲ့ ပန်းကိုယ်လုံးအိစ္စလေးကို ကလေး တစ်ယောက်လို တယုတယပွေ့ချီရင်း ရေကန်ပေါ်မှ အုတ်ခုံလေးပေါ် ကာ။

" ပန်းရယ် ပန်းကိုမောင်ယုံတယ်၊ ဘာအကြောင်းကြောင့်မှ ပန်းကို မောင်မငြိုငြင်ရက်ဘူးကွယ် "





" ဟင့် ဟင့် ပန်း သိပ်ရှက်တာပဲသိတယ် သုတရယ်၊ ပန်းလေ ဘယ်သူနဲ့မှ မျက်နှာချင်းဆိုင်ဖို့ သတ္တိမရှိဘူး၊ ကိုကို့အတွက် ပန်းဘဝ တစ်ခုလုံးကို စွန့်ထင်သွားပြီလေ ဟီး ဟီး "

ရှိုက်ရာမှ ပြောရင်း ဟီးခနဲငိုချလိုက်တဲ့ ပန်းကို ဂရုဏာပျော် စွာ ထွေးပွေ့လိုက်တော့ ပန်းကိုယ်လုံးလေးက သူ့ရင်ခွင်ဆီ အိခနဲ ကျလာသည်။

" ပန်း ဘယ်လိုမျက်နှာပြောင်တိုက်မှုမျိုးနဲ့ ရင်ဆိုင်ရမလဲ ရယ် "

ပြည့်ဖူးနေတဲ့ နှုတ်ခမ်းလွှာလေးက တစ်ဆက်ဆက် ဖုန်ခါကာ ချက်တွေ သွန်ချနေတဲ့ ပန်းကို လက်တစ်ဖက်နဲ့ပွေ့ကာ ကျန် တစ်ဖက်နဲ့ ဆံနွယ်စိုစိုလေးကို သူ့ရင်ခုန်သံက ကြင်နာစွာ တို့ထိ နစ်သိမ့်ပေးမိ၏။

" ပန်းဘဝမှာ အမိအဖ အသိုင်းအဝိုင်းမရှိဘူး၊ ဂုဏ်ပကာ လည်း မရှိဘူး၊ အခုတစ်ခါ မိန်းကလေးတစ်ယောက်ရဲ့ အရှက်သိက္ခာ အောင် ဖြစ်သွားရပြီဆိုတော့ ပန်း ပန်းဘယ်လိုအသိတရားနဲ့ တောင့် မလဲ သုတရယ် ဟင့် ဟင့် "

" ပန်းရယ် "

ဘာမှ တွယ်မက်စရာမရှိတဲ့ မိန်းကလေးဘဝမှာ အရှက်နဲ့သိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးမဲ့အောင် ဇော်ကားခြင်းခံရတော့ ယူကြုံးမရ ဝမ်းနည်းကြေကွဲ
မယ်ဆိုတာ သုတနားလည်ပေးနိုင်ပါတယ် ပန်းရယ်။

" ပန်းခံစားချက်ကို မောင်မျှဝေခံစားပေးနိုင်ပါတယ်ကွယ်
ပန်းဘဝကို နေဖင်ယော်အတွက်မိုး ဘယ်လောက်ပဲရွာသွန်းပါစေ မော
ရင်ခွင်နဲ့ ပန်းဘဝကို ဆီးကာပေးမှာပါကွယ် "

ဝမ်းမနည်းပါနဲ့ ပန်းရယ်၊ ပန်းကို မောင်အတိုင်းအဆမဲ့ မြ
နိုးရပါတယ်ကွယ်။

" ဒါပေမဲ့ ပန်းဘဝက ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြား
အညွှန့်ချိုးခံလိုက်ရပြီလေ "

" ပန်း နားလည်မှုလွဲနေပြီကွယ်၊ မိန်းကလေးတစ်ယောက်
ဂုဏ်ညွှန့်ကျိုးပေမယ့် အဲဒီ မိန်းကလေးရဲ့ရင်ခွင်မှာ စစ်မှန်တဲ့ အ
တရားရှိနေတာက ပိုပြီးအဖိုးတန်ပါတယ် ပန်းရယ်၊ ပိုပြီးအဖိုးထိုက်
ပါတယ်ကွယ် "

ရေစိုကြောင့် အေးခဲနေတဲ့ ပန်းကိုယ်လုံးလေးက သုတရင်
ကြောင့် နွေးရသလို ပန်းအသိတရားနွေးဖြာလာစေတဲ့ စကားလုံးနု
က သုတမျက်နှာချောကို အားကိုးတကြီး မော့ကြည့်မိစေသည်။

" မောင် ပြောတာ ပန်းခံစားလို့ရလား ဟင် "

ပန်း မေးဖျားလေးကို လက်ချောင်းဖျားလေးနဲ့ ပင့်ကိုင်





ပန်းနှုတ်ခမ်းစိုစိုလေးကို မြတ်နိုးစွာ စိုက်ကြည့်နေစဉ် ပန်းမျက်နှာလေး
ချကာ သုတ ပခုံးပေါ် အားကိုးတကြီး မျက်နှာလေးမှေးလိုက်၏။

" ပန်းကို မောင်သိပ်ချစ်တယ် ပန်းရယ်၊ ဒါကြောင့် ပန်းကို
မောင် မြတ်မြတ်နိုးနိုးလက်ထပ်ဖို့ ဆုံးဖြတ်ထားတာကို ဘယ်တော့မှ
ဖျက်ပစ်မှာ မဟုတ်ပါဘူးကွယ် "

" သုတ မိဘက "

" ခုချိန်မှာ မေမေတို့ပန်းကို အထင်သေးလို့ ခါးခါးသီးသီး
ငြင်းနေဆဲပါကွယ် ဒါပေမဲ့ ပန်းဘက်က မောင်ရှိနှင့်တယ် အားမငယ်
ပါနဲ့ကွယ် "

" ဟုတ်တယ် ပန်းရဲ့ "

ယမင်းအသံလေး တိုးဝင်လာတော့ ပန်း ဦးခေါင်းလေး ထောင်
ကြည့်မိသည်။ ယမင်းက ပန်းကို နားလည်မှုရှိတဲ့ မျက်လုံးနဲ့ကြည့်ကာ
ပန်းဘေးမှာ ဝင်ထိုင်၍ ပန်းလက်ဖဝါးလေးကို တယုတယဆုပ်ကိုင်သည်။

" ပန်းအတွက် သုတက ရာသက်ပန် ချစ်မြတ်နိုးနေမယ့်သူပါ
ပန်းဘဝ မှိန်ဖို့ အသင့်တော်ဆုံးပါကွယ် ပန်းကို ဘယ်မှာမှ ရှာမတွေ့
လို့ သုတမျက်နှာက ဇီးရွက်လောက်ပဲ ကျန်တော့တာ၊ ပန်းကိုတွေ့မှ
သာ "

ကြည်နူးပြုံးလေးနဲ့ လင်းလက်စွာ ပြောင်းလဲနေတဲ့ သုတ

www.burmeseclassic.com



မျက်နှာ ချောချောက ပိုပြီးလှနေသလို နားသယ်စပ်မှ ဖြာဆင်းလာတဲ့ ရိုတ်သင်ပြီး ပြန်ထွက်လာတဲ့ မွေးညှင်းဝုတ်တိုလေးတွေ စိမ်းဖြာနေသည်က ပန်းရဲ့ သောကရင်ကို အေးချမ်းစေသလို။

" ခုလောလောဆယ် ပန်း ယမင်းနားမှာ နေရမယ်နော် လာ ယမင်းနဲ့လိုက်ခဲ့ "

ပန်းလက်ကို ယမင်းဆွဲခေါ်လာသည်။ သုတရင်ခွင်မှ ဖယ်ထွက်တော့ သုတက ပန်းလက်တစ်ဖက်ကို မလွှတ်သေး။ ယမင်းက ဘာကို နားလည်သွားသည်မသိ။

" ယမင်း ကားပေါ်က စောင့်နေမယ်နော် "တဲ့။

ယမင်း ထထွက်သွားတော့ သုတက ပန်းပခုံးလေးကို လက်ချောင်းဖွဖွတင် ဖျစ်ကိုင်၍ ပန်းမျက်နှာ ရှောင်လွှဲမရအောင် ကြည့်သည်။

" မောင်တို့ လက်ထပ်ကြရအောင်နော် "

ပန်း ဘာကိုမှ မစဉ်းစားချင်တော့။ ပန်း မျက်လွှာချ လိုက်သည်က ခေါင်းညိတ်လက်ခံလိုက်သည်နှင့် တူနေတော့၏။

" မောင် အရမ်းဝမ်းသာတာပဲ ပန်းရယ် "

သုတရဲ့ ရင်ခုန်ကြည်နူးသံက ပန်းပါးပြင်လေးကို ရှက်ရေးရေး လေး ဖြတ်သွားစေသည်။

" ပန်း မောင့်ကိုချစ်တာပေါ့ ဟုတ်လား ပန်းရယ် "





ပန်းရင်မှာ တစ်စုံတစ်ခုနဲ့ ဆောင့်တိုးခံရသလို ဖရိုဖရဲဖြစ်ကာ ပန်းမျက်နှာပေးလေး ညှိုးရောင်သန်းလာသည်။

" ပြောလေ ပန်းရဲ့၊ မရှက်ပါနဲ့ကွယ်၊ ပန်း မောင့်ကို ချစ်လို့ ပေါ့နော် "

ကိုကိုရင်ဖွင့်စဉ်ကလို ပန်းနှလုံးသားကို လှုပ်ရှားမှုမဖြစ်စေ တာ သုတကို ပန်းခံစားလို့မရလို့လားကွယ်

" မောင့်ကို ချစ်တယ်မဟုတ်လား "

ပခုံးပေါ်က သုတလက်ချောင်းလေးကို ပန်းဆွဲယူဆုပ်ကိုင်ကာ သက်မလေးအသာချသည်။ မျှော်လင့်ကြီးစွာ ငံ့လင့်နေတဲ့ သုတရင်ခုန် မျက်ဝန်းကို ဖျော့ဖျော့လေးကြည့်သည်။

" သုတရယ် ပန်းလေ အချစ်ဆိုတာထက် ပန်းဘဝအပြစ် ကင်းစင်ဖို့ပဲ ခုချိန်မှာ ရွေးချယ်ချင်မိတယ် ကွယ် "

" ပန်း မောင့်ကိုမချစ်လို့လား "

" ပန်း လက်ထပ်မှာပါ ကွယ် "

" အချစ် မရှိရင် "

သုတ နှုတ်ခမ်းလွှာလေးကို လက်ညှိုးနဲ့ကန့်လန့်ဖြတ်ပိတ်ကာ

" ပန်းနှလုံးသားကို ပန်း ပြန်ဆန်းစစ်ချင်ပါတယ် ပန်းကို အချိန်နည်းနည်းပေးပါနော် "



www.burmeseclassic.com

www.burmeseclassic.com



ဟန် မဆောင်တတ်တဲ့ပန်းက ပွင့်လင်းစွာ တောင်းဆိုတော့လည်း

"ပန်း သဘောပါကွယ် မောင်တို့နှစ်ယောက် လက်ထပ်ခြင်းက ချစ်ခြင်းနဲ့အတူ ကြည်နူးရင်ခုန်ခြင်းတွေနဲ့ အစပျိုးချင်လို့ပါ၊ ပန်းရယ်၊ ပန်းနှလုံးသားအဖြေကို မောင် မက်မောစွာ ပိုင်ဆိုင်ချင်တယ် ပန်းအဖြေပေးတဲ့နေ့မှာ မောင်တို့ရင်ခုန်စွာ မင်္ဂလာဆောင်ကြတာပေါ့"

ပန်း ဦးခေါင်းလေး ညိတ်ရှာသည်။

ပန်း အဖြေပေးမယ့်ရက်က သုတနှလုံးသားကို အချစ်မိုးပွင့်တွေ ရွာသွန်းစေမယ့် ရင်ခုန်စရာနေ့လေးပေါ့ကွယ်

ပန်းရယ်။

မောင့်ကို ဘယ်လိုအဖြေမျိုးပေးမှာလဲကွယ်။

✿ ✿ ✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၂၈)

" ပန်း "

ကိုကို့အတွက်က ပန်းဘဝအနာဂတ်ကို အညွန့်ချိုးသလိုမျိုး ဖြစ်ခဲ့တဲ့အတွက် ကိုကို့နှလုံးသားအတိုင်းမသိ ထိခိုက်ကြေကွဲရပါတယ်။

ကိုကို့နှလုံးသားမှာ လှို့ဝှက်ဖြစ်တည်နေတဲ့ ကိုကို့ချစ်ခြင်းက ပန်းဘဝအဖိုးတန်ဂုဏ်ညွန့်ကျိုးစေခဲ့တဲ့အတွက် ကိုကိုယူကြုံးမရ ကြေကွဲရပါတယ်။

ကိုကို့ကြောင့် အရှက်တကွဲဖြစ်ခဲ့ရတဲ့ ပန်းဂုဏ်သိက္ခာကို ပြန်ဆယ်ခွင့်ရဖို့ ကိုကိုလေ သုတမိဘလက်ခံအောင် ဝန်ခံရှင်းပြခဲ့ပါတယ် ပန်းရယ် ကိုကို့ကြောင့် ပန်းရွေးချယ်ထားတဲ့ ဘဝလှပစေရပါမယ်ကွယ်။

ကိုကို့အတွက်ကို ကိုကိုသတ္တိရှိရှိ ဝန်ခံခဲ့လို့ ခုဆိုရင် သုတမိဘက ပန်းကို လက်ခံပြီတဲ့။ ပန်း ဝမ်းသာပါတော့နော်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းဘဝ အနာဂတ်လှပသင့်တော်စေဖို့ ကိုကိုနှလုံးသားနဲ့ရှင်းပြီး ဖြေရှင်းပေးခဲ့ပါပြီ။ ပန်းကို ကိုကိုချစ်တဲ့အချစ်က ပန်းဆီက ချစ်ခြင်းကို မတောင်းခံရဲတော့ပါဘူးကွယ်၊ ပန်းနဲ့သုတတို့ မင်္ဂလာပွဲအတွက် ကိုကို့ချစ်ခြင်းကို လက်ဖွဲ့လိုက်ပါတယ်။

နက်ဖြန်မှာ သုတကို ပန်းပေးမယ့်အဖြေကို ကိုကိုနောက်ထပ် အတွက်တွေ မသုတ်လိမ်းတော့ပါဘူး ပန်းရယ်။

သုတကို ပန်းစိတ်ကြိုက်အဖြေပေးပါနော်။

ကိုကို ကျူးလွန်ခဲ့မိတဲ့အတွက်အတွက် ပန်းနဲ့ကိုကို မျက်နှာချင်း ဆိုင်ဖို့ သတ္တိမရှိလို့ စာရေးပို့လိုက်တာပါ။

သုတကို ပန်းနှလုံးသားက စစ်ထုတ်တဲ့အဖြေကို လွတ်လပ်စွာ ပေးပါနော်၊ ကိုကိုလေ ပန်းပျော်နေရင်း ကိုကိုပါပျော်သလို ခံစားပေးမယ်။

ကိုကိုက ကိုကိုချစ်တဲ့မိန်းကလေးကို ရင့်သီးမှုတွေနဲ့ ထိုးနှက်ပြီး အတွက်အမှောင်တွေလွှမ်းခဲ့လို့ ကံကြမ္မာက ကိုကို့ကို ဒဏ်ခတ်တာပဲ ကျေကျေနပ်နပ်ချည်း နှစ်သိမ့်ခံစားပါ့မယ်ကွယ်။

ပန်းကို ချစ်သူတစ်ယောက်လို ချစ်ခွင့်မရတဲ့ ကံကြမ္မာအတွက် မှာ ညီမလေးလို ချစ်ပါစေ။

ပန်းက ကိုကိုတို့မိသားစုအတွက် အထူးသဖြင့် မေမေ့အတွက်





မရှိမဖြစ် လိုအပ်တဲ့ သမီးလိမ္မာလေးပါကွယ်။

မေမေ့ကို ပန်းနားလည်ရင် ပန်းနဲ့သုတ မင်္ဂလာဆောင်ပြီးရင် ကိုကိုတို့ တိုက်မှာပဲ လာနေပါ။

ကိုကိုက ပန်းတို့နဲ့မျက်နှာချင်းမဆိုင်ဝံ့လို့ ပန်းတို့နဲ့အဝေးဆုံး မှာနေပေးပါ့မယ်။

ပန်းကိုချစ်တဲ့

ကိုကို

မဖတ်ဘူးလို့ တင်းထားပေမယ့် ဖတ်မိတော့ ပန်းရင်မှာ တလှိုက်လှိုက် ဝမ်းနည်းသည်။ ဖေဖေနဲ့မေမေကို ပန်းမခွဲနိုင်ပါဘူး ကိုကိုရယ်။

ပန်းဆုံးဖြတ်ချက်နဲ့ ပန်းထွက်ခဲ့လို့ မေမေစိတ်ထိခိုက်ပြီး ဆေးရုံတင်ရတဲ့အထိဖြစ်ခဲ့တာလေ။

ဖေဖေက ကိုကို့ကို နှင်ထုတ်ပစ်ခဲ့တာ။

နှင်ထုတ်ခံရတဲ့ကိုကိုက ပန်းကိုစိတ်မနာတဲ့အပြင် သုတမိဘ တွေရှေ့ သွားပြီးဖြေရှင်းချက်ပေးခဲ့တာတဲ့။

" ပန်းကို မေမေတို့ လက်ခံလိုက်ပြီပန်းရယ်။ နေဖင်ယော်ရဲ့ မိုက်မဲတဲ့အချက်ကို မေမေတို့နားလည်သွားအောင် နေဖင်ယော်ကိုယ်တိုင် မေမေတို့ရှေ့ ဝန်ခံတာလေ။ မောင်တော့ အရမ်းဝမ်းသာတာပဲသိလား မောင့်မိဘက ပန်းဖေဖေနဲ့မေမေဆီသွားပြီး မင်္ဂလာကိစ္စဆွေး နွေးဖို့



www.burmeseclassic.com

www.burmeseclassic.com



အနိတ်ဘိသော်သော်တို့ တိုင်ပင်နေပြီ ပန်းရယ် ”

သုတ အားရဝမ်းသာ ပြောလာတဲ့စကားလုံးတွေက ပန်းနှလုံးသားကို မွှန်းကြပ်သလို ဖြစ်နေစေတာ ဘာကြောင့်လဲကွယ်၊ ဆေးရုံက ဆင်းပြီးခါစ မေမေက ပန်းကို ထွေးပွေ့ကာ ဝမ်းနည်းဝမ်းသာ ငိုရှိုက်ရှိုင်း

“ သမီး စိတ်ချမ်းသာအောင် မေမေတို့စီစဉ်ပေးပါ့မယ် သမီးရယ်၊ သားရဲ့မိုက်မဲမှုအတွက် သမီးလေး စိတ်ဆင်းရဲခဲ့သမျှကို မေမေ မကြည့်ရက်နိုင်ဘူးကွယ် ဒါကြောင့် သုတမိဘလိုလိုလားလား ကမ်းလှမ်းမှုကို မေမေလက်ခံလိုက်ပြီ သမီးရဲ့ ”

“ ဟုတ်တယ် သမီး၊ သုတနဲ့သမီး ဘယ်နေ့မင်္ဂလာဆောင်မလဲ ဖေဖေတို့နှစ်ဖက်မိဘက အကောင်းဆုံးဖြစ်အောင် စီစဉ်ဖို့သဘောတူ ကြပြီလေ ”

သားဖြစ်သူရဲ့နှလုံးသားကိုစွတ်ပြီး ပန်းရဲ့စိတ်ကြိုက်ရွေးချယ်မှုကို အလေးထားကြတဲ့ ဖေဖေနဲ့မေမေရဲ့အတ္တက ပန်းအပေါ်ကြီးမား လွှမ်းလှသည်။

သားရင်းကိုနှင်ထုတ်ပြီး မွေးစားသမီးဖြစ်တဲ့ ပန်းကို အဲသလောက် အခွင့်အရေးပေးတဲ့ ဖေဖေ၊ မေမေတို့ ချစ်ခြင်းက ပန်းဘဝ ရဲ့ စစ်မှန်တဲ့အလင်းတန်းလေးပါကွယ်။

“ ဖေဖေတို့က ကျောသားရင်သား မခွဲခြားဘူး သမီး၊ သားရင်း ဖြစ်ပေမယ့် အတ္တအမှောင်ဖုံးနေတဲ့ သားဘက်က ဖေဖေတို့မရပ်တည်ဘူး



ဘာကြောင့်လဲဆိုတာ သမီးနားလည်ပါကွယ်၊ ဖမေတို့မိဘတွေရဲ့မေတ္တာကို ထောက်ထားတဲ့ သားကို ဖေဖေတို့ ဝှဲထောက်ဖို့မရှိဘူး ဒါကြောင့်သုတကို သမီးနှလုံးသားက ရွေးချယ်ဖို့ ခံစားလို့ရရင် လွတ်လွတ်လပ်လပ် အဖြေပေးလိုက်ပါတော့ သမီးရယ်နော် ”

“ မေမေက သားကို စွန့်ပစ်နိုင်တယ် သမီးရယ်၊ သမီးကို ဘုံဝမစွန့်လွှတ်နိုင်ဘူးကွယ်၊ သုတကို သမီးချစ်နေတယ်ဆိုရင် ချစ်တယ် ဆိုအဖြေပေးလိုက်ပါကွယ် နော် သမီး ”

ပန်းဘက်က မေတ္တာကြီးမားစွာ ဖိအားပေးလာတဲ့ မေမေ ဖေဖေတို့ စေတနာက ပန်းရင်ကို တသိမ့်သိမ့် လှုပ်ခါတုန်ခါစေသည်။

“ သုတကို မနက်ဖြန် အဖြေပေးမှာဆို နက်ဖြန်အထိ စောင့် နေပါနဲ့ဟယ်၊ မြန်မြန်သာအဖြေပေးလိုက်ပါတော့၊ ပန်း ယောက္ခမ လောင်းက ပန်းဆိုတဲ့ ချွေးမအလိမ္မာလေးကို အမြန်ပိုင်ဆိုင်ချင်ပြီတဲ့ ဘက်မရဲ့ ”

ယမင်းက တစ်မျိုးတိုက်တွန်းကာ ဖိအားပေးဆိုလာပြန်သည်။ ဘာကြောင့်မှန်းမသိ ပန်းနှလုံးသားက တလှိုက်လှိုက် ဝမ်းနည်းလာကာ ဘယ်သူမှ မမြင်အောင် စပယ်ရုံနောက်မှာ ခိုရင်း ကြေကွဲစွာ ငိုရှိုက်နေ တော့သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



သုတကိုချစ်တယ်လို့ ပန်းနှလုံးသားကို ပန်းပြန်ဆန်းစ

အချိန်မှာ

ပန်းအာရုံမှာ ကိုကို့ပုံရိပ်က တဝဲလည်လည်ဖြစ်နေရ

ဘာကြောင့်လဲကွယ် ပန်းကို ပန်းမရိပ်မိအောင် မယောင်မလည်နိုးကြ

တတ်တဲ့ ကိုကို့မျက်ဝန်းကို ပန်းခံစားတတ်ခဲ့တာ ဘာကြောင့်လဲ

ကိုကို့ဗိုင်ယာရီမှာ ညှပ်ထားတဲ့ စပယ်ကုံးခြောက်လေးတွေ

ပန်း ရနံ့ခုန်သံကို စေ့ဆော်သလို ပန်းရင်ခုန်ရတာကရော ဘာဖြစ်လို့

ထိုစဉ်က ပန်းမမြင်အောင် စပယ်ကုံးပန်းကို နှစ်နှစ်ခြိုက်ခြိုက်

နမ်းမွှေးလိုက်တာက ကိုကို့ချစ်ခြင်းရဲ့တစ်စွန်းတစ်စလားကွယ်။

" ဒီမှာမှုန် ပန်းဟာမှုန့်ထက် အဖိုးတန်တဲ့ ပန်းလုလုတ

ပါ။ မှုန် ဒီထက်ပုတ်ခတ်လာရင် နေလုံးဝခွင့်လွှတ်မှာမဟုတ်ဘူး "

တစ်ခါက ချစ်သူချင်းစိတ်ကောက်ရန်ဖြစ်ရင်း ပန်းကိုချ

ဖွဲ့ဖွဲ့ပြောလာတဲ့မှုန်ကို ကိုကိုရင့်ရင့်သီးသီး ပိတ်ပြောပစ်ခြင်းနဲ့ ပ

ဂုဏ်တင်တန်ဖိုးထားခဲ့တာ ကြားယောင်ရင်း ကိုကို့ရင်ခုန်သံကို ပန်း

တတ်သလို ဖြစ်လာခဲ့တာလေ။

ကိုကို ပန်းကိုချစ်လို့ပါ ပန်းရယ်၊ ပန်းကို ဘယ်သူ့ရင်

နှိုလုံ့ခွင့်မပေးနိုင်လို့ ကိုကို့ချစ်ခြင်းက အတ္တအဖြစ် ပြောင်းလဲခဲ့တာ

ပန်းရယ်၊





ကိုကို ပန်းကို မြတ်မြတ်နိုးနိုးချစ်မိတာ ယုံစမ်းပါပန်းရယ်၊

ကြည့်ပေးပါနော်

ပန်းကို ရင်ခွင်ထဲထွေးပွေ့ရင်း ရင်ဖွင့်လာတဲ့ ကိုကို့နှလုံးသား

ကြောင့် ပန်း နှလုံးသားမှာ အချစ်ခံစားမှုလှိုင်းလေး ဖြတ်ကြွလာခဲ့သည်။

ထိုစဉ် ပန်းမာနနဲ့ တင်းခံခဲ့ပေမယ့်

ခုချိန်မှ ကိုကို့ရင်ခွင့်ကို ပန်းတောင့်တမိခဲ့ပြီ ကိုကို။

ကိုကို့ရင်ခွင်ထဲ ပြေးဝင်ပြီး ကိုကို့အချစ်တွေကို ရင်ခုန်စွာ

ားချင်ခဲ့တဲ့ စိတ်က ခုချိန်မှာ အဆမတန် ထိုးထွက်လာခဲ့တာက

တကို အဖြေပေးဖို့ အသေချာဆုံးနှလုံးသားအဖြေ ပေါ်ထွက်လာခဲ့သလို

ဟုတ်တယ်။

သုတကို ပန်းအဖြေပေးဖို့ အဆင်သင့် ဖြစ်နေပါပြီ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ပန်းနှလုံးသားက ချစ်ခြင်းကို အတိုင်းအဆမဲ့ မျှော်လင့်နေတဲ့ သူတပုံရိပ်လေးက ပေါ့ပါးလန်းဆန်းမက်မောဖွယ် ခြသေ့ပျို့လေးလို

ပန်း လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ သူတရင်အုံပေါ် ထွဲတင် ရင်း တောက်ရှန်းတဲ့ချစ်မျက်ဝန်းနဲ့

" ပန်း "

ရင်ခုန်သံအိုင်နေတဲ့ အသံလေးလှိုမ့်ထွက်လာတော့ ပန်းတာ မပျက် မျက်လွှာလေးပင့်ကြည့်မိသည်။

" မောင့်ကို ချစ်တယ်နော် ပန်း။ ပန်း မောင့်ကိုချစ်တာ နော် ဟုတ်လား ပန်း "

အနိုင်အမာယူဆပြီး စိတ်လှုပ်ရှားစွာမေးလာတော့ ပန်းရင်ခု သံ တလှိုမ့်လှိုမ့်ကြွလာကာ





" ပန်း ကိုကို့ကိုပဲ ချစ်တယ် "

" ဟင် "

သူတမျက်ဝန်းက အချစ်ကြောင့်ကြည်ရွှန်းနေရာမှ ပြာကာ မှောင်ရိပ်လွှမ်းလျက်။

ဆုပ်ကိုင်ထားမိတဲ့ လက်ချောင်းနွေးနွေးလေးကို အလန့်တကြား လွှတ်ချလိုက်မိသည်။

" ဟုတ်တယ် ပန်း ကိုကို့ကိုပဲ ချစ်တယ်၊ ပန်းကို ခွင့်လွှတ်ပါ သူတရယ် ပန်းလေ "

ပန်းချစ်ခြင်းတွေက တာရိုးကျိုးသလို ဒလဟောစီးဖြာလာစဉ် သူဟာနှလုံးသားက တဖြေးဖြေးနှင့် လေနှင်ရာလွင့်တဲ့ ရွက်ခြောက်လို။

အချစ်တွေ တိုးကြွလာတဲ့ နှလုံးသားကို ပန်းထိန်းချုပ်နိုင်စွမ်း မရှိတော့ဘူး ကိုကို။

ပန်းအာရုံမှာ

ပန်းဟာ ကိုကိုမြတ်နိုးစွာနမ်းရှိုက်ခဲ့တဲ့ စပယ်ကုံးလေးအဖြစ် ပြောင်းလဲသွားပါပြီ။

ရွှန်းစိုနေတဲ့ ကိုကို့နှုတ်ခမ်းလွှာလေးက စပယ်ကုံးလေးကို တိုးကပ်နမ်းရှိုက်လာတဲ့အခါ

ပန်း ပါးပြင်နုနုလေးက စပယ်ပွင့်လေးလို နူးညံ့ ငြိမ့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုအနမ်းဆုးဆုးလေးကို မိန်းမူးစွာခံစားပြီလေ။

ထိုစဉ်

လွှင့်မျောလာတဲ့ ဧပယ်ရန့်တွေနောက်မှာ

နွေးဖိုတဲ့ရင်ခွင်တစ်ခုရဲ့ ဆွဲငင်ခြင်းကို ပန်းယိုင်ခနဲ ပျော်ဝင်သွား၏။ ရင်ခုန်ခြင်းဖြင့် ပန်းဖျတ်ခနဲမော့ကြည့်မိတော့

ပန်းနုလုံးသားက ပြန့်ကြဲလာတဲ့ စာလုံးလေးက

" ဟင် ကိုကို "တဲ့။

ရင်ခုန်သံက လေပြေညှင်းရဲ့ မွှေးရှိုက်မှုမှာ အနမ်းလွှင်ပြင်ဖြစ်လို့

" ကိုကို့ကို ပန်း ချစ်ပါတယ် "

အားလုံးအတွက်

နတ်သမီး

စိုးမိုးစာပေ

BURMESE CLASSIC .com

www.burmeseclassic.com